# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ စနေနေ့ အတွဲ [၅၄]၊ အမှတ် [၂၀၀]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆွစ်ဇာလန်နိုင်ငံထူထောင်သည့်နေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁

၂၀၁၅ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျရောက်သည့် ဆွစ်ဇာလန်နိုင်ငံ ထူထောင်သည့်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွစ်ဇာလန်နိုင်ငံသမ္မတ မဒမ် ဆီမွန်နတ်တာ ဆိုမာရူဂါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

(ကြေညာချက်အမှတ် ၁/၂၀၁၅)

၁၃၇၇ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်

(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ မြန်မာနိုင်ငံတစ်ဝန်းလုံး ဇွန်၊ ဇူလိုင်လများအတွင်း မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ ယင်းသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှုပမာဏကြီးမားပြီး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေးဆောင်ရွက်ရာတွင် အခက်အခဲရှိမည့် အောက်ပါဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ(၁၁)အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာလိုက်သည်-

(က) ချင်းပြည်နယ်

(ခ) စစ်ကိုင်းတိုင်းဒေသကြီး

(ဂ) မကွေးတိုင်းဒေသကြီး

(ဃ) ရခိုင်ပြည်နယ်

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၃၁

နိုင်ငံတော်သမ္မတရုံးမှ ကြေညာချက်အမှတ် ၁/၂၀၁၅ ဖြင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ (၁၁) အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

အလားတူရေကြီးရေလျှံမှုများနှင့် သဘာဝဘေးကျရောက်နေသော ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ဒေသများတွင်လည်း အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ဦးဆောင်၍ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များဖြစ်သော ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပွင့်ဖြူမြို့နယ် မြို့ပေါ်နှင့် ကျေးရွာများတွင် ကယ်ဆယ်ပြောင်းရွှေ့ရေးလုပ်ငန်းများဆောင်ရွက်

မင်းဘူး ဇူလိုင် ၃၁

ပွင့်ဖြူမြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားရာ ကယ်ဆယ်ရေးလုပ်ငန်းများကို ပိုက်စိပ်တိုက်ဆောင်ရွက်လျက်ရှိသည်။ မြို့ပေါ်ရပ်ကွက်နှင့် ဘေးပတ်ဝန်းကျင်ရှိရွာများ၌ လက်ကျန်အိမ်ထောင်စုများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး မြို့ပေါ်၌ လက်ကျန်အိမ်ထောင်စုများမရှိတော့ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာများ၌ ရေကြီးမှုကြောင့် အိမ်ထောင်စုများအား ရေဘေးကင်းလွတ်ရာသို့ လှေများဖြင့် ပြောင်းရွှေ့ပေးစဉ်။




ယနေ့ မာတိကာ

သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီထောက်ပံ့ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေပါတယ် စာမျက်နှာ-၆

ကလေးမြို့ ရေဘေးကယ်ဆယ်ရေး တပ်မတော်လေယာဉ်ကို အကူအညီတောင်းထား စာမျက်နှာ-၁၁





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရေဘေးကယ်ဆယ်ရေးဝိုင်းဝန်းကူညီ

မြန်မာနိုင်ငံသည် သဘာဝဘေးအဖြစ်များသောနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ သဘာဝဘေးဖြစ်လျှင် လူနှင့် သက်ရှိသတ္တဝါများ၊ အိုးအိမ်များ၊ စက်ရုံ၊ အလုပ်ရုံ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လမ်းတံတား၊ ဆေးရုံ၊ စာသင်ကျောင်း အစရှိသည့် အခြေခံအဆောက်အအုံများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်သဘာဝပတ်ဝန်းကျင်တို့ကို သေကျေထိခိုက်ပျက်စီးမှုများ ဖြစ်စေပါသည်။ ဤသို့သဘာဝဘေးကြောင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုများသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအဟန့်အတား ဖြစ်စေပါသည်။ သဘာဝဘေးဆိုသည်မှာ မဖြစ်စေရန် တားဆီး၍မရသော်လည်း ဖြစ်လာလျှင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရေးအတွက် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကိုသဘာဝဘေးမကျရောက်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါသည်။

လွန်ခဲ့သည့်ရက်များအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီးနောက် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်သော မုန်တိုင်းကြောင့် မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။

သဘာဝဘေးအန္တရာယ်များကိုမဖြစ်ပွားမီကြိုတင်ပြင်ဆင်ခြင်းနှင့်ဖြစ်ပွားနေချိန်၊ ဖြစ်ပွားပြီးနောက် အန္တရာယ်များမကျရောက်အောင်ပြင်ဆင်ခြင်းဟူ၍ နှစ်ပိုင်းရှိပါသည်။ ထိုအပိုင်းနှစ်ပိုင်းစလုံးကို ဟန်ချက် ညီညီလုပ်ကိုင်ဆောင်ရွက်နိုင်မှသာ ဘေးအန္တရာယ်ကြောင့်ထိခိုက်ပျက်စီးဆုံးရှုံးမှုလျော့နည်းမည်ဖြစ်ပါသည်။ ရေဘေးအန္တရာယ်ဖြစ်ပွားနိုင်သည့်ဒေသများ၌ကြိုတင်သရုပ်ပြလေ့ကျင့်မှုကိုအရှိန်အဟုန် မြှင့်တင်ဆောင်ရွက် သွားသင့်ပါသည်။ ရေဘေးအန္တရာယ်ဖြစ်ပွားနေချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကိုအချိန်မီဆောင်ရွက်နိုင်ရန်နှင့် အစားအစာ၊ ဆေးဝါးနှင့် နေထိုင်စရာနေရာထိုင်ခင်းများအမြန်ဆုံး စီစဉ်ဆောင်ရွက်သင့်ပါသည်။ အထူးသဖြင့် ရေကြီးမှုဖြစ်ပွားရာဒေသများ၌ ထပ်မံဖြစ်ပွားနိုင်သည့် အန္တရာယ်မှာမြေပြိုမှုဖြစ်ပါသည်။ သတိပြု ဆောင်ရွက်ရန် လိုအပ်ပါသည်။

ထို့အပြင်ရေကြီးမှုဖြစ်ပွားရာဒေသများ၌ထပ်မံ၍ ရေကြီးမှုအန္တရာယ် မဖြစ်ပွားစေရန် အနီးပတ်ဝန်းကျင် ရှိဆည်တာမံများ၊ မြစ်ချောင်းများတစ်ဖက်ဆည်ကန်ကြီး ကန်ငယ်များ ကျိုးပေါက်မှုမရှိအောင် ဆည်မြောင်းဦးစီးဌာနမှတာဝန်ရှိသူများက ရေကင်းများချကာ အမြဲမပြတ်စောင့်ကြပ်ကြည့်ရှုဆောင်ရွက်နေကြောင်းသိရပါသည်။ စိုးရိမ်ရေမှတ်ရောက်နေသော ဆည်တာမံများတွင်ကြံ့ခိုင်မှုရှိစေရန် ရေပိုလွှဲများမှရေများ ထိန်းညှိလွှတ်ပေးလျက်ရှိပါသည်။ ဒေသခံပြည်သူများအနေဖြင့်ကောလာဟလများကို မယုံကြည်ကြရန်အထူးပင်အရေးကြီးပါသည်။

သို့ဖြစ်၍ရေဘေးအန္တရာယ်ဖြစ်ပွားရာ ဒေသများ၌ နိုင်ငံတော်ကကယ်ဆယ်ရေးပစ္စည်းများပေးပို့ ဆောင်ရွက်နေသကဲ့သို့ မြို့နယ်၊ ရပ်ကွက်ကျေးရွာတာဝန်ရှိသူများအနေဖြင့်လည်း လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ ကြက်ခြေနီ၊ မီးသတ်အစရှိသဖြင့်အဖွဲ့အစည်းများ ပူးပေါင်းကာ ရေဘေးကယ်ဆယ်ရေးဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။    Established in 1914

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# ငဝန်တာတမံ၌ ရေဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ငါးသိုင်းချောင်း ဇူလိုင် ၃၁



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်တာတမံ အမှတ် (၂) ရေကင်းစခန်း ဗောဓိကုန်း၌ ဆည်မြောင်းဦးစီးဌာနမှ မြို့နယ်အဆင့် ငဝန်တာတမံကာကွယ်စောင့်ရှောက်ရေးနှင့် ရေဘေးအန္တရာယ်ကျရောက်လာပါက ကူညီနိုင်ရန် ရေဘေးအန္တရာယ်ကာကွယ်စောင့်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင် ၃၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ငါးသိုင်းချောင်းမြို့ ဆည်မြောင်းဦးစီးအရာရှိ ဦးဝင်းမော်က တာတမံများတွင် တာထိပ်ရေကျော်ခြင်း၊ ကမ်းပြိုခြင်း၊ ရေစိမ့်ခြင်းများ ဖြစ်ပေါ်လာပါက ရေဘေးကာကွယ်ရေး အချိန်မီဆောင်ရွက်နိုင်ရန်အတွက် သတိပြုရန်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေဘေးကာကွယ်ရန်အတွက် အဆင့်ဆင့်လက်တွေ့သရုပ်ပြခြင်းများကို ငါးသိုင်းချောင်းမြို့ ရာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ငါးသိုင်းချောင်းမြို့မှ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများကို ဆည်မြောင်းဝန်ထမ်းများက လက်တွေ့သရုပ်ပြသခဲ့သည်။ ရေကြည်မြို့နယ် ငဝန်တာတမံ မိုင် ၂၂ မိုင်ရှိပြီး ပန်းတာ ၁၁ ခု၊ ရေကင်း ငါးကင်းရှိကြောင်း သိရပြီး အရေးပေါ်ဖြစ်လာပါက နီးစပ်ရာ ဆည်မြောင်းဦးစီးဌာနသို့ အလျင်အမြန် သတင်းပို့ရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**




# ဆောချောင်းရေကြီးမြင့်လာ ချက်ချင်းပြောင်းရွှေ့ပေးနိုင်ရန် စီစဉ်ထား

ဆော ဇူလိုင် ၃၁

ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းလျက်ရှိရာ ဆောမြို့အတွင်း ဖြတ်သန်းစီးဆင်းသည့် ဆောချောင်းရေ မြင့်တက်လာကြောင်း သိရသည်။ ဇူလိုင် ၃၀ ရက်က သီရိရပ်ကွက် အနိမ့်ပိုင်းရှိ လူနေအိမ်အချို့တွင် ရေဝင်ရောက်မည့် အခြေအနေရှိလာပါက ချက်ချင်းပြောင်းရွှေ့နိုင်ရေး သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး၊ ကာကွယ်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့က စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် ဆောမြို့နှင့် ခွင်းချောင်းရွာကို ဆက်သွယ်ထားသည့် အရှည် ပေ ၃၀၀ ရှိ ခွင်းချောင်း လူကူးတံတားမှာ ပေ ၁၀၀ ခန့် ပျက်စီးမျောပါသွားသဖြင့် ဆက်သွယ်သွားလာနိုင်ရေး သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၀၁)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း    ၃၁-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၈ |
| ဥရောပ | တစ်ယူရို | ၁၃၇၃.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၄.၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၀ |
| တရုတ် | တစ်ယွမ် | ၁၉၉.၃၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၄.၅၉ |

ခင်ရတနာ-စုစည်းသည်။

# နေပြည်တော် ဝါဆိုလပြည့်နေ့ စည်ကားများပြား

**နေပြည်တော် ဇူလိုင် ၃၁**

**“သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ နတ်မြွက်သုံးချိုလဝါဆို”** ဆိုသည့်အတိုင်း ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဂေါတမမြတ်စွာ ဘုရားရှင်ပဋိသန္ဓေယူတော်မူသောလ၊ တောထွက်တော်မူသောလ၊ ဓမ္မစကြာတရားဦးဟောတော်မူသောလ ဤနေ့ထူးနေ့မြတ်ဂုဏ်သုံးထပ်နှင့် ပြည့်စုံပေသည်။

ထို့ပြင် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့အဖြစ် သတ်မှတ်ကာဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ရဟန်းခံခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများကို ကပ်လှူပူဇော်ခြင်း၊ တရားဘာဝနာ ပွားများကျင့်ကြံအားထုတ်ခြင်း၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလ ဆောက်တည်ခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပြီး လမြတ်ဝါဆိုကာလ၌ ဒါနရွှေအိုးမြုပ်နှံခြင်းကုသိုလ်မင်္ဂလာကို ပြုကြပေသည်။

ယနေ့သည် ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့ဖြစ်သည်နှင့်အညီ အများပြည်သူရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်၍ နေပြည်တော်ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဝါဆိုသင်္ကန်းနှင့်ဝါဆိုပန်းများ ကပ်လှူပူဇော်သူ၊ တရားဘာဝနာပွားများ ကျင့်ကြံအားထုတ်သူ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝါဆိုရွှေကြာသင်္ကန်းကို အခမ်းအနားဖြင့် ကပ်လှူပူဇော်ခဲ့ရာ နေပြည်တော်နှင့်ပတ်ဝန်းကျင်မြို့နယ် ကျေးရွာများမှ ဘုရားဖူးလာပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။



အလားတူ နေပြည်တော်ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် “ဖွား၊ ပွင့်၊ ဟော၊ စံ” သံဝေဇနိယ လေးဌာန၊ ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုဇယစေတီတော်နှင့်အဆိုပါစေတီ ပုရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတို့တွင်လည်း နေပြည်တော်နှင့်ပတ်ဝန်းကျင်မြို့နယ် ကျေးရွာများမှ ဘုရားဖူးလာပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် များပြားလျက်ရှိသည်။

ထို့အတူ ပျဉ်းမနားမြို့ရှိ ကိုးခန်းကြီးဘုရားနှင့် လောကမာရဇိန်စေတီတော်မြတ်ကြီးတို့၌လည်း နံနက်ပိုင်းက ဝါဆိုရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ပွဲ အခမ်းအနားများကျင်းပခဲ့ကြောင်းနှင့်အနယ်နယ်အရပ်ရပ်မှဘုရားဖူးလာပြည်သူများ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ဆီမီး ၉၀၀၀ ထွန်းညှိ ပူဇော်ပွဲများ ကျင်းပခဲ့ရာ ဘုရားဖူး ပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

**(သတင်းစဉ်)**



# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တမအကြိမ် ဝါဆိုရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တမအကြိမ် ဝါဆိုရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့် တပ်ရင်း တပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစိုးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်ဦးသန်းဌေးနှင့်ဗိုလ်မှူးကြီးမြင့်အောင်သန်းတို့က စေတီတော် လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာရုပ်ပွားဆင်းတုတော်လေးဆူနှင့် စေတီတော်အရှေ့မြောက်ထောင့်ရှိ မဟာဆုတောင်းပြည့် ဘုရားကြီးတို့အား ဝါဆိုရွှေကြာ သင်္ကန်းတော်နှင့် မြသပိတ်တော်ဖြင့် ဆွမ်း၊ သစ်သီး၊ ပန်းမန်တို့ကို ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဧည့်ပရိသတ်များက ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ သာဓုအနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ဖြင့် ထွန်းညှိပူဇော်ကြသည်။

**(သတင်းစဉ်)**

# လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၁**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဇူလိုင် ၃၀ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀၁ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၆၀၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၀၆ ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂ ဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ၃၀ ရက်အထိ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၁ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၈၉ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ၃၁၆ ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်း သားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်း ၂၈ ဦး စုစုပေါင်း ၆၀၄ ဦး ရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၃၂ ပါတီနှင့် တစ်သီးပုဂ္ဂလ ၃၁ ဦးတို့မှ အမည် စာရင်းတင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ အမည်စာရင်းတင်သွင်းမှု အသေးစိတ်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဓမ္မစကြာတရားတော်မြတ် စုပေါင်းရွတ်ဖတ်ပူဇော်

**ဗန်းမော် ဇူလိုင် ၃၁**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဗန်းမော်ခရိုင် ဗုဒ္ဓဘာသာလူငယ်အဖွဲ့၏ (၁၆)ကြိမ်မြောက် ဓမ္မစကြာတရားတော်မြတ်စုပေါင်းရွတ်ဖတ်ပူဇော်ပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက မဟာသိမ်တော်ကြီး ဘုရားဓမ္မာရုံ၌ကျင်းပရာ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဘဒ္ဒန္တပညိန္ဒာလင်္ကာရထံမှ ရှစ်ပါးသီလခံယူတည်ဆောက်ပြီး ဓမ္မစကြာအခါတော်နေ့ဆိုင်ရာ ဓမ္မဒေသနာတော်မြတ်ကို နာယူကြသည်။ ဆက်လက်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၁၇ ရွာမှ ဗုဒ္ဓဘာသာ လူငယ်မောင်မယ်များက ဓမ္မစကြာတရား(ပါဠိတော်များ)နှင့်ဓမ္မစကြာ ရှစ်လုံးဘွဲ့+ အမေးအဖြေများ စုပေါင်းရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

# ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန် ပဒေသာကပွဲကျင်းပ





**ရန်ကုန် ဇူလိုင် ၃၁**

ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များစုပေါင်း၍ ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန် အလှူငွေပွဲတော် ပဒေသာကပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ Myanmar Event Park ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများနှင့် ဥက္ကဋ္ဌဦးလူမင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး ဥက္ကဋ္ဌဦးတင်ဦးလေးနှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးတို့မှတာဝန်ရှိသူများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်ချစ်မြတ်နိုးသူပရိသတ်များလာရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များက ဘုရားကန်တော့ခန်း၊ အပျိုတော်ကြီးအက၊ ကရဏာရင်ခွင်ထဲကို လာကြဟော့ စုပေါင်းသီချင်း၊ မြန်မာမှုတေးသံသာများ၊ ရောင်ကြီးဗွေအက၊ ခေတ်ပေါ်တေးသီချင်းများ၊ တစ်လိမ်နှစ်လိမ်ဟာသ တစ်ခန်းရပ်၊ ချစ်သောတနင်္ဂနွေ ဟာသပြဇာတ်နှင့် ကရုဏာရင်ခွင် နှစ်ပါးသွားအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါဖျော်ဖြေပွဲမှ ရရှိသောအလှူငွေများကို ရေဘေးသင့်ပြည်သူများအား ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဓမ္မစကြာအခါတော်နေ့တွင် ရန်ကုန်မြို့ရှိ ဘုရားပုထိုး၊ စေတီများ၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား

ရန်ကုန်  ဇူလိုင်  ၃၁

**ယနေ့သည် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည်။ ဗုဒ္ဓမြတ်ဘုရားရှင်သည် ဝါဆိုလပြည့် ညဦးယံတွင် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူသည့် နေ့ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ထူးမြတ်သည့် အခါတော်နေ့တစ်နေ့ဖြစ်သည်။ သို့ဖြစ်ရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ဘုရားပုထိုးစေတီများ၌ ဘုရားဖူးပြည်သူများ၊ ဥပုသ်သီတင်းသီလ စောင့်တည်ကြသူများနှင့် ကုသိုလ်ကောင်းမှုပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။**

ရန်ကုန်မြို့၏ တန်ခိုးကြီးဘုရားစေတီတစ်ဆူဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ယနေ့ နံနက် ၅ နာရီမှစတင်ကာ ဝါဆိုလပြည့်နေ့ ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းသူ အသင်းသားများနှင့် ဘုရားဖူးလာ ဒါယကာ ဒါယိကာမများက ရင်ပြင်တော်တောင်ဘက် ဒါယကာ တန်ဆောင်း၌ ဆွမ်းတော်ကြီးတင်လှူပူဇော်ပြီး ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ကျင်းပသည်။

ထို့နောက် ဝါဆိုရွှေကြာသင်္ကန်း လှည့်လည်ပူဇော်ပွဲကို ရွှေဟောင်းဗုဒ္ဓ ရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရင်ပြင်တော်တစ်ပတ်လှည့်လည်ပူဇော်ပြီး စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဝါဆိုရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြကာ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သီဟိုဠ်ဦးကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ပရိတ်တရားတော်များနာယူပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ကမ္မဋ္ဌာနစရိယ၊ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာ ဘိဝံသထံမှ ရေစက်ချ တရားနာယူကြသည်။ အခမ်းအနားပြီးတွင် ရွှေတိဂုံစေတီတော်ဝတ်အသင်းအဖွဲ့များက ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ တန်ဆောင်းများ၌ ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ထို့အတူ သီရိမင်္ဂလာကမ္ဘာအေးစေတီ၌ ယနေ့ နံနက် ၅ နာရီခွဲမှစတင်ကာ အရုဏ်ဆွမ်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကာ မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်း၌ ဝတ်အသင်း ၂၁ သင်းမှ အသင်းသား အသင်းသူများက ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။



ဓမ္မစကြာအခါတော်နေ့၌ ရွှေတိဂုံဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။  ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မရမ်းကုန်းမြို့နယ် မင်းဓမ္မကုန်းမြေရှိ ဝရဒါဋ္ဌဓာတုစေတိယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်) တွင်လည်း (၁၈)ကြိမ်မြောက်ဓမ္မစကြာအခါတော်နေ့နှင့် (၉)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို ကျင်းပသည်။

အလားတူ ရန်ကုန်မြို့ရှိ ဗိုလ်တထောင်စေတီ၊ လောကချမ်းသာ အဘယလာဘမုနိ ကျောက်တော်ကြီးဘုရား၊ ဆူးလေစေတီ၊ ရွှေဘုန်းပွင့်စေတီ၊ မဟာဝိဇယစေတီ၊ ကိုးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ငါးထပ်ကြီးဘုရား၊ မယ်လမုစေတီ၊ ကျိုက္ကလို့ ကျိုက္ကလဲ့ဘုရားနှင့် မြို့နယ်အသီးသီးရှိ ဘုရားစေတီများ၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများကို ကျင်းပကြသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် ဓမ္မစကြာအခါတော်နေ့တွင် ဘုရားစေတီများသို့ လာရောက်ကြသည့် ဘုရားဖူးဒါယကာ ဒါယိကာမများအား အလှူရှင်များက အချိုရည်များ တိုက်ကျွေးခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်းများဖြင့် အလှူဒါနပြုလုပ်ကြပြီး မြို့နယ်ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများ၌လည်း ဥပုသ်သီတင်း သီလစောင့်တည်ခြင်း၊ ဝါဆိုသင်္ကန်းများ ကပ်လှူခြင်းနှင့် အလှူအတန်းပြုသူများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**



## ဥပုသ်သီတင်း ဆောက်တည်

**ဝါဆိုလပြည့်နေ့က အမြို့မြို့ အနယ်နယ်ရှိ ဘုရားပုထိုးစေတီများတွင် ဘုရားဖူးလာပရိသတ်များဖြင့် စည်ကားများပြားလျက်ရှိရာ စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား၌ ဥပုသ်သီတင်း ဆောက်တည်သူများ များပြားလျက်ရှိသည်ကို တွေ့ရစဉ်။**

တင်ဝင်းလေး(ကြည့်မြင်တိုင်)



**ဇူလိုင် ၃၁ ရက် (မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပြည်ကြီးမဏ္ဍိုင်လမ်းမကြီးပေါ်ရှိ သီရိဂန္ဓမာသပြေအေး မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၌ ဝါဆိုအထူးတရားစခန်းပွဲအဖြစ် ကျင်းပလျက်ရှိရာ မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းအတွင်း တရားရှုမှတ်နေကြသော နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို တွေ့ရစဉ်။**  ကိုပေါက်(ဥက္ကာမြေ)

# မန္တလေးမြို့၌ ဓမ္မစကြာအခါတော်နေ့တွင် ကုသိုလ်ပြုကြသူများဖြင့်စည်ကား

**မန္တလေး  ဇူလိုင်  ၃၁**

ယနေ့သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့ဖြစ်သည်။ မန္တလေးမြို့ပေါ်နှင့် အနီးဝန်းကျင်ရှိ တန်ခိုးကြီးဘုရား ပုထိုးစေတီတော်များတွင် ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် ယနေ့ နံနက် အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်းကပ်လှူပူဇော်ပွဲ၊ ရှင်ပြုအလှူတော်စသည့် ကုသိုလ်ကောင်းမှုတို့ကို အေးချမ်းပျော်ရွှင်စွာ ဆင်ယင်ကျင်းပလျက် ရှိသည်ကို တွေ့ရှိရသည်။

ယနေ့နံနက် ၄ နာရီက မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌအမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ကြပြီး အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်း၊ ရွှေကြာသင်္ကန်း ကပ်လှူခြင်း၊ ဆွမ်းရေချမ်းပန်းကပ်လှူခြင်း၊ ဖယောင်းဆီမီးပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးများ၊ ငှက်များဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်းတို့ဖြင့် ကောင်းမှုကုသိုလ်ပြုကြပြီး တရားဘာဝနာအားထုတ်ကြသူများ၊ ဘုရားဖူးပြည်သူများဖြင့် တိုးမပေါက်အောင် အထူးစည်ကားလှသည်။

ယနေ့သည် ဝါတွင်းကာလ၏ ပထမဆုံးသော ဥပုသ်နေ့ဖြစ်၍ ရပ်ကွက်အသီးသီးတွင် ဆွမ်းတော်ကြီးအဖွဲ့များ ဆွမ်းခံများထွက်ကြရာ ဆွမ်း၊ ဆွမ်းဆန်တော်၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဝမ်းမြောက်စွာ ကုသိုလ်ပြုလောင်းလှူကြသူများကို ကြည်ညိုသဒ္ဓါပွားဖွယ်ရာ တွေ့ရှိရပြီး ဓမ္မာရုံများတွင်လည်း ဆရာတော်များ ပင့်ဖိတ်ကာ သီလတရားနာယူ၍ ဥပုသ်သီလဆောက်တည်လျက်ရှိကြသည်။

ထို့အတူ မန္တလေးမြို့ လမ်း ၈၀ ရှိ တရုတ်ယူနန် ဗုဒ္ဓဘာသာဘုရားကျောင်းမှ စတုတ္ထအကြိမ်မြောက် ဝါတွင်းဥပုသ်နေ့အဖြစ် မစိုးရိမ်ကျောင်းတိုက်မှ ပင့်သံဃာတော် အပါး ၂၅၀ အား ဆွမ်း၊ စာရေးတံ၊ ဆွမ်းဆန်တော်၊ ဒါတဗ္ဗဝတ္ထု လောင်းလှူခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင် မိသားစုများနှင့် ဌာနဆိုင်ရာတို့တွင်လည်း ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆွမ်းဆက်ကပ်လှူဒါန်း ကုသိုလ်ပြုလုပ်လျက် ရှိကြသည်ကို တွေ့ရသည်။

ထို့အပြင် အရှေ့ပြင်လုံးဆိုင်ရာ မဟာလောက ရန်နိုင်အောင်တော်မူမြတ်စွာဘုရား၊ မန္တလေးတောင်၊ ကုသိုလ်တော် ကျောက်တော်ကြီးဘုရား၊ ဆုတောင်းပြည့်၊ ဆုတောင်းရဘုရား၊ ရွှေကျီးမြင်ဘုရား ချမ်းသာကြီး၊ ချမ်းသာရဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ကျောက်စိမ်းစေတီတော်၊ ဝါခင်းကုန်းဘုရား အပါအဝင် စေတီပုထိုး ကျောင်းကန်ဓမ္မာရုံများတွင် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခြင်း၊ ဆရာတော်များက သီလပေးခြင်းနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြား ချီးမြှင့်တော်မူခြင်း၊ မန္တလေးမြို့တွင်းရှိ နန်းမြို့မြနန်းစံကျော် ရွှေနန်းတော်၊ ဦးပိန်တံတား၊ တောင်သမန်အင်း၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်နှင့် ကျောက်ဆည် ရွှေသိမ်တော်၊ ပလိပ်မြွေဘုရား၊ ပြင်ဦးလွင်မြို့သို့လည်း သွားရောက်လည်ပတ်အနားယူ လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် မန္တလေးမြို့ အနောက်ခင်မကန်တိုက်မြကုန်းကျောင်း၊ ဂိလာနပါလ ဆန်ပြုတ်နှင့် ရေသန့်အလှူတော်အသင်းနှင့် အလှူရှင်မိသားစုတို့က မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံ၊ ကလေးဆေးရုံကြီး၊ ၆၂ လမ်းရှိ ခုတင် ၃၀၀ဆံ့ ဆေးရုံကြီး၊ အရိုးအထူးကုဆေးရုံကြီးတို့မှ ဆေးကုသမှုခံယူလျက်ရှိသော လူနာများနှင့် လူနာစောင့်များအား ညနေစာထမင်း၊ ဟင်းများ၊ ဆန်ပြုတ်များ၊ သောက်ရေသန့်၊ အာဟာရမုန့် စသည့် စားသောက်ဖွယ်ရာများကို ယနေ့ညနေပိုင်းက သွားရောက်လှူဒါန်း ကုသိုလ်ပြုခဲ့ကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည့် တိုင်းဒေသကြီး/ပြည်နယ်များ

**နေပြည်တော်  ဇူလိုင်  ၃၁**

ယနေ့မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ချင်းတွင်းနှင့် ဧရာဝတီမြစ်ရေအခြေအနေ

**နေပြည်တော်  ဇူလိုင်  ၃၁**

ယနေ့မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၄၃ စင်တီမီတာ (တစ်ပေခွဲခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၇၁ စင်တီမီတာ (နှစ်ပေခွဲခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

# ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်းနှင့်အလှူရှင်များက အသုံးအဆောင်နှင့် အလှူငွေများပေးအပ်

**မြောင်းမြ  ဇူလိုင်  ၃၁**



ရေဘေးသင့်ပြည်သူများအား ထောက်ပံ့မည့်ကယ်ဆယ်ရေးပစ္စည်းများ လှေဖြင့် ပို့ဆောင်ပေးသည်ကို တွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြို့ပေါ်အနိမ့်ပိုင်း ကံ့ကော်မြိုင်ရပ်ကွက်ရှိ လူနေအိမ်များ ရေကြီးနစ်မြုပ်ကာ ကုန်းမြင့်ရာအရပ်များနှင့် စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီရက်ထဲ မိုးကအလွန်များတော့ လယ်ကွင်းထဲက ဆင်းတဲ့ရေတွေ၊ မြစ်ရေတက်တာတွေကြောင့် ဒိုဘီကုန်းချောင်းထဲကရေတွေ မဆင်းနိုင်ဘဲ ရပ်ကွက်အတွင်း ဝင်ရောက်တာပါ၊ နှစ် ၂၀ ကာလအတွင်း ဒီတစ်ခါပဲ ကြုံဖူးသေးတယ်" ဟု ကံ့ကော်မြိုင်(၁၄) လမ်းနေသူ ကယ်ဆယ်ရေးစခန်းမှ ဒေါ်သန်းသန်းဝင်းက ပြောကြားသည်။

"အိမ်ထောင်စု ၂၀၆ စု၊ လူဦးရေ ၉၁၅ ဦးကို ရေဘေးကယ်ဆယ်ရေးစခန်းတွေမှာနေရာပေးပြီး အလှူရှင်များရဲ့အကူအညီနဲ့ မနက်စာ၊ ညစာများဖြင့် ကျွေးမွေးစောင့်ရှောက်ထားရှိပါတယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးမြင့်က ပြောကြားသည်။ ရပ်ကွက်တွင်း နေအိမ်ရေနစ်မြုပ်နေသူများကို အမက(၉) ဇေယျမေဒနီမူလတန်းကျောင်း၊ စစ်တလင်း မူလတန်းကျောင်း၊ သရက်ကုန်းဘုန်းကြီးကျောင်းနှင့် ပညာဇေယျာဘုန်းကြီးကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြောင်းမြပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများက ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ရပ်ကွက်ပြည်သူများရှိရာ အမက(၉) ကယ်ဆယ်ရေးစခန်းသို့ ယနေ့နံနက်တွင် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ ရောက်ရှိလာရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ မိသားစုအသုံးအဆောင်ပစ္စည်း၊ အဝတ်အထည်များကိုလည်းကောင်း၊ စားသောက်ရေးအဆင်ပြေစေရန် အလှူရှင်များက အလှူငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး တိုင်းဒေသကြီးဝန်ကြီးက ကယ်ဆယ်ရေးစခန်းအဖြစ်ထားရှိသော အမက(၉) မူလတန်းကျောင်းအတွင်း နံရံချောရန် ဘိလပ်မြေ အိတ် ၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

မြန်မာ့အလင်းသတင်းစာ ၃၁-၇-၂၀၁၅ ရက်နေ့ထုတ် စာမျက်နှာ (၅) တွင်ပါရှိခဲ့သော "လျှပ်စစ်ဓာတ်အားပြတ်တောက်မည်" ဆိုသည့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ သတင်းဖော်ပြချက်အား အောက်ပါအတိုင်းပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်အတွက် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ်၊ စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိပါသည်။

၁-၈-၂၀၁၅ ရက်နေ့တွင် စမ်းချောင်း(ရှင်စောပုလမ်း/စမ်းချောင်းလမ်းပိုင်း)၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်၊ မှော်ဘီမြို့နယ်၊ အရှေ့ဘက်ခြမ်းတွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ပါမည်။

၂-၈-၂၀၁၅ ရက်နေ့တွင် ဒဂုံ(မြောက်)၊ ဒဂုံ(တောင်)၏ အမှတ်(၂) လမ်းမကြီးအနီးရပ်ကွက်နှင့် သဃ်န်းကျွန်းမြို့နယ်၏ ကြီးပွားရေး (တောင်၊ မြောက်) ရပ်ကွက်တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ပါမည်။

ယင်းသို့ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# မြေယာဥပဒေ မြေယာမူဝါဒအကြောင်း ဟောပြောမည်

**ရန်ကုန်  ဇူလိုင်  ၃၁**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း (ရန်ကုန်ရုံးခွဲ)ကကြီးမှူး၍ စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၈ ရက် စနေနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးက မြေယာဥပဒေ၊ မြေယာမူဝါဒခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သိရသည်။ **ကိုချစ်**

# မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော်  ဇူလိုင်  ၃၁**

ယနေ့နံနက် ၁၀ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၆၀ စင်တီမီတာ (နှစ်ပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁၂၆ စင်တီမီတာ (လေးပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ နံနက် ၁၀ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၈၇ စင်တီမီတာ (သုံးပေခန့်) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၇၈ စင်တီမီတာ (နှစ်ပေခွဲခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄၇ စင်တီမီတာ (တစ်ပေခွဲခန့်)တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲတိုင်းထွာချက်အရ ဒု႒ဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅၅ စင်တီမီတာ (နှစ်ပေခန့်)တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ဇူလိုင် ၃၁ ရက် နံနက် (၀၀း၃၀) နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၀ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ဇူလိုင် ၂၉ ရက် နံနက် ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၄၃ စင်တီမီတာ(လေးပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉၂ စင်တီမီတာ (သုံးပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁၁၅ စင်တီမီတာ (လေးပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၅၇ စင်တီမီတာ (နှစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။ **(မိုး/ဇလ)**

# မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်း

**ဘီးလင်း  ဇူလိုင်  ၃၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာ၊ ဘုရားရွာကျေးရွာ၌ ဇူလိုင်လစတုတ္ထပတ်က ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူးနှင့် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူးတို့ ပါဝင်သော မြို့နယ်မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များသည် ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီအဖွဲ့ကို ဒီမိုကရေစီနည်းလမ်းကျစွာဖြင့် ကျေးရွာသူကျေးရွာသားများ၏ ရှေ့မှောက်တွင် မဲစနစ်ဖြင့် စနစ်တကျ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

(လ/၀၁၉)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် တွေ့ဆုံခြင်း

# သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီထောက်ပံ့ရေးလုပ်ငန်းတွေ အချိန်နဲ့တစ်ပြေးညီဆောင်ရွက်ပေးနေပါတယ်

နန္ဒာဝင်း

ယခုနှစ် ဇွန်နှင့် ဇူလိုင်လများအတွင်း မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

ထို့ပြင် ကိုမန်အမည်ရှိ မုန်တိုင်းငယ်တစ်ခုသည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ဘက်တွင် ဖြစ်ပေါ်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ဖြတ်သန်းဝင်ရောက်နေသည်။ ထိုမုန်တိုင်း၏ အရှိန်ကြောင့် ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောဒေသများတွင်လည်း ဘေးအန္တရာယ်ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၏ ရည်ရွယ်ချက်အရ ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပေသည်။

လက်ရှိဖြစ်ပေါ်နေသည့် သဘာဝဘေးများနှင့် ပတ်သက်၍ ကူညီထောက်ပံ့နေမှု အခြေအနေများကို **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစိုးအောင်အား ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။**

**မေး။ ။ ပြည်သူတွေ သဘာဝဘေးအန္တရာယ်က လျော့ပါးသက်သာအောင် ဆောင်ရွက်ပေးနေတဲ့ အပိုင်းတွေကို ပထမဦးဆုံး ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။ သဘာဝဘေးဒဏ်စီမံခန့်ခွဲမှု လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်အဆင့် ဗဟိုကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်နေသလို သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာလည်း ကော်မတီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အဆင့်မှာဆိုရင် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းထားပြီး ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဥက္ကဋ္ဌဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌများဖြစ်ကြပါတယ်။ ကျန်တဲ့ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအသီးသီးက ဝန်ကြီးချုပ်တွေက အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အတွင်းရေးမှူးဖြစ်ပါတယ်။

ဗဟိုကော်မတီရဲ့အောက်မှာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌဖြစ်ပြီး ပြည်ထဲရေးနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌများ ဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ပါတယ်။ အဲဒီစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီရဲ့အောက်မှာ ဆပ်ကော်မတီ ၁၁ ခုကို ဖြန့်ခွဲပြီး ကိုယ့်ကဏ္ဍအလိုက် ဆောင်ရွက်နိုင်ဖို့ လုပ်ငန်းတာဝန်တွေချမှတ်ပေးပြီး နိုင်ငံတော်အဆင့်ကနေ အဆင့်ဆင့်စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အဆင့်ပြီးရင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွေမှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တွေက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီများနဲ့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ဆင့်အထိ သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။



ဦးစိုးအောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်

လုပ်ငန်းတွေ ဆောင်ရွက်ရာမှာလည်း သဘာဝဘေးမဖြစ်ခင်မှာ ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေရှိသလို သဘာဝဘေးဖြစ်နေတဲ့ ကာလမှာ အရေးပေါ် တုံ့ပြန်မှုဆိုင်ရာလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့နဲ့ သဘာဝဘေးကျရောက်ပြီးနောက်ပိုင်းမှာ ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ အပိုင်းသုံးပိုင်းပေါ်မှာ အခြေခံပြီး ဆောင်ရွက်တာဖြစ်ပါတယ်။

**မေး။ ။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုတွေကို အချိန်နဲ့တစ်ပြေးညီ သိရှိအောင် ဘယ်လိုစီမံဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ ရေကြီးခြင်းနဲ့ မိုးလေဝသဆိုင်ရာသတင်းအချက်အလက်တွေကို မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ရရှိသလို ဖြစ်ပွားတဲ့ဒေသတွေမှာရှိတဲ့ ကယ်ဆယ်ရေးဦးစီးဌာနတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကယ်ဆယ်ရေးရုံး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေက ရရှိပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနမှာလည်း အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု ဗဟိုဌာနကို ဖွင့်လှစ်ထားပြီး ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကရတဲ့ အချက်အလက်တွေနဲ့ ရေကြီးနစ်မြုပ်တဲ့ဒေသတွေ၊ လုံးဝရေကြီးနစ်မြုပ်သွားတဲ့ရွာတွေ၊ ရေဝင်ဖို့နဲ့ ရေဝင်ဖို့နီးနေတဲ့ရွာတွေကို ဂြိုဟ်တုကနေ သတင်းအချက်အလက်ရယူပြီး ဖော်ထုတ်ပါတယ်။

မြေပြင်မှာရော တကယ်ကျရောက်နေပြီလားဆိုတာ စိစစ်ပါတယ်။ ကျရောက်ရင် အရေးပေါ်ထောက်ပံ့နိုင်ဖို့ကို စီမံဆောင်ရွက်ဖို့ တစ်ခါတည်း ပေါင်းစပ်ညှိနှိုင်းတယ်။ ပြည်သူတွေ သဘာဝဘေးကျရောက်လာရင် အရေးပေါ် ကူညီထောက်ပံ့မှုလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။

**မေး။ ။ မြန်မာနိုင်ငံအနှံ့အပြားဖြစ်ပေါ်နေတဲ့ ရေကြီးနစ်မြုပ်မှုတွေအတွက် အရေးပေါ်အစီအမံတွေ ဘယ်လိုများ ထားရှိဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ ဇွန်၊ ဇူလိုင် မိုးရာသီအစကာလမှာ မိုးသည်းထန်စွာရွာသွန်းပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးအချို့တွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့တယ်။ ရေမျောပါပြီး အိမ်တွေပျက်စီးဆုံးရှုံးလို့ နေလို့မရအောင်ဖြစ်တဲ့ တိုက်ရိုက်ထိခိုက်ခံစားရတဲ့သူတွေ၊ အိမ်တွေထဲမှာ ရေဝင်ပြီး နေထိုင်သွားလာရေးစားသောက်ရေး၊ အလုပ်အကိုင် ခက်ခဲတဲ့သူတွေကတော့ သွယ်ဝိုက်ခံစားရတဲ့သူတွေဖြစ်ပါတယ်။

အဲဒီလို တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှာ ပြည်သူတစ်သိန်းကျော်လောက် ထိခိုက်ခံစားရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ကောလင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ မူးမြစ်ဝှမ်းအပေါ်က မဲဇာမြစ်တစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေမှာ ရေကြီးရေလျှံမှုနဲ့ ရေနစ်မြုပ်မှုတွေ ကြုံတွေ့ခဲ့ရပါတယ်။

အဲဒီဒေသတွေမှာ ဖြစ်ဖြစ်ချင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး တိုင်းရုံးတွေရှိတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ခရိုင်အသီးသီးမှာ သိုလှောင်ရုံ ၃၃ ခု ရှိတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လူဦးရေ အချိုးအပေါ်မူတည်ပြီး အိမ်ထောင်စုအလိုက် ဘေးဒုက္ခကြုံတွေ့လာရင် ပြည်သူတွေ သက်သာချောင်ချိမှု ရရှိစေရေးအတွက် ထောက်ပံ့နိုင်ဖို့ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ အရေးပေါ် အမိုးအကာတွေဖြစ်တဲ့ တဲတွေဆောက်လုပ်နိုင်ဖို့ တာလပတ်တွေ၊ မိုးကာစတွေကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်၊ ကြက်ဥတွေအပြင် ဆန်ရိက္ခာတွေကိုလည်း အရေးပေါ်ပေးနိုင်ဖို့ စီမံထားတယ်။

**မေး။ ။ လတ်တလော မုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်မှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေမှုကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ ရခိုင်ပြည်နယ်မှာ မုန်တိုင်းတိုက်သွားတာနဲ့ ပတ်သက်ပြီးတော့ မနေ့ကအထိ စစ်တွေမှာ လမ်းမီးတိုင်တွေလဲတယ်။ အိမ်အချို့ အမိုးတွေလန်သွားတယ်။ တယ်လီဖုန်းတိုင်တွေကျိုးတယ်။ ဘူးသီးတောင်ဘက်ဆိုရင်လည်း ရေဝင်တဲ့အတွက် ကယ်ဆယ်ရေးစခန်းတွေ ဖွင့်ထားပြီး ထောက်ပံ့မှုတွေ စတင်ဆောင်ရွက်နေပါတယ်။

မင်းပြားနဲ့ အမ်းဘက်မှာလည်း ရေဝင်နစ်မြုပ်မှုတွေရှိတဲ့အတွက် ထောက်ပံ့မှုတွေ ဆောင်ရွက်ပေးနေပါတယ်။ ကလေးမြို့ဘက်မှာလည်း ရေကြီးနစ်မြုပ်တာတွေရှိနေတဲ့အတွက် အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းတွေကို တပ်မတော် ရဟတ်ယာဉ်တွေနဲ့ အဝတ်အထည်တွေ၊ လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေကို ပို့နိုင်ရေး ဆောင်ရွက်နေပါတယ်။

ကန့်ဘလူ၊ ကောလင်း၊ ကျွန်းလှဘက်မှာဖြစ်တဲ့ ရေကြီး၊ ရေလျှံမှုမှာလည်း ဘေးဒုက္ခကျရောက်တဲ့ ပြည်သူတွေအတွက် စားနပ်ရိက္ခာတွေ၊ အသုံးအဆောင်ပစ္စည်းတွေဖြန့်ဝေသလို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ဝန်ကြီးတွေကိုယ်တိုင် ဘေးဖြစ်တဲ့ဒေသတွေမှာ အခြေပြုပြီး ကယ်ဆယ်ထောက်ပံ့မှုတွေ ဆောင်ရွက်နေပါတယ်။

**မေး။ ။ သဘာဝဘေးကြောင့် အသက်ဆုံးရှုံးသွားတဲ့ လူတွေအတွက် ဘယ်လို အထောက်အပံ့မျိုးတွေ ပေးပါသလဲ။**

ဖြေ။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေနဲ့ကလည်း ထောက်ပံ့မှုလုပ်ငန်းတွေနဲ့ပတ်သက်လာရင် အမြဲမပြတ်အောင် စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝဘေးတွေကြောင့် အသက်ဆုံးရှုံးသွားတဲ့သူ ၂၇ ဦးအတွက် လူတစ်ဦးကို တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါတယ်။ သဘာဝဘေးကြောင့် သေဆုံးသွားတဲ့သူအတွက် ကျန်ရစ်သူမိသားစုက လိုအပ်တာ စီမံဆောင်ရွက်နိုင်ဖို့ ထောက်ပံ့ပေးတာဖြစ်ပါတယ်။

**မေး။ ။ အခုအချိန်အထိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ထောက်ပံ့မှု ဘယ်လောက်ပေးပြီးနေပြီဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ဇွန်၊ ဇူလိုင် နှစ်လအတွင်း ရေဘေးကြောင့် အိမ်ခြေ ငါးရာကျော် မျောပါပျက်စီးခဲ့ရပြီး အိမ်ခြေ တစ်သောင်းရှစ်ထောင်ကျော် ရေဝင်ပျက်စီးခဲ့ရပါတယ်။ ဇွန်၊ ဇူလိုင် နှစ်လအတွင်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကျွန်တော်တို့ ဝန်ကြီးဌာနက ထောက်ပံ့တာ သိန်းပေါင်းတစ်ထောင်ကျော်သွားပြီဖြစ်ပါတယ်။

ပြည်သူတွေ ဘေးအန္တရာယ်ကြုံတွေ့လာရင် ဆက်လက်ပြီးတော့လည်း ထောက်ပံ့မှုတွေကို စဉ်ဆက်မပြတ်ပေးနေမှာဖြစ်ပါတယ်။ အခုဖြစ်နေတဲ့ ဘေးတွေမှာ အချိန်နဲ့တစ်ပြေးညီ ရှာဖွေကယ်ဆယ်တာတွေ၊ ထောက်ပံ့တာတွေ၊ ကယ်ဆယ်ရေးစခန်းတွေထားရှိပြီး ပြည်သူတွေရဲ့ကျန်းမာရေး၊ လုံခြုံရေးအားလုံးကို အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များက ပူးပေါင်းဆောင်ရွက်နေပါတယ်။

ဝေးလံတဲ့ဒေသတွေ အချို့နေရာတွေထိ ထောက်ပံ့ပစ္စည်းတွေ ရောက်အောင်လည်း ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အစိုးရက ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိပြီးသားပါ။ အခု တပ်မတော်၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ၊ ဒေသခံလူငယ်တွေ၊ ပြည်သူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်နေတာက ရှာဖွေကယ်ဆယ်ရေး ဆပ်ကော်မတီအောက်က လုပ်ငန်းစဉ်တစ်ခုပါ။ အဲဒါကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။သီးခြားဆောင်ရွက်တာ မဟုတ်ပါဘူး။

စီမံခန့်ခွဲမှု ခေါင်းစဉ်အောက်မှာရှိတဲ့ လုပ်ငန်းဆပ်ကော်မတီတွေက ဖြန့်ခွဲဆောင်ရွက်တာဖြစ်ပါတယ်။ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟို ကော်မတီရဲ့ စီမံခန့်ခွဲမှုအောက်ကနေ ပူးပေါင်းပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရှာဖွေကယ်ဆယ်ရေး ဆပ်ကော်မတီအောက်မှာရှိတဲ့ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနအဖွဲ့အစည်းတွေက ပြည်သူတွေနဲ့အတူ ပူးပေါင်းပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**မေး။ ။ ထောက်ပံ့ရေးပစ္စည်းတွေကို ပရဟိတအဖွဲ့အစည်းတွေက လှူမယ်ဆိုရင် သက်ဆိုင်ရာရဲ့ ခွင့်ပြုချက် ယူရမယ်ဆိုတဲ့ သတင်းတွေလည်း ထွက်နေတယ်။ အဲဒါလေးကို ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။ ရုပ်မြင်သံကြား၊ ရေဒီယို၊ အွန်လိုင်းတွေထဲမှာလည်း မြင်နေရတာပဲ။ ထောက်ပံ့ရေးပစ္စည်းတွေကို လှူချင်ရင် လှူပါ၊ ကျွန်တော်တို့ ပြည်သူအချင်းချင်း ပြည်သူတွေဆီကိုရောက်အောင် ကူညီစောင့်ရှောက်မှုလုပ်ငန်းတွေကို ပေးလို့ရပါတယ်။

ဒါပေမယ့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေမှာ ဘယ်ကိုသွားပြီး လှူမယ်ဆိုတာပြောရင် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့တွေက ဘယ်ရွာက ဘာပစ္စည်းအမျိုးအစား လိုတယ်ဆိုတာကို လိုအပ်တဲ့သူကို လိုအပ်သလို ရောက်ဖို့အတွက် စီမံခန့်ခွဲမှုက အဓိကကျပါတယ်။

မလိုတဲ့သူဆီကို မလိုတဲ့ပစ္စည်းရောက်သွားမယ်ဆိုရင် အပိုအလှူတွေဖြစ်လာမယ်။ ဘာမှ သုံးလို့မရတဲ့ အနေအထားဖြစ်တဲ့အတွက် ကျွန်တော်တို့ကို အကြောင်းကြားပေးပါ။ မသွားရဘူး၊ မလှူရဘူးဆိုတာ လုံးဝမရှိပါဘူး။ ကျွန်တော်တို့ဆီကို ဆက်သွယ်လာရင်လည်း ဘယ်နေရာတွေကတော့ ဘာတွေ အဓိကလိုပါတယ်ဆိုပြီး ပြောပြပေးပါတယ်။ လှူချင်တဲ့သူတွေကလည်း သွားလှူလို့ရပါတယ်။ လှူရလို့ ဝမ်းသာကြတယ်။ ကျေးဇူးတင်တယ်ဆိုပြီး ပြန်လည်ဆက်သွယ်ပြောကြားတာတွေလည်း ရှိပါတယ်။

ဇွန်၊ ဇူလိုင်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်၊ ကချင်၊ ချင်းနဲ့ ရှမ်းပြည်နယ်တို့မှ အချို့မြို့နယ်များမှာ ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှာလည်း မြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်အချို့ ရွှေ့ပြောင်းခဲ့ရပြီး ရေဘေးကြောင့် အိမ်ခြေ ၅၃၃ လုံး မျောပါပျက်စီးခြင်း၊ အိမ်ခြေ ၁၈၅၁၂ လုံး ရေဝင်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ပြီး လူဦးရေတစ်သိန်းကျော် ရေဘေးခံစားခဲ့ရသည်။ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းတံတားများ၊ ရထားလမ်းများ၊ စာသင်ကျောင်းနှင့် ဆေးရုံဆေးခန်းများလည်း ပျက်စီးခဲ့ရသည်။

မှတ်သုံလေ ဆက်လက်အားကောင်း

နေပြည်တော် ဇူလိုင် ၃၁

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။
နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေဆက်လက်အားကောင်းနေမည်။

(မိုး/ဇလ)

ရေလွှမ်းမိုးမှု မတိုင်မီ မိုးလေဝသသတင်းကို အမြဲမပြတ်နားထောင်ပါ

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ် ရန်ကုန်မြို့ရှိ လူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံ



**ရန်ကုန် ဇူလိုင် ၃၁**

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ်နှင့် အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲက ကချင်ပြည်နယ် မြစ်ကြီးနားမှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

မစ္စ အင်ဂျလီနာ ဂျိုလီပစ်သည် ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ YMCA အဆောက်အအုံတွင် ရွေးကောက်ပွဲ အသိပညာပေးလုပ်ငန်း ဆောင်ရွက်နေသော လူမှုရေး အသင်းဖွဲ့တစ်ခုဖြစ်သည့် ရောင်ခြည်သစ်အဖွဲ့မှ အမျိုးသမီးများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲတွင် အမျိုးသမီးများ ဆန္ဒမဲပေးရာတွင် ပိုမိုပါဝင်နိုင်ရေး၊ လက်ရှိ အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှုအခြေအနေ၊ ရောင်ခြည်သစ်အဖွဲ့အစည်းမှ မြန်မာနိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်နေသည့် အမျိုးသမီးခေါင်းဆောင်မှုနှင့် ရွေးကောက်ပွဲ အသိပညာပေးသင်တန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မစ္စ အင်ဂျလီနာ ဂျိုလီပစ်သည် ညနေ ၄ နာရီ ၃၅ မိနစ်တွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်သို့ ရောက်ရှိပြီး **(အပေါ်ယာပုံ)** ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့မှ ဘာသာရေးခေါင်းဆောင် ၁၂ ဦးနှင့် တွေ့ဆုံပြီး ငြိမ်းချမ်းရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ စောင့်ရှောက်ရေး၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

UK aid ၏ Governance Adviser ဖြစ်သူ ဒေါ်ပြုံးသက်သက်ကျော်က "ဒီနေ့ မစ္စ အင်ဂျလီနာ ဂျိုလီပစ် လာတွေ့တာက မြန်မာ အမျိုးသမီးတွေ မဲပေးရာမှာ အဖေတွေ၊ အစ်ကိုတွေရဲ့ လွှမ်းမိုးမှုတွေ ရှိတယ်။ ဒါမျိုးတွေကိုကျော်လွှန်ပြီး မဲဆန္ဒရှင် ပညာပေးခြင်းဆိုင်ရာ အစီစဉ်တွေကို လုပ်ဆောင်နေတဲ့ အဖွဲ့တွေနဲ့ သူတွေ့တယ်။ ဒီနေ့ တွေ့ဆုံမှုမှာ သူက မဲဆန္ဒရှင်ပညာပေး ခြင်းသင်တန်းတက်တဲ့ အမျိုးသမီးတွေအနေနဲ့ ဒီလိုအသိပညာတွေ ရရှိတဲ့အခါမှာ ဘယ်လိုခံစားရလဲ၊ သူတို့အနေနဲ့ ဘယ်လောက် တိုးတက်လာတယ်ဆိုတာကို အမျိုးသမီးချင်း ဖလှယ်ကြတဲ့အနေနဲ့ တွေ့ဆုံတာပါ။ ရောင်ခြည်သစ်လို့ခေါ်တဲ့ အဖွဲ့အစည်းပါ၊ အမျိုးသမီး ၂၀ လောက် ဒီနေ့တွေ့ဆုံမှုမှာပါတယ်" ဟု ပြောသည်။

YMCA အဆောက်အအုံတွင် မစ္စ အင်ဂျလီနာ ဂျိုလီပစ်နှင့် တွေ့ဆုံခဲ့သည့် ရောင်ခြည်သစ်အဖွဲ့အစည်းမှ ဒါရိုက်တာဖြစ်သူ ဒေါ်ခင်လှက "ကျွန်မတို့နိုင်ငံမှာ ရွေးကောက်ပွဲနဲ့ဆိုင်တာကို အမျိုးသမီးတွေပါဝင်လာဖို့ပါ။ ကျွန်မတို့လုပ်နေတဲ့ သင်တန်းအစီအစဉ်ကလည်း အမျိုးသမီး ခေါင်းဆောင်မှုနဲ့ ရွေးကောက်ပွဲ အသိပညာပေး သင်တန်းဆိုတော့ ကျွန်မတို့အစီအစဉ် ဘယ်လောက် ထိထိရောက်ရောက်လုပ်နိုင်လဲဆိုတာကို လာပြီးတော့ ဆွေးနွေးတာဖြစ်ပါတယ်။ သူစိတ်ဝင်စားတဲ့အရာက မဲစာရင်းစစ်တဲ့ကိစ္စပါ။ မဲစာရင်းနဲ့ ပတ်သက်ပြီး ကျွန်မတို့နိုင်ငံမှာ အငြင်းပွားမှုတွေဖြစ်နေတယ်။ အဲဒါကို သူက အလွန်စိတ်ဝင်စားတယ်။

လူထုဆီက ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ သတင်းအချက်အလက်တွေ၊ မဲစာရင်းနဲ့ဆိုင်တာတွေ မှန်မှန်ရောက်နိုင်ဖို့ ဘယ်အပိုင်းက အထောက်အကူပြုလဲ မေးတယ်။ အဓိက အထောက်အကူဖြစ်မယ့် အပိုင်းကို သူတို့ဘက်ကလည်းကူညီလုပ်ဆောင်ပေးမယ်ပြောပါတယ်။ လူတွေ မဲစာရင်းနဲ့ပတ်သက်ပြီး များများသိဖို့အတွက် TV အစီအစဉ်တွေ များများလွှင့်ပေးနိုင်ဖို့ သူတို့ဘက်က ပံ့ပိုးနိုင်မယ့်ဟာကို သူ့ဘက်မှာရှိတဲ့ အလှူရှင်တွေကို တွန်းအားပေးမယ်လို့ ပြောတယ်" ဟု တစ်နာရီခန့် တွေ့ဆုံဆွေးနွေးခဲ့မှုအကြောင်းကို ပြောသည်။

ဘုရားဖြူကျောင်းတိုက်၌ မစ္စ အင်ဂျလီနာ ဂျိုလီပစ်နှင့် တွေ့ဆုံခဲ့သည့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ အထွေထွေအတွင်းရေးမှူး ဦးသာညဏ်က "ဒီနေ့ဆွေးနွေးမှုကို ၁၂ ဦး တက်ရောက်တယ်။ သူက UNHCR ရဲ့ အထူးကိုယ်စားလှယ်ဆိုတော့ ငြိမ်းချမ်းရေးရဖို့၊ ကလေးသူငယ်များ စောင့်ရှောက်ဖို့၊ နောက်တစ်ခုက အကာကွယ်မဲ့တဲ့သူတွေကို စောင့်ရှောက်ဖို့ပါ။ ကျွန်တော်တို့နိုင်ငံက ဘာသာရေးပဋိပက္ခရှိတယ်။ ဘာသာရေးပဋိပက္ခကို ဖန်တီးသူတွေဟာ ဘာသာဝင်အစစ်တွေ မဟုတ်ကြဘူး။ ဘာသာတစ်ခုကို ယုံကြည်ကိုးကွယ်သူတွေဟာ မေတ္တာကိုအားပေးတယ်။ အဲ့ဒါကို ကျွန်တော်တို့ ထည့်သွင်းဆွေးနွေးတယ်။ ကျွန်တော်က အရင်ဖြစ်ခဲ့တဲ့ အကြောင်းအရာတွေကို ရှင်းပြတယ်။ ကျွန်တော်တို့ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းဟာ ဘာသာတွေ ချစ်ကြည်ဖို့ပဲ။ ဒုတိယတစ်ခုကတော့ ပဋိပက္ခဖြစ်လာရင် ဒုက္ခရောက်တဲ့ သူတွေကို စောင့်ရှောက်ဖို့။ မတူကွဲပြားမှုကတော့ ရှိမှာပဲ။ မတူကွဲပြားမှုမှာ ပေါင်းစည်းနိုင်ဖို့ကတော့ မေတ္တာပဲ" ဟု ဆွေးနွေးချက်အကျဉ်းချုပ်ကို ပြန်လည်ဖြေကြားသည်။



ဦးသာညဏ် (အထွေထွေအတွင်းရေးမှူး၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့)



ဒေါ်ပြုံးသက်သက်ကျော် (UK aid ၊ Governance Adviser)

မစ္စ အင်ဂျလီနာ ဂျိုလီပစ်၏ ရန်ကုန်ခရီးစဉ်သည် ဩဂုတ် ၃ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး ၎င်းသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှ ထွက်ခွာခဲ့ရာ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက နေပြည်တော်သို့ ရောက်ရှိပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့နှင့် သီးခြားစီ တွေ့ဆုံခဲ့သည်။

မစ္စ အင်ဂျလီနာ ဂျိုလီပစ်သည် ဇူလိုင် ၃၀ ရက်နှင့် ၃၁ ရက်တွင် မြစ်ကြီးနားမြို့ပေါ်ရှိ ဂျာမိုင်ကောင်း စစ်ဘေးဒုက္ခသည်စခန်းနှင့် စိန်ဂျိုးဇက် ဒုက္ခသည်စခန်းများသို့လည်း သွားရောက်ခဲ့ပြီး ကချင်ပြည်နယ် အစိုးရ၊ ဘာသာရေးအသင်းအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့သည်။

မစ္စ အင်ဂျလီနာ ဂျိုလီပစ်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ပြီး ၎င်း၏ ခရီးစဉ်သည် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၃ ရက်အထိ ခြောက်ရက်တာ ကြာမြင့်မည် ဖြစ်သည်။

**သတင်း-မြန်မာ့သတင်းစဉ် (သတင်းအဖွဲ့)**

---

# ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ကေများ ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပွားပြီး သီးနှံများထိခိုက်ပျက်စီးခဲ့ကြောင်း၊ အဆိုပါ ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်စိုက်ပျိုးနိုင်ရေး မျိုးများလုံလောက်စွာ ဝေငှပေးရန်၊ ရေကျချိန်တွင် ချက်ချင်းစိုက်ပျိုးနိုင်ရေး ဌာနပိုင်ထွန်စက်များဖြင့် ထွန်ယက်ပေးနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**ရေကြီးနစ်မြုပ်မှုနှင့် သီးနှံများ ထိခိုက်ပျက်စီးမှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | နစ်မြုပ်ဧက | ပြန်ပေါ်ဧက | ထိခိုက်ဧက | ပျက်စီးဧက | ပြန်စိုက် |
|---|---|---|---|---|---|---|
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၂၉၅၂၀ | ၂၅၀၆၀ | ၉၆၂၈ | ၆၂၃၈ | - |
| ၃။ | ကရင်ပြည်နယ် | ၁၀၄၅ | - | - | - | - |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂၅၈၂၀ | ၆၉၃၈၉ | ၅၂၆၈၀ | ၂၄၆၉၈ | ၆ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၇၄၁၉၈ | ၇၅၆၂ | ၁၃၂၇ | ၁၃၂၇ | - |
| ၆။ | မကွေးတိုင်းဒေသကြီး | ၂၀၀၀၂ | - | ၂၀၀၀၂ | - | - |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၅၅၃ | ၆၀ | ၃ | - |
| ၈။ | မွန်ပြည်နယ် | ၄၈၀၈ | ၇၀၀ | - | - | - |
| ၉။ | ရခိုင်ပြည်နယ် | ၅၄၉၃၈ | ၂၉၀၅ | ၂၁၇၁ | ၁၄၄၀ | - |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇၂၇၇ | ၈၄၉ | - | - | - |
| ၁၁။ | ရှမ်းပြည်နယ် | ၉၀၉၈ | ၇၄၈၂ | ၈၀၅ | ၁၉၀ | ၅၀ |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ၇၄၈၀၇ | ၇၁၉၅ | ၆၁၇ | ၁၈၀ | - |
| | **စုစုပေါင်း** | **၅၂၄၈၉၅** | **၁၂၁၇၂၅** | **၈၇၂၉၀** | **၃၄၀၇၆** | **၅၆** |

---

# ဂန့်ဂေါမြို့ ကန်သာရွာသို့ ရေဝင်သဖြင့် ကျေးရွာဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့ပေးထား

**ဂန့်ဂေါ ဇူလိုင် ၃၁**

ဂန့်ဂေါမြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းလျက်ရှိရာ မြစ်သာမြစ်ရေ မြင့်တက်လျက်ရှိပြီး ဇူလိုင် ၃၁ ရက် နံနက်စောစောတွင် ကန်သာရွာအနိမ့်ပိုင်းရှိ ရပ်ကွက်များသို့ မြစ်သာမြစ်ရေဝင်ရောက်သဖြင့် အိမ်ခြေ ၅၄ အိမ်မှ မိသားစုများ ကန်သာရွာ ဓမ္မရံသီကျောင်းတိုက်သို့ ပြောင်းရွှေ့ခိုလှုံကြရကြောင်း သိရသည်။

ထိုသို့ပြောင်းရွှေ့ကြရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံထူး၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ (၁၀၁)

---

# ကလေးမြို့ ဒေသခံပြည်သူများအား ကယ်ဆယ်ရေးစခန်း၌နေရာချထား အလှူရှင်များက စားသောက်ကုန်နှင့် အလှူငွေများလှူဒါန်း

**ကလေး ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းမှစ၍ မြစ်သာမြစ်ရေနှင့် နေရဉ္စရာမြစ်တို့ ရေကြီးရေလျှံမှုဖြစ်ပွားကာ ကလေးမြို့ မြို့ပေါ်ရပ်ကွက် အနိမ့်ပိုင်းနှင့် ကျေးရွာအချို့တွင် လူနေအိမ်များ၊ လယ်ယာမြေများအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရေဘေးသင့်ပြည်သူများအား ဇူလိုင် ၃၁ ရက်အထိ ကယ်ဆယ်ရေးစခန်း ခုနစ်နေရာတွင် ပြောင်းရွှေ့နေရာချပေးလျက်ရှိသည်။

အဆိုပါ ရေကြီးရေလျှံမှုတွင် ရေဘေးသင့်အိမ်ခြေ ၁၅၂၆ မှ ရေဘေးသင့်ပြည်သူ ၆၉၉၃ ဦး၊ အိမ်ထောင်စု ၁၅၂၆ စုကျော်အား တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၏ ကြီးကြပ်မှုနှင့် ကလေးတပ်နယ်မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်သူဦးနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးတို့၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ကလေးတပ်နယ်မှ တပ်မတော်သားများ၊ မြို့ပေါ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ပြည်သူများ၏ ဝိုင်းဝန်းကူညီမှုဖြင့် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစခန်း၌ ပြောင်းရွှေ့နေထိုင်စေခဲ့သည်။

ရေဘေးသင့်ပြည်သူများအား ကမ္ဘောဇဘဏ်လီမိတက်မှ ဇူလိုင် ၂၉ နှင့် ၃၀ ရက်တွင် ထမင်းဘူး ၁၂၀၀၀ အတွက် ငွေကျပ် ၁၄၅ သိန်းလှူဒါန်းပြီး မိုးမြင့်အာကာဆောက်လုပ်ရေးကုမ္ပဏီနှင့် တောင်ဇလပ်ဆောက်လုပ်ရေးကုမ္ပဏီတို့ကလည်း ငွေနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။ ယင်းအပြင် မြစ်သာမြစ်ရေမှာ ဆက်လက်တိုးနေဆဲဖြစ်၍ ယနေ့အထိ ကယ်ဆယ်ရေးစခန်းများအတွက် အလှူများကလှူဒါန်းခဲ့သော ငွေသားကျပ် ၈၁၆၅၂၀၀၊ ဆန် ၂၅၃ အိတ်၊ ရေသန့်ဘူးကြီး နှစ်ဘူး၊ ရေသန့်ဘူးသေး ၁၉၃ ကတ်၊ တိုင်းဒေသကြီးအစိုးရဖွဲ့မှ ခေါက်ဆွဲ ဖာ ၂၇၀၊ မုန့်မျိုးစုံခြောက်ဖာနှင့် အဝတ်အထည်မျိုးစုံ တစ်ထုပ်တို့ လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယလေကြောင်းချီတပ်မဟာသို့ ရောက်ရှိ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Agra လေတပ်စခန်း၌ အိန္ဒိယတပ်မတော်မှ အရာရှိများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဇူလိုင် ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၃၀ တွင် နယူးဒေလီမှ အိန္ဒိယတပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာပြီး Agra မြို့ လေဆိပ်သို့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြရာ အိန္ဒိယလေတပ်မှ Air Commander S Srinivaran နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး Taj Mahar သို့ ရောက်ရှိလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

Taj Mahar အဆောက်အအုံသည် Mughal Empoeror Shah Jahan လက်ထက်တွင် ၎င်း၏ကွယ်လွန်သွားသော ဇနီးဖြစ်သူ Murotaz Mahar အား လွမ်းဆွတ်သတိရသောအားဖြင့် ယမုံနာမြစ်ကမ်းတွင် တည်ဆောက်ထားသော အထိမ်းအမှတ် ဂူဗိမာန်တစ်ခုဖြစ်ပြီး အလွန်လက်ရာမြောက်သော Indo-Islamic ဗိသုကာလက်ရာဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံတစ်ခုအဖြစ် ကမ္ဘာတွင် ထင်ရှားကျော်ကြားသည်။Taj Mahar ကို ၁၆၃၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၆၄၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ စကျင်ကျောက် (Marble) များဖြင့် တည်ဆောက်ထားပြီး ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းတွင် အထူးထင်ရှားသော သမိုင်းဝင်နေရာတစ်ခုဖြစ်သည်။

ထို့နောက် လေကြောင်းချီတပ်မဟာ Para Independence Brigade သို့ သွားရောက်လေ့လာရာ Para Independence Brigade ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံနှင့် စွမ်းဆောင်နိုင်မှုများကို တာဝန်ရှိသူတစ်ဦးက Power Point ဖြင့် ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်မေးမြန်းပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် အိန္ဒိယလေတပ် 4WG Offocers Mess တွင် Central Command မှ Air Marshal K S Gill AVSM , YSM, VM က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

၎င်းနောက် Agra လေတပ်စခန်းသို့ရောက်ရှိပြီး ဝေပေါင်ဆီဖြည့်လေယာဉ် IL-78 နှင့် AWACS လေယာဉ်တို့ကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အိန္ဒိယတပ်မတော်လေယာဉ်ဖြင့် Agra မြို့ လေဆိပ်မှတစ်ဆင့် ဗုဒ္ဓဂယာသို့ထွက်ခွာပြီး ညနေ ၄ နာရီ ၃၅ မိနစ်တွင် ဂယာလေဆိပ်သို့ ရောက်ရှိသည်။

ယင်းနောက် ညနေ ၆ နာရီ ၃၅ မိနစ်တွင် မင်းတုန်းမင်းတရားကြီး၏ ကျောက်စာတိုက်သို့ သွားရောက်၍ ပြုပြင်ထိန်းသိမ်းရေးအတွက် တာဝန်ရှိသူများနှင့်ညှိနှိုင်းဆွေးနွေးပြီး ညပိုင်းတွင် မဟာဗောဓိစေတီသို့သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဂယာမြို့သည် ဘီဟာပြည်နယ် ပတ္တနားမြို့မှ ၆၂ ဒသမ ၅ မိုင်အကွာရှိ Phalgu မြစ်ကမ်းပေါ်တွင်တည်ရှိပြီး ဗုဒ္ဓဂယာသည် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂယာခရိုင် ဂယာမြို့မှ ၁၈ ကီလိုမီတာကွာဝေးသည်။ ထိုနေရာသည် ဗုဒ္ဓလက်ထက်တွင် ဥရုဝေလတောတန်းတွင်ပါဝင်ပြီး လီလာဂျန်(ခေါ်) နေရဉ္ဇရာမြစ်၏ အနောက်ဘက်၌ တည်ရှိခဲ့သော တောရွာဖြစ်သည်။ ယခုအခါ ဗုဒ္ဓပွင့်တော်မူခြင်းကို အကြောင်းပြု၍လည်းကောင်း၊ ဂယာမြို့အနီးတွင်တည်ရှိသဖြင့် လည်းကောင်း ဗုဒ္ဓဂယာဟု ခေါ်တွင်သည်။ မဟာဗောဓိ စေတီတော်အား အာသောကမင်းကြီးက တည်ထားကိုးကွယ်ခဲ့ကာ စေတီတော်၏ ပင်မအဆောက်အအုံသည် ၅၅ မီတာမြင့်ပြီး သုံးမီတာထုသည့် နံရံများဖြင့် တည်ဆောက်ထားသည်။ **(မြဝတီ)**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း ဘားအံမြို့ရှိရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

**နေပြည်တော် ဇူလိုင် ၃၁**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၉ ရက်က ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး (ဘားအံ) ၌ ကျင်းပသည့် မြိုင်ကြီးငူဆရာတော် ဦးသုဇန၏ (၆၇)နှစ်မြောက် မွေးနေ့မင်္ဂလာ အခမ်းအနားသို့ တက်ရောက်၍ ဆရာတော်အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၃၀ ရက်ကလည်း ဘားအံမြို့ ရွှေယဉ်မျှော်ဘုရားတွင် ဖွင့်လှစ်ထားရှိသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး၍ ဆန်အိတ် ၁၀၀၊ စားသုံးဆီ ၂၀၄ ဘူး၊ ခေါက်ဆွဲဖာကြီး ငါးဖာတို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ကရင်ပြည်နယ် ဘားအံမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ကျောင်းဝင်းအတွင်း၌ အဆောက်အအုံအသစ်တည်ဆောက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန်အတွက် စုစုပေါင်းငွေကျပ် ၅၉၅၄၀၀၀ တန်ဖိုးရှိ ကျားလုံချည်၊ မလုံချည်၊ မျက်နှာသုတ်ပဝါနှင့် ကာဘော်လိပ်ဆပ်ပြာတို့ကို ဇူလိုင် ၃၁ ရက်တွင် နေပြည်တော်လေဆိပ်မှ တပ်မတော်လေယာဉ် Y-8 ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ စုစုပေါင်းငွေကျပ် ၂၄၁၉၅၀၀၀ တန်ဖိုးရှိ မိုးကာလိပ်၊ အဝတ်အထည်၊ ဘေထုပ်နှင့် Family Kit ပစ္စည်းများကို မင်္ဂလာဒုံလေဆိပ်ရှိ တပ်မတော်လေယာဉ် Y-8 ဖြင့်လည်းကောင်း အခြားဝန်ကြီးဌာနများမှ လှူဒါန်း ထောက်ပံ့သည့်ပစ္စည်းများနှင့်အတူ ရခိုင်ပြည်နယ်သို့ ပို့ဆောင်ပေးခဲ့သည်။

အခြားသော ရေဘေးသင့်ဒေသများမှ ပြည်သူများအတွက်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များရှိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းများကို ဆက်လက်ထောက်ပံ့ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကိုမန်ဆိုင်ကလုန်းမုန်တိုင်း ရိုက်ခတ်မှုအရှိန်ကြောင့် ရခိုင်ပြည်နယ်တွင် လေပြင်းတိုက်ခတ်

**စစ်တွေ ဇူလိုင် ၃၁**

ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းက ဖြစ်ပေါ်ခဲ့သော ကိုမန်ဆိုင်ကလုန်းမုန်တိုင်း ရိုက်ခတ်မှုအရှိန်ကြောင့် ရခိုင်ပြည်နယ်အတွင်း မိုးသက်လေပြင်းများ ကျရောက်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ကယ်ဆယ်ရေးနှင့် ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆိုင်ကလုံးမုန်တိုင်း (ကိုမန်)ရိုက်ခတ်မှုမှာ ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီခန့်တွင် စစ်တွေမြို့၏ အနောက်မြောက်ဘက်ခြမ်း စစ်တွေပွိုင့် ကမ်းခြေမှ ဓညဝတီရေတပ်စခန်း ဌာနချုပ် ရေတပ်အိမ်ထောင်သည်လိုင်းများအား ဖြတ်ကျော်ပြီး စစ်တွေဟိုတယ်အပါအဝင် စစ်တွေလေယာဉ်ကွင်းတစ်ဝိုက်၊ မေယုလမ်းနှင့် လေဆိပ်လမ်းဆုံမှ အနောက်တောင်ဘက်နှင့် မကျည်းမြိုင်ရပ်ကွက်၊ ဓညဝတီရပ်ကွက်၊ မင်းဂံရပ်ကွက်၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(စစ်တွေ)နှင့် တပ်နယ်မြေကို ဖြတ်သန်းဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ထိုမုန်တိုင်းတိုက်ခတ်မှု အရှိန်ကြောင့် လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၈၀ ကျော်ခန့်ထိ ရှိခဲ့ပြီး ရှုခင်းသာလမ်း၊ မြင်းပြိုင်လမ်းသွယ်များ၊ နေရှူးလမ်းမကြီးနှင့် အခြားလမ်းသွယ်များ၊ ရပ်ကွက်ကျေးရွာများတွင် သစ်ပင်သစ်ကိုင်းများ ကျိုးကျခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ ပြိုလဲခြင်း၊ လမ်းတစ်လျှောက်ရှိ သက်တမ်းရင့်သစ်ပင်ကြီးများ အပါအဝင် အဖိုးတန်အပင်များပြိုလဲခြင်း၊ လျှပ်စစ် မီးကြိုးနှင့် တယ်လီဖုန်းကြိုးများ ပြတ်တောက်ခြင်း၊ ကွန်ကရစ်ဓာတ်တိုင်များ ကျိုးကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထို့အပြင် ကုလားတန်မြစ်ရေကြီးမှုကြောင့် ကျောက်တော်မြို့နယ်တွင် ရေကြီး ရေလျှံမှုဖြစ်ပေါ်လျက်ရှိသကဲ့သို့ ရန်ကုန်-စစ်တွေ ကားလမ်းမကြီး စစ်တွေမြို့နှင့် ၁၆ မိုင်ခန့်အကွာ ကုလားတန်မြစ်အား ဖြတ်သန်းတည်ဆောက်ထားသည့် အမြင့်ကျွန်းတံတားအခြေမှ ကျွန်းတောင်ရွာဘက်အခြမ်း ၂ မိုင်ခန့်တွင် ကားလမ်းရေကျော်မှုများဖြစ်ပေါ်လျက်ရှိသည်။

ထို့အတူ ပုဏ္ဏားကျွန်းမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားခွဲရုံသို့ အမ်းမြို့ဓာတ်အားခွဲရုံမှပေးပို့သော ၂၃၀ ကေဗွီကောင်းကင် ဓာတ်အားကြိုးသွယ်တန်းထားသည့် တာဝါတိုင်နှင့် ပုဏ္ဏားကျွန်းခွဲရုံသို့အဝင် တာဝါတိုင်တို့သည် ယမန်နေ့ နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က ပြိုလဲပြီး ဓာတ်အားအဝင် ပြတ်တောက်ခဲ့သည်။

စစ်တွေမြို့ရှိ မကျည်းမြိုင်ရပ်ကွက်၊ ဓညဝတီရပ်ကွက်၊ မင်းဂံရပ်ကွက်နှင့် တပ်နယ်မြေတို့တွင် ပျက်စီးမှုများအား မှတ်တမ်းရယူပြင်ဆင်ခြင်း၊ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်များက လမ်းတစ်လျှောက်ပြိုလဲနေသည့် သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်များပြန်လည် သွားလာနိုင်ပြီဖြစ်ကြောင်း၊ လျှပ်စစ်မီးနှင့် တယ်လီဖုန်းလိုင်းများ ပြုပြင်ဆဲဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများအား ကူညီထောက်ပံ့ပေးနိုင်ရန် ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသော လေယာဉ်သည် ယနေ့ ညနေ ၆ နာရီ ၁၅ မိနစ်တွင် စစ်တွေမြို့သို့ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကိုမန်မုန်တိုင်းတဖြည်းဖြည်းအားပျော့သွားမည်ဖြစ်သော်လည်း မုန်တိုင်းအကြွင်းအကျန်များကြောင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၃၁**

ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းကိုမန်သည် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ အားကောင်းသော မုန်တိုင်းငယ်အဖြစ် ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ယနေ့ မွန်းလွဲမှ နောက် ၁၂ နာရီအတွင်း တဖြည်းဖြည်း အားပျော့သွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း အဆိုပါ မုန်တိုင်း အကြွင်းအကျန်များကြောင့် မြန်မာနိုင်ငံတွင်းရှိ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နောက်ထပ် နှစ်ရက်မှ သုံးရက်ခန့် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေကြောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်ဖြစ်ကြောင်း၊ မိုးသက်လေပြင်းတိုက်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မုန်တိုင်းအခြေအနေနှင့် ပတ်သက်ပြီး အဆိုပါ ဌာန၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။

"ဇူလိုင် ၈ ရက်က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခု စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ ၉ ရက်လောက်မှာတော့ အဆိုပါ လေဖိအားနည်းရပ်ဝန်းဟာ အိန္ဒိယနိုင်ငံအနောက် ဘင်္ဂလားပြည်နယ်သို့ ဝင်ရောက်ခဲ့ပါတယ်။ အလားတူဇူလိုင် ၂၆ ရက် နံနက်ပိုင်းမှာ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခု စတင်ဖြစ်ပေါ်ခဲ့ပြီး ညနေပိုင်းမှာ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိခဲ့ပါတယ်။ အဆိုပါ မုန်တိုင်းငယ်ဟာ ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းမှာ အားကောင်းတဲ့မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပါတယ်။ ယင်းအားကောင်းတဲ့မုန်တိုင်းငယ်ဟာ ဇူလိုင် ၃၀ ရက် နံနက်ပိုင်းမှာ ပိုမိုအားကောင်းလာပြီး ဆိုင်ကလုံးမုန်တိုင်းကိုမန်အဖြစ် ရောက်ရှိခဲ့ခြင်း ဖြစ်ပါတယ်။ အခုမုန်တိုင်းရဲ့ အဓိကထူးခြားချက်ကတော့ အခါတိုင်းဖြစ်နေကျ မုန်တိုင်းတွေနဲ့တော့မတူဘူး။ အားကောင်းတဲ့ဆိုင်ကလုံးမုန်တိုင်းကနေ အားကောင်းတဲ့ မုန်တိုင်းငယ်အဖြစ်နဲ့ ပြီးတော့မှ တစ်ဆင့်ပြီး တစ်ဆင့် လေဖိအားနည်း ရပ်ဝန်းအဖြစ် အားပျော့ပျောက်ပြယ်သွားမယ့်အခြေအနေမျိုး ရှိပါတယ်။ နောက်ပြီး အဲဒီနေရာမှာပဲ တစ်ဖြည်းဖြည်းနဲ့ အချိန်ကြာကြာရွေ့လျားနေပါတယ်။ အရင်ကဖြစ်ပေါ်တဲ့ မုန်တိုင်းတွေက အားကောင်းတဲ့အခြေအနေကနေ အချိန်မကြာဘဲ အားပျော့သွားတာမျိုးတွေ ရှိပါတယ်"ဟု မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဟာရင်နိုင်တီယမ်းက မြန်မာ့အလင်းသို့ ပြောသည်။

ထို့အပြင် မြစ်ရေကြီးမှုအခြေအနေနှင့်ပတ်သက်၍ အဆိုပါဌာန ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၀ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေကြောင်း၊ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်ထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း၊ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့၏ စိုးရိမ်ရေ မှတ်အထက် ၁၃၄ စင်တီမီတာ (၄-ပေခွဲခန့်) ကျော်လွန်နေပြီး အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း၊ သံလွင်မြစ်ရေသည် ဘားအံမြို့၏ စိုးရိမ်ရေမှတ်အထက် ၉၂ စင်တီမီတာ (၃-ပေခန့်) ကျော်လွန်နေပြီးအဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း၊ စစ်တောင်းမြစ်သည် မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အထက်၁၁၅ စင်တီမီတာ (၄-ပေခန့်)ကျော်လွန်နေပြီး အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း၊ ငဝန်မြစ်သည် ငါးသိုင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၇ စင်တီမီတာ (၂-ပေခန့်) ကျော်လွန်နေပြီး အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်းယင်းမြို့၏ စိုးရိမ်ရေအမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သိရသည်။

မိုးလယ်ကာလသည့် ယခုဇူလိုင်လတွင်း မြန်မာနိုင်ငံတစ်ဝန်း၌ ထူးခြားသည့် မိုးလေဝသဖြစ်စဉ်များကြောင့် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးများသည်းထန်စွာရွာသွန်းခြင်း၊ မြစ်၊ ချောင်းဆည်တာတမံများ ရေကြီးရေလျှံ ခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ပြီး အဆိုပါထူးခြားသော မိုးလေဝသဖြစ်စဉ်များ၏ အကျိုးသက်ရောက်မှုကြောင့် နေရာအချို့မှ ဒေသခံများ သဘာဝ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

ဇူလိုင်လ၏ ထူးခြားသော မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်မှုနှင့် ပတ်သက်ပြီးဒေါက်တာဟာရင်နိုင်တီယမ်းအား ဆက်လက်မေးမြန်းခဲ့ရာ မိုးလယ်ကာလဖြစ်တဲ့ ဒီနှစ်ဇူလိုင်လကတော့ ထူးခြားပါတယ်။ မြန်မာနိုင်ငံတစ်ဝန်း မိုးရွာသွန်းမှုများပြီး အထူးသဖြင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသတွေမှာ ခါတိုင်းနှစ်ပုံမှန်မိုးရွာသွန်းမှုတွေထက် မိုးရေချိန်ပိုများပြီးစံချိန်သစ်တွေ တင်ခဲ့တဲ့အတွက်ကြောင့်ပါ။

"ဇူလိုင် ၁၇ ရက်နဲ့ ၁၈ ရက်တို့မှာ ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်တို့မှာ မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည့်အပြင် အိန္ဒိယနိုင်ငံဘက်မှ သွယ်တန်းလာတဲ့ လေဖိအားနည်းမြောင်းတန်းဟာ မြန်မာနိုင်ငံအနောက်မြောက်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေကို တိုးဝင်နေတာကြောင့် မင်းတပ်မြို့၊ ကန့်ဘလူ၊ အမ်းမြို့နဲ့ ခရမ်းမြို့တို့မှာမိုးရေချိန်စံချိန်သစ်တင်ခဲ့ပါတယ်။ နောက် ဇူလိုင် ၂၅ ရက်မှာလည်း အိန္ဒိယနိုင်ငံဘက်မှ သွယ်တန်းလာတဲ့ လေဖိအားနည်းမြောင်းတန်းနဲ့ တရုတ်နိုင်ငံပေါ်မှ လေဖိအားနည်း မြောင်းတန်းတို့ ပေါင်းဆုံပြီး မြန်မာအရှေ့ဖျားပိုင်းဒေသများသို့ စတင်ခဲ့ပါတယ်။

"အလားတူ ဇူလိုင် ၂၇ ရက်နဲ့ ၃၀ ရက်တို့မှာ ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်တို့မှာ မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် မုန်တိုင်းငယ်ရဲ့ အရှိန်ကြောင့် လည်းကောင်း မင်းတပ်မြို့၊ ဟားခါးမြို့နဲ့ ဖလမ်းမြို့တို့မှာ မိုးရေချိန်စံချိန်သစ်များတင်ခဲ့ပါတယ်"ဟု ပြောသည်။

မိုးရေချိန် စံချိန်သစ်များနှင့် ပတ်သက်ပြီးမေးမြန်းရာတွင် "မိုးရွာသွန်းမှု အခြေအနေများကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနဲ့ တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိနဲ့ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တို့မှာဇူလိုင် ၂၆ ရက်မှ ၃၁ ရက်ထိမိုးထစ်ချုန်းရွာသွန်းခဲ့တာကို တွေ့ရပါတယ်"ဟု ပြောသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆွစ်ဇာလန်နိုင်ငံထူထောင်သည့်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁**

၂၀၁၅ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျရောက်သည့် ဆွစ်ဇာလန်နိုင်ငံ ထူထောင်သည့်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒီဒီရာ ဘတ်ခ်ဟော်လ်တာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



## ရေဘေးသင့် အိမ်ထောင်စုများအား စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ စက်လှေများနှင့် သွားရောက်ထောက်ပံ့

**မြင်းမူ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ မူးမြစ်ရေ ဝင်ရောက်လျက်ရှိသည့် ကျေးရွာများမှ ရေဘေး သင့် အိမ်ထောင်စုများထံသို့ ဇူလိုင် ၃၁ ရက်က စက်လှေများဖြင့် သွားရောက်ပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်ဘူးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ကျေးရွာများဖြစ်သည့် သပြေသာ၊ ပုံညာ၊ ညောင်မြစ်၊ မေဂျာနှင့် မစုရကျေးရွာများမှ အိမ်ထောင်စု ၈၂၆ စု၊ အိမ်ထောင်စုဝင်ပေါင်း ၃၅၄၅ ဦးအတွက် စားသောက်ဖွယ်ရာ ထမင်းထုပ်များ၊ အသင့်စား ခေါက်ဆွဲခြောက်ထုပ်များနှင့် သောက်ရေသန့်ဘူးများကို ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ ရေဘေးသင့်အိမ်ထောင်စုများထံသို့ သွားရောက်ထောက်ပံ့ပေးရာတွင် စစ်ကိုင်းတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ ဦးသိန်းဇော်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြတ်သုခလူမှုကူညီရေးအသင်းဝင်များက စက်လှေများဖြင့်သွားရောက်ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

မြင်းမူမြို့နယ်အတွင်းရှိ ရေဘေးသင့် ကျေးရွာများအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာများမှ စေတနာရှင်၊ အလှူရှင်များက အသင့်စား ခေါက်ဆွဲခြောက်ထုပ်များ၊ မုန့်ထုပ်များနှင့် သောက်ရေသန့်ဘူးများကို နေ့စဉ်လှူဒါန်းလျက်ရှိရာ မြို့နယ်အဆင့်ဌာန ဆိုင်ရာများနှင့် မြတ်သုခ လူမှုကူညီရေးအသင်းဝင်များက ရေဘေးသင့် ကျေးရွာများသို့ စက်လှေများဖြင့် သွားရောက်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြန်/ဆက်)**

## မြေပြို၊ အိမ်ပြို၊ လမ်း၊ တံတားပျက်စီးမှုများ ကယ်ဆယ်ရေးနှင့် ပြုပြင်ရေးဆောင်ရွက်နေ

**ဟားခါး ဇူလိုင် ၃၁**

ချင်းပြည်နယ်ဟားခါးမြို့တွင် ဇူလိုင် ၂၄ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် မြေပြိုမှု၊ အိမ်ပြိုမှု၊ လမ်း၊ တံတားပြိုကျပျက်စီးမှုများဖြစ်ပွားခဲ့ရာ ယနေ့အထိ လူနေအိမ် ၁၉ လုံးပျက်စီးပြီး အန္တရာယ်ရှိ၍ ရွှေ့ပြောင်းပေးရသည့် အိမ်ထောင်စု ၅၇ စုရှိကာ ယင်းသဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ပြည်သူများ၏ ကျန်းမာရေး၊ လုံခြုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ဟားခါး-ဖလမ်းလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ ဟားခါး-ထန်တလန်လမ်းနှင့်ကျေးရွာချင်းဆက်လမ်းများ ပြန်လည်ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လမ်းကြောင်းသစ်များ ရှာဖွေခြင်း၊ မြေစာများအား စက်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားခြင်း၊ တံတားများ ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသဖြင့် ရက်ပိုင်းအတွင်းလမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြီးအုံကြီးဝရေလှောင်တမံရေပိုလွှဲမှ ရေထုတ်လွှတ်မှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ယနေ့နံနက်ပိုင်းက ကြီးအုံကြီးဝရေလှောင်တမံသို့ သွားရောက်စစ်ဆေးပြီး ရေလှောင်တမံမှ တာဝန်ရှိသူများနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တမံကြံ့ခိုင်ရေးအတွက်အစဉ်အမြဲ စစ်ဆေးကြပ်မတ်ရန်၊ တာဝန်ချထားသော ရေကင်းများအနေဖြင့် ထူးခြားမှုရှိပါကလည်းကောင်း၊ ကြီးအုံကြီးဝတမံမှတစ်ဆင့် မုန်းချောင်းတစ်လျှောက်ရှိ ကျေးရွာများ ရေဝင်ရောက်မှုရှိပါကလည်းကောင်း အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကြီးအုံကြီးဝ ရေလှောင်တမံမှ တစ်ဆင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ မုန်းချောင်းတစ်လျှောက်အား ကြည့်ရှုစစ်ဆေးသည်။



ကြီးအုံကြီးဝတမံတွင် ရေပိုလွှဲနှင့် အကူရေပိုလွှဲမှ စနစ်တကျ ရေထုတ်လွှတ်လျက်ရှိပြီး ပင်မတမံ ကြံ့ခိုင်မှုအတွက် စိုးရိမ်ဖွယ်ရာ မရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရာဇဂြိုဟ်ရေလှောင်တမံနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့အနီးတွင် တည်ရှိသော ရာဇဂြိုဟ်ရေလှောင်တမံသည် တမံအမြင့် RL ပေ ၆၆၀ရှိ၍ ရေပိုလွှဲထိပ်အမြင့် ပေ ၆၄၀ ဖြစ်ပြီး ရေလွှတ်အမြင့်ပေ ၂၀ ရှိသည်။

ယနေ့နံနက် ၆ နာရီတိုင်းထွာချက်အရ ရေအမှတ် ၆၅၂ ဒသမ ၂ ပေရှိ၍ ရေပိုလွှဲမှ ၁၂ ဒသမ ၂ ပေရေကျော်လျက်ရှိသော်လည်း တမံထိပ်သို့ရောက်ရှိရန် ၆ ဒသမ ၈ ပေလိုအပ်ပါသည်။ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေအမှတ် ၀ ဒသမ ၃ ပေ စတင်ကျဆင်းလျက်ရှိကြောင်း ရေလှောင်တမံ၏ ခိုင်ခံ့မှုနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာလုံးဝမရှိပါကြောင်း ပြည်သူများသို့ အသိပေးအပ်ပါသည်။

**ဆည်မြောင်းဦးစီးဌာန**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# ကလေးခရိုင်အတွင်းရှိဒေသများသို့ နိုင်ငံတော်မှ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိ

**မုံရွာ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြစ်သာမြစ်နှင့်နေရဥ္စရာမြစ်ရေ မြင့်တက်လာပြီး ဇူလိုင် ၃၁ ရက် ညနေအထိ မြို့ပေါ်ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာ ၂၅ ရွာသို့ ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကလေးခရိုင်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရာဇဂြိုဟ်ဆည်သည် ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် လက်ရှိရေအမှတ် ၆၅၃ ဒသမ ၂ ပေကို ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်မှာ ၆၅၅ ပေဖြစ်သဖြင့် ဆည်၏ ရေပိုလွှဲမှ ရေများလျှော့ချထုတ်လွှတ်လျက်ရှိကြောင်းနှင့် ညနေ ၆ နာရီခန့်တွင် ဆည်ရေ နှစ်ပေခန့် ကျသွားပြီဖြစ်ကြောင်း သိရသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကလေးမြို့နယ်အတွင်းရှိ နတ်တံတား (သံကူကွန်ကရစ်)၊ ဇီးချောင်းတံတား(သံတံတား)၊ ဆည်ကြီးတံတား(သံတံတား)၊ အောင်မြင်သာတံတား (သစ်သားတံတား)၊ နတ်မြောင်းချောင်းတံတားတို့မှာ ရေတိုက်စားပြီး ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်ရာ ကလေးခရိုင်အတွင်း ရေဘေးသင့်ဒေသများသို့ နိုင်ငံတော်အစီစဉ်ဖြင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် မော်တော်ဘုတ်များ၊ သက်ကယ်အင်္ကျီများ၊ စကားပြောစက်များနှင့် အသင့်စားခေါက်ဆွဲခြောက်ထုပ်၊ ငါးသေတ္တာဘူး၊ ရေသန့်ဘူးများနှင့် အဝတ်အထည် မျိုးစုံ ကျားဝတ်၊ မဝတ်များနှင့် အခြားအသုံးအဆောင် ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို ရဟတ်ယာဉ်များဖြင့် ယာကြီး-ကလေးဝလမ်းပေါ်ရှိ ချမ်းအေးရွာအရောက် အမြန်ပို့ဆောင်ပေးလျက်ရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)



# မုန်းချောင်းနှင့် ကြီးအုံကြီးဝ ရေလှောင်တမံများ၏ ရေပိုလွှဲမှရေကျော်ကျမှု အခြေအနေနှင့် အရေးပေါ် စီမံဆောင်ရွက်ရမည့်လုပ်ငန်းများ ဆောင်ရွက်ထား

**နေပြည်တော် ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မိုးရေချိန်စံချိန်သစ်များဖြင့် ထူးကဲစွာ မိုးရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း (ကိုမန်)၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းခြင်းများကြောင့် မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝရေလှောင်တမံတို့တွင် အချိန်တိုအတွင်း ရေသိုလှောင်နိုင်မှုပမာဏထက် ကျော်လွန်ပြီး ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။



ကြီးအုံကြီးဝရေလှောင်တမံ ပင်မရေပိုလွှဲမှ ရေကျော်နေမှုကို တွေ့ရစဉ်။

သို့ဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့သည် ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မုန်းချောင်းရေလှောင်တမံ၊ ကြီးအုံကြီးဝရေလှောင်တမံနှင့် မဲဇလီရေလွှဲဆည်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ရာသီဥတုအခြေအနေအရ မိုးဆက်လက်ရွာသွန်းပြီး ထပ်မံရေဝင်ရောက်နိုင်မည့် အခြေအနေ၊ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေနှင့် အရေးပေါ် စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို အသေးစိတ် စီမံဆောင်ရွက်ခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မိုးဆက်လက်ရွာသွန်းနေ၍ သဖန်းဆိပ်ဆည်မှ ရေများ ဆက်လက်ထုတ်လွှတ်လျက်ရှိသော်လည်း စိုးရိမ်ဖွယ်မရှိ

**မုံရွာ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရွှေဘိုခရိုင် ကွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံမှ ရေများလျှော့ချထုတ်လွှတ်လျက်ရှိကြောင်း သိရသည်။

သဖန်းဆိပ်ဆည်သည် ကန်ရေပြည့်လက်ခံနိုင်သည့် ရေလှောင်ပမာဏ ၂၈ သိန်း ၈ သောင်း ဧကပေ လက်ခံနိုင်ပြီး အထက်ပိုင်းဒေသများတွင် မိုးကောင်းနေသည့်အတွက် ဆည်၏ စိုးရိမ်ရေမှတ် ၅၄၅ ပေကို ကျော်လွန်ပြီး လက်ရှိ ဇူလိုင်၃၁ ရက်တွင် ပေ ၅၄၅ ဒသမ ၄၀ ဖြစ်သည့် ကန်ရေပြည့်ပမာဏ ၂၉၄၄၀၉၆ ဧကပေကို ရောက်ရှိနေကြောင်းသိရသည်။

သို့ဖြစ်ရာ သဖန်းဆိပ်ဆည်၏ ပင်မရေပိုလွှဲ ၁၂ ပေါက်တံခါးမှ လက်ရှိရေလွှတ်နှုန်း ၅၂၀၀၀ ကျူဆက်ဖြင့် ရေများလျှော့ချလျက်ရှိပြီး ယခင်ရက်များက ၄၆၀၀၀ ကျူဆက်နှုန်းသာ ထုတ်လွှတ်ပေးရာမှ အထက်ပိုင်းတွင် မိုးဆက်လက်ရွာသွန်းသဖြင့် ယခုကဲ့သို့ တိုးမြှင့်ထုတ်လွှတ်နေကြောင်း သိရှိရပြီး ဆည်၏ ကြံ့ခိုင်မှုမှာ စိုးရိမ်ဖွယ်ရာမရှိကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

## ငဝန်တာရေစိမ့်ပေါက်ကို ကတုတ်ကျင်းရိုက်ပြုပြင်

**ငါးသိုင်းချောင်း ဇူလိုင် ၃၁**

ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခွဲက ငါးသိုင်းချောင်းမြို့ ငဝန်ရပ်ကွက် ကျွန်းဦးတာကြီးတန်းလမ်း ငဝန်တာ မိုင်တိုင်(၄၆/၅+၃၃၀)တွင် အချင်း(လက်မဝက်)ခန့်ရှိသော ရေစိမ့်ပေါက်တစ်ခုတွေ့ရှိရာ မြို့ပေါ် ခြောက်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အဖွဲ့ဝင်များ၊ မီးသတ်ကယ်ဆယ်ရေး အင်အားများတို့ဖြင့် ရှစ်ပေပတ်လည်မြေသား ကတုတ်ရေထုတ်ပြွန်တာတမံထိန်းနည်းဖြင့် ဝိုင်းဝန်းဆောင်ရွက်ရာ နံနက် ၁၁ နာရီခွဲတွင် ရေစိမ့်ပေါက်ကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ မိုးရေချိန် ၂၈ ဒသမ ၉၅ ပေသို့ ရောက်ရှိနေကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# ရာဇဂြိုဟ်၊ မုန်းနှင့် ကြီးအုံကြီးဝတမံများ ရေဖောက်ချရမည့်အခြေအနေမရှိ ကျွမ်းကျင်အင်ဂျင်နီယာများစုဖွဲ့ကာ အချိန်ပြည့်စောင့်ကြည့်စီမံဆောင်ရွက်နေ

စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မကွေးတိုင်း ဒေသကြီးများအတွင်း၌ ဒေသတွင်း မကြုံစဖူးထူးကဲစွာ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ရေလှောင်တမံများရှိ ရေပိုလွှဲ များမှ ရေများကျော်ကျနေမှုများကြောင့် ရေကြီးနစ်မြုပ်မှု ပိုမိုဖြစ်ပေါ်ရခြင်းဖြစ်သည်ဟု ဒေသခံများက နားလည်မှု လွဲမှားလျက်ရှိနေကြကြောင်း သိရသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဆည်များ၊ နိုင်ငံတော်က တစ်စိတ်တစ်ပိုင်းကျခံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံများနှင့် ပူးပေါင်းကျခံပြီး ဆောင်ရွက်ထားသည့် ဆည်များ၊ တောင်သူများအစီအစဉ်ဖြင့် ဆောက်လုပ်ထားသည့် ဆည်များရှိနေပြီး လက်ရှိဆည်မြောင်း ဦးစီးဌာနလက်အောက်တွင် စီမံကိန်းအသွင်ဆောင်ရွက်ထားသည့် တမံများကိုသာ စောင့်ကြည့်လျက်ရှိပြီး ကျန်ဆည်တမံအငယ်များကို ဒေသဆိုင်ရာအဖွဲ့အစည်းများအား ဆည်ကော်မတီများဖွဲ့စည်းပြီး လွှဲအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံကြီးများအနက် ရေလှောင်တမံ ၄၃ ခုတွင် ကန်ရေအပြည့်သိုလှောင်နိုင်သော ပမာဏထက် ကျော်လွန်လာသောကြောင့် ရေလှောင်တမံလေးခုမှာ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိနေသည်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများ၌ မိုးရေချိန် စံချိန်သစ်များဖြင့် ထူးကဲမိုးရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း(ကိုမန်)၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် သဖန်းဆိပ်ရေလှောင်တမံ၊ မုန်းရေလှောင်တမံ၊ မန်းရေလှောင်တမံ၊ ကြီးအုံကြီးဝရေလှောင်တမံ၊ စလင်းရေလှောင်တမံ၊ မမြရေလှောင်တမံနှင့် ကညင်ရေလှောင်တမံများ၌ ကန်ရေပြည့်သိုလှောင်ပမာဏထက် ကျော်လွန်နေပြီး မိုးဆက်လက်ရွာသွန်းနိုင်သော အခြေအနေပေါ်တွက်ဆပြီး ရေထိန်းညှိ လွှတ်လျက်ရှိနေကြောင်း သိရသည်။

ယင်းအခြေအနေ များတွင် ဆည်များ ကျိုးကျသည်ဆိုသည့် ကောလာဟလများနှင့် ပတ်သက်ပြီး ဆည်မြောင်းဦးစီးဌာန စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ဇောက "ဆည်တစ်ခုဆောက်တော့မယ်ဆိုရင် သတ်မှတ်ထားတဲ့လှောင်နိုင်တဲ့ပမာဏရှိတယ်။ အဲဒီပမာဏထက် ကျော်သွားရင် ရေတွေထွက်ဖို့ ရေပိုလွှဲဆိုတာရှိတယ်။ ဆည်တိုင်းမှာလည်း ရေပိုလွှဲတွေရှိပါတယ်။ ရေပိုလွှဲကနေဆည်ထိပ်အထိ အနည်းဆုံး ၁၃ ပေ၊ ၁၅ ပေကနေ ပေ ၄၀ အထိ ရှိပါတယ်။ မုန်းတမံလို တမံသိပ်ကြီးတဲ့အခါ ပေ ၄၀ အထိ ထားပါတယ်။ ရေလွှတ်အမြင့်လို့ခေါ်ပါတယ်။ မင်းမြင်ဆည်မှာဆိုရင်တော့ ရေလွှတ်အမြင့် ၁၃ ပေပဲရှိပါတယ်၊ မင်းမြင်ဆည်မှာဆိုရင် ဆည်ထိပ်ကနေ သုံးနာရီ၊ လေးနာရီကြာထိ ရေကျော်ကျတာ ရှိခဲ့ပါတယ်။ ရေပိုလွှဲက ရေစကျော်တာနဲ့ တမံထိပ်ကို မရောက်သေးပါဘူး။ ရေပိုလွှဲကနေ ရေကျော်တာဟာ ပုံမှန်အနေအထားဖြစ်တဲ့အတွက် ဘယ်သူ့ကိုမှ မကြေညာပါဘူး။ သတိပေးတာလည်း မရှိပါဘူး။ ဒီနှစ်မှာ မမျှော်လင့်ထားတဲ့ မိုးရေချိန်အခြေအနေတွေကြောင့် ဆည်ထိပ်ထိ ရေတွေနီးကပ်လာတာ တွေ့ရတယ်။ အဲလိုဖြစ်လာရင် ဆည်ကြီးတွေမှာ ဆည်ပေါ်ကနေ ရေကျော်ကျမခံတော့ဘဲ သတ်မှတ်ထားတဲ့ရေအမှတ်တစ်ခုကို ရောက်လာပြီဆိုတာနဲ့ အရေးပေါ်ရေပိုလွှဲအနေနဲ့ ဖောက်ချဖို့အတွက် နေရာတစ်ခုကို သတ်မှတ်ထားပါတယ်၊ အထူးသဖြင့် တမံထိပ်ကို ရောက်ရှိဖို့ ၅ ပေလောက်လိုပြီဆိုတာနဲ့ ဖောက်ချဖို့ အရေးပေါ် ရေပိုလွှဲထားတယ်ဆိုတာ ပုံမှန်အတိုင်း တမံကြီးစတည်ဆောက်ချိန်ကတည်းက အရေးပေါ်စီမံချက်များအတွင်း ပါရှိပြီးဖြစ်ပါတယ်၊

"ရေဖောက်တော့မယ် ဆိုရင် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများထံသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသဆိုင်ရာ ဆည်မြောင်းဦးစီးဌာနများက ကြေညာချက်များ၊ သတိပေးချက်များ ကြိုတင်ထုတ်ပြန်မှာဖြစ်ပါတယ်။ အခုလက်ရှိအချိန်ထိ သတ်မှတ်ထားတဲ့အဆင့်ထိ မရောက်သေးဘူးဆိုတော့ ဆည်တွေ၊ တမံတွေဖောက်ချတာတော့ မရှိသေးတဲ့အတွက် သတိပေးတာတွေ မရှိသေးပါဘူး။ အခုမုန်းတမံမှာဆိုရင် ဆည်ထိပ်ကိုရောက်ဖို့ လေးပေအလိုမှာ ဖောက်ချဖို့အတွက် ပေ ၅၀ အကျယ်အဝန်းရှိတဲ့ အရေးပေါ်ရေပိုလွှဲနေရာကို သတ်မှတ်ထားပြီးတော့ လိုအပ်ရင်ဖောက်ချဖို့အတွက် အဲဒီမှာစောင့်ကြည့်နေတဲ့ လက်ထောက်ညွှန်ကြားရေးမှူးကိုလည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်၊ ဇူလိုင် ၃၀ ရက်ညနေ ၄ နာရီထိ ရေပိုလွှဲမှ ရေများကျော် ကျနေတာပဲရှိပါတယ်။ သတ်မှတ်ထားတဲ့ ရေအမြင့်ထက် လျော့ကျနေတဲ့အခြေအနေသာရှိနေတာဖြစ်တဲ့အတွက် ဖောက်ချဖို့အခြေအနေမရှိနိုင်တော့ပါဘူး" ဟု ပြောကြားသည်။

ဆည်များ၏ လက်ရှိအခြေအနေများနဲ့ပတ်သက်ပြီး "ရာဇဂြိုဟ်ဆည်မှာ ယခုနှစ်မှ စတင်သိုလှောင်ခြင်းဖြစ်ပြီး ဇူလိုင် ၃၀ ရက် ညနေပိုင်းက ရေအမှတ်မှာ တမံထိပ်သို့ရောက်ရှိရန် အမြင့် ၈ ပေခန့် ရောက်ရှိနေပြီး ရေပိုလွှဲမှတစ်ဆင့် ညနေ ၄ နာရီ အချိန်ထိ ရေ ၁၂ ပေကျော်နေတယ်။ တမံထိပ်သို့ရောက်ရှိရန် လေးပေအလိုတွင် ဖောက်ချနိုင်ရေးအတွက် စောင့်ကြည့်နေတဲ့ ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာများအား ညွှန်ကြားထားပြီး စက်ယန္တရားများနှင့်တကွ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါတယ်။ ရေများ ဖောက်ချတဲ့အချိန်တွင် အရေးပေါ်ရေပိုလွှဲမှ ကျတဲ့ရေတွေမှာ မူလရေပိုလွှဲမှကျတဲ့ ချောင်းများထဲသို့ကျအောင် စီမံဆောင်ရွက်ထားပါတယ်။ ဇူလိုင် ၃၀ ရက် ညနေပိုင်းထိ တမံထိပ်သို့ ရောက်ရှိရန် ရှစ်ပေကျန်နေခြင်းကြောင့် ဖောက်ချရန် အခြေအနေမရှိတော့ပါ။ ရေပိုလွှဲမှနေ ရေလွှတ်နေတဲ့ အဆင့်သာရှိနေပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ယခုလက်ရှိ မုန်းတမံ အခြေအနေနှင့်ပတ်သက်ပြီး "မုန်းတမံကတော့ နည်းနည်းရေကျော်တာများတယ်။ ရေပိုလွှဲကနေ ရေကျော်တာပဲ အခုညနေ ၄ နာရီထိ ၃၅ ပေကျော်နေပါတယ်။ ၃၆ ပေရောက်ရင် တစ်နေရာကနေ ဖောက်ချဖို့အတွက် စီမံဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ချိုးတဲ့အခါမှာလဲ အရေးပေါ်ရေပိုလွှဲက ရေများဟာ အရင်ရေပိုလွှဲသွားတဲ့ ရေလမ်းကြောင်းကနေပဲ ရေများစီးဆင်းမှာပဲဖြစ်ပါတယ်။ အခုညနေ လေးနာရီမှာ ရေဆက်တက်တာ မရှိတော့ဘူးလို့ သိရပါတယ်။ မုန်းတမံဟာ အရင်နှစ်တွေတုန်းက အများဆုံး ပေ ၂၀ ထိပဲကျော်ဖူးပါတယ်၊ အခုဆို ၃၅ ပေကျော်နေတာဖြစ်တဲ့အတွက် ဒီနှစ်တော့ စံချိန်တင်ရေကျော်ခြင်းလည်းဖြစ်ပါတယ်။ ကြီးအုံကြီးဝကတော့ မုန်းတမံရဲ့အောက်မှာ ရေအားလျှပ်စစ်ထုတ်ဖို့ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ကြီးအုံကြီးဝတမံမှာ ရေလွှတ်အမြင့် ပေ ၄၀ ထားရှိပါတယ်၊ ဒီတမံရဲ့ထူးခြားချက်ကတော့ မူလရေပိုလွှဲနဲ့ အကူရေပိုလွှဲဆိုပြီး ရေပိုလွှဲနှစ်ခုရှိတာဖြစ်တဲ့အတွက် ၂၈ ဒသမ ၈ နဲ့ ၂၄ ပေကျော်နေပါတယ်၊ ထွက်တဲ့ပမာဏများတာဖြစ်တဲ့အတွက် ပုံမှန်အခြေအနေမှာပဲ ရှိနေတာဖြစ်တဲ့အတွက် ထိန်းညှိပေးစရာမလိုတော့ပါဘူး" ဟု ပြောကြားသည်။

ယခုလက်ရှိအချိန်တွင် သက်ဆိုင်ရာ ရေဘေးကာကွယ်ရေးတာတမံများကြံ့ခိုင်မှုအတွက် ကြိုတင်ဆောင်ရွက်ခြင်း၊ ၂၄ နာရီစောင့်ကြည့်စီမံခြင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများဖြင့်ပူးပေါင်းကာ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ခြင်း၊ အတွေ့အကြုံရှိပြီး ကျွမ်းကျင်မှုရှိသည့် အင်ဂျင်နီယာဝန်ထမ်းများဖြင့်စုဖွဲ့ကာ အချိန်ပြည့်စောင့်ကြည့် စီမံဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထို့ပြင် အရေးပေါ်တာတမံများ ရေဖောက်ချမည်ဆိုပါက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများသို့ ဆည်မြောင်းဦးစီးဌာနများမှ လိုအပ်သည့်ညွှန်ကြားချက်များ၊ သတိပေးချက်များ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**



မုန်းချောင်းရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေကို ဇူလိုင် ၃၀ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

# ကလေးမြို့ ရေဘေးကယ်ဆယ်ရေး တပ်မတော်လေယာဉ်ကို အကူအညီတောင်းထား

**နေပြည်တော် ဇူလိုင် ၃၁**

ကလေးမြို့ရှိ ရေဘေးကျရောက်နေသော ပြည်သူများ အိမ်ထောင်စု ၅၀၀ စာအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် ဘေထုပ်ခြောက်ထုပ်ကို တင်ဆောင်လာသောရဟတ်ယာဉ်သည် ကလေးမြို့သို့ ရာသီဥတုမကောင်းသဖြင့် ချပေးခွင့်မရဘဲ မုံရွာလေဆိပ်သို့ ပြန်လာခဲ့ရ ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားမှုဝန်ကြီးဌာန လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

"ကလေးမြို့ ရေဘေးကယ်ဆယ်ရေးအတွက် ရဟတ်ယာဉ်စေလွှတ်တာပါ။ အရင်ဆုံးအသက်ကယ်လှေ ရှစ်စင်းတင်ပြီးတော့ ပထမတစ်ခေါက် သွားပါတယ်။ ကလေးမြို့မှာ ရာသီဥတုအခြေအနေကြောင့် ရဟတ်ယာဉ် ဆင်းခွင့်မရတဲ့အတွက် ကလေးဝမြို့ကို ပို့ပေးခဲ့ပါတယ်။ အခု ကျွန်တော်တို့ Y 8 တပ်မတော်လေယာဉ်ကို အကူ အညီတောင်းထားပါတယ်။ အခုဆို လေဆိပ်မှာ အသင့်ပြင်ထားပြီး စောင့်ဆိုင်းနေပါတယ်" ဟု လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခွဲဟရယ်က ပြောသည်။

ကလေးမြို့ဝင် ဆိုင်းဘုတ်ရေလွှမ်းလျက်ရှိသည့်ဓာတ်ပုံများကို ဖေ့စ်ဘွတ်ခ် လူမှုကွန်ရက်စာမျက်နှာများတွင်တွေ့နေရပြီး ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲက ကလေးမြို့နေ ကိုငြိမ်းမင်းသူအား ဆက်သွယ်မေးမြန်းခဲ့ရာ "ကလေးမြို့ရဲ့ သုံးပုံတစ်ပုံ ရေမြုပ်နေပါတယ်။ ကယ်ဆယ်ရေးတွေ မရောက်ကြသေးပါဘူး။ အဓိက ကျွန်တော်တို့လိုအပ်နေတာက နေရာထိုင်ခင်းပါ" ဟု ဖြေကြားရင်း ဖုန်းလိုင်းပြတ်တောက်သွားခဲ့သည်။

ယခုဇူလိုင်လအတွင်း မြန်မာနိုင်ငံ နေရာဒေသအများအပြားတွင် မိုးရေချိန် ပိုမိုရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ပြည်သူများအားရေဘေးလွတ်ရာသို့ ကူညီကယ်ဆယ်ရွှေ့ပြောင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရအဖွဲ့အစည်း၊ အရပ်ဘက်ကူညီရေးအဖွဲ့အစည်းအသီးသီးတို့က ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိသည်နှင့်အတူ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနက မြန်မာနိုင်ငံတစ်ဝန်းတွင် ကူညီထောက်ပံ့ရေးပစ္စည်း သိုလှောင်ဂိုဒေါင် ၃၃ နေရာထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့လျက်ရှိပြီး ဂိုဒေါင်တွင်း ပစ္စည်းလျော့ပါက ချက်ချင်းဖြည့်တင်းမှုများပြုလုပ်ပြီး သတ်မှတ်ဘတ်ဂျက်ထက်လိုအပ်ပါက သမ္မတအရန်ငွေထဲမှ ထုတ်ယူသုံးစွဲခွင့်ပြုထားကြောင်း သိရသည်။

ကူညီရေးအဖွဲ့အစည်းအသီးသီး မှ ရေဘေးဒဏ်ခံပြည်သူများ လိုအပ်ချက်များကို တတ်စွမ်းသမျှ ကူညီဖြည့်ဆည်းပေးလျက်ရှိရာ ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက် စသည်ဖြင့် အခြေခံစားသောက်ပစ္စည်းများ လာရောက်လှူဒါန်းကြသော်လည်း အစားအစာများထည့်စားရန် ပန်းကန်ပါဝင်ခြင်းမရှိသော အခက်အခဲများကြုံရကြောင်း အရပ်ဘက်လူမှုကယ်ဆယ်ရေးအဖွဲ့တစ်ခုမှ ကိုဟိန်းသူစိုးက ပြောသည်။

သဘာဝဘေးသင့် ပြည်သူများအတွက် လိုအပ်ချက်နှင့်အညီ ကူညီခွင့်ရရေးအတွက် မြန်မာနိုင်ငံနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် WFP၊ UNHCR၊ UNOCHA အဖွဲ့များသို့ အဓိကလိုအပ်ချက်များပါဝင်နိုင်ရေး တောင်းဆိုပေးမည်ဖြစ်ကြောင်း သိရ သည်။

"ကျွန်တော်တို့ အထက်ပါအဖွဲ့အစည်းတွေအပြင် ဂျိုက်ကာအဖွဲ့ကိုလည်း အကူအညီပေးဖို့ တောင်းဆို ထားပါတယ်။ တာပေါ်လင်စတွေ၊ စောင်တွေ၊ ရေတိုင်ကီ၊ ရေသန့်စက်တွေကူညီပေးဖို့ တောင်းဆိုထားပါတယ်။ တစ်ပတ်အတွင်း ရောက်အောင်ပို့ပေးမယ်လို့ပြောပါတယ်" ဟု ဦးခွဲဟရယ်က ပြောသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

❇ ရှေ့ဖုံးမှ

တိုင်းမီးသတ်ဦးစီးမှူး၏ ပြောကြားချက်အရ မီးသတ်အင်အား ၁၁၆ ဦးမှ လှေခြောက်စင်းဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးနှင့် သက်ကြီးရွယ်အိုများအား ကယ်ဆယ်ရသည်မှာ မလွယ်ကူကြောင်း လမ်းပေါ်တွင် သစ်ပင်များလဲကျနေ၍ ရှင်းလင်းခုတ်ထွင်နေရသဖြင့် ကြန့်ကြာမှုရှိကြောင်း၊ မြစ်ချောင်းဖြိုး၊ အရေအရင်းအမြစ် စသည့် ဌာနဆိုင်ရာများအပြင် လူမှုရေးအဖွဲ့အစည်းများကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မင်းဘူး (စကု)ဘက်မှ ပွင့်ဖြူမြို့အဝင် ကုလားကုန်းကျေးရွာရှိ ဘုရားဝင်းအတွင်း စံပြကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံနှင့် စက်မှုလယ်ယာတို့တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပါသည်။

ပွင့်ဖြူမြို့နယ် ရွှေဘိုကျေးရွာသို့ ရောက်ရှိနေသော ပြည်သူများမှာ ရေကြီးရေလျှံမှု မဖြစ်ခင်ကတည်းက သွားရောက်၍ ရွှေ့ပြောင်းနေကြသည်ကိုတွေ့ရှိရကြောင်း ကယ်ဆယ်ရေးများ မသွားရောက်သည်မှာ မဟုတ်ကြောင်း၊ ယခုအချိန်အထိ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေကိုယ်တိုင် ညအိပ်ရပ်နား၍ ကယ်ဆယ်ရေးလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

စေတုတ္တရာမြို့နယ် ရေကြီးရေလျှံမှုမှာ မုန်းချောင်းရေနှင့် ဆီမီးချောင်းရေတို့အပြင် မိုးများအဆက်မပြတ် ရွာသွန်းမှုတို့ကြောင့် ရေကြီးရေလျှံရခြင်းဖြစ်ကြောင်း မုန်းတမံဆည်အနေဖြင့် ရေများဖောက်ချခြင်းမဟုတ်ဘဲ ရေပိုလွှဲမှ ရေများလျှံကျလာခြင်းကြောင့် အဆိုပါမြို့ ရေမြုပ်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ပြည်သူများ၏ အသက်အန္တရာယ် ကင်းဝေးစေရန်အတွက် ကုန်းကြောတမံနှစ်ဖက်က ရေများကို ဖောက်ထုတ်ရန် တာဝန်ရှိသူများက စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

**သန်းဌေး(မင်းဘူး)**

# တရုတ်စစ်ခေါင်းဆောင်ဟောင်း ပါတီမှထုတ်ပယ်

**ပေကျင်း ဇူလိုင် ၃၁**

တရုတ်စစ်ခေါင်းဆောင်ဟောင်း ဂေါ်ဘောက်စင်းအား ကြာသပတေးနေ့က ပြုလုပ်သော တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဗျူရိုအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် လာဘ်စားမှုများရှိသည်ဟုဆိုကာ စီပီစီမှ ထုတ်ပယ်လိုက်သည်။

အဆိုပါ နိုင်ငံရေးဗျူရိုက ၎င်း၏အမှုကို လွှဲပြောင်းလက်ခံခဲ့ပြီး ဥပဒေအရ စစ်ခုံရုံးရှေ့နေများဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု ဆိုသည်။ အသက် ၇၃ နှစ်အရွယ်ရှိ ဂေါ်ဘောက်စင်းသည် ၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ် သည်။

အဆိုပါ ဆုံးဖြတ်ချက်သည် ဗဟိုစစ်ကော်မရှင်မှ ပေးပို့သော အစီရင်ခံစာ ကို လက်ခံခဲ့ပြီးနောက် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ဂေါ်သည် တာဝန်ထမ်းဆောင်စဉ်အတွင်း ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း၊ မိသားစုမှတစ်ဆင့် သော်လည်းကောင်း လာဘ်စားမှုများပြုလုပ်ခဲ့သည်ကို စုံစမ်းစစ်ဆေးတွေ့ရှိရသည်ဟု ဆိုသည်။

(ဆင်ဟွာ)



# ဂျူးအစွန်းရောက်များကြောင့် ပါလက်စတိုင်းကလေးတစ်ဦး သေဆုံး

**ဂျေရုဆလင် ဇူလိုင် ၃၁**

အနောက်ဘက်ကမ်းဒေသတွင် ဂျူးလူမျိုး အစွန်းရောက်များက အိမ်တစ်လုံးကို မီးရှို့ဖျက်ဆီးခဲ့ရာ ၁၈ လသားအရွယ် ပါလက်စတိုင်းကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး လေးနှစ်သားအရွယ် ကလေးတစ်ဦးနှင့်မိဘများ ဒဏ်ရာရရှိခဲ့ကြကြောင်း အစ္စရေးလုံခြုံရေးတပ်ဖွဲ့က သောကြာနေ့တွင် ပြောသည်။

အနောက်ဘက်ကမ်း ဒေသမြို့တော် နက်ဘလူးစ်အနီးရှိ ကျေးရွာတစ်ရွာ၌ မိသားစုအိမ်တစ်လုံးကို မီးရှို့ခဲ့ပြီး အိမ်နံရံပေါ်၌ "Price Tag" အမည်ကို အစွန်းရောက်များက အသုံးပြုခဲ့ကြောင်း ရဲပြောခွင့်ရပုဂ္ဂိုလ် လူဘာဆမ်ရီက ပြောသည်။

"ဒီတိုက်ခိုက်မှုဟာ အမျိုးသားရေး လှုပ်ရှားမှုလို့ သံသယရှိမိတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ဆိုးရွားသော တိုက်ခိုက်မှုမှာ ပြီးခဲ့သောနှစ်က အစ္စရေးလူမျိုးသုံးဦးကို သတ်ဖြတ်ခဲ့သော ပါလက်စတိုင်း ဆယ်ကျော်သက်တစ်ဦးကို မီးရှို့သတ်ခဲ့ပြီးနောက် ယခုထပ်မံဖြစ်ပွားခြင်းဖြစ်သည်။

နေအိမ်အတွင်း မိသားစုမှာ အိပ်ပျော်နေစဉ် အိမ်ကိုမီးရှို့ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးလုံခြုံရေးတပ်ဖွဲ့များက ဆိုသည်။အနီးအနားရှိ အိမ်တစ်လုံးမှာ ဆိုးဆိုးရွားရွားပျက်စီးခဲ့သော်လည်း လူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ ထိခိုက် ဒဏ်ရာရသူသုံးဦးကို အစ္စရေးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ (ရိုက်တာ)

# ကာဗွန်ထုတ်လွှတ်မှု အမေရိကန် လျှော့ချမည်

**ဝါရှင်တန် ဇူလိုင် ၃၁**

အမေရိကန်ပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီအနေဖြင့် လျှပ်စစ်ကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှုကိုလျှော့ချရန် နောက်ဆုံးဥပဒေတစ်ရပ်ကို မကြာမီထုတ်ပြန်လိမ့်မည် ဖြစ်သည်။

အစောပိုင်းမူတွင် ၂၀၀၅ ခုနှစ်မှ ၂၀၃၀ အထိ နိုင်ငံ၏ လျှပ်စစ်ကဏ္ဍ ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၃၀ ရာခိုင်နှုန်း လျှော့ချသွားရန် ဓာတ်ငွေ့ကင်းရှင်းရေးစီမံချက်တွင် ဖော်ပြထားသည်။

ယင်းအဆိုပြုချက်သည် သမ္မတ ဘားရက်အိုဘားမား၏ ရာသီဥတုပြုပြင်ပြောင်းလဲမှုပေါ်လစီ သင်္ကေတတစ်ခုလည်းဖြစ်သည်။ အိမ်ဖြူတော် တာဝန်ရှိသူ ဒန်းနတ်စ်မက်ဒိုးနော့က ယခုအပတ်အတွင်း အပြီးသတ် စည်းမျဉ်းဥပဒေများ ထွက်ရှိမည်ဖြစ်ကြောင်း ပြောသည်။ သို့သော်လည်း အဆိုပါစီမံချက်နှင့်ပတ်သက်၍ စွမ်းအင်ထုတ်လုပ်ရေးနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများမှ ဝေဖန်ပြောဆိုမှုများရှိနေသည်။

(ရိုက်တာ)

# တာလီဘန်ခေါင်းဆောင်သစ် မူလာမန်ဆာဖြစ်လာ

**ပက်စ်ရှာဝါ(ပါကစ္စတန်) ဇူလိုင် ၃၁**

တာလီဘန်အကြမ်းဖက်သမားများနှင့် အာဖဂန်အစိုးရတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆိုင်းငံ့ထားကြောင်း ပါကစ္စတန်ကကြေညာလိုက်ချိန်တွင် တာလီဘန်တို့က မူလာအိုမာ၏ လက်ထောက်ကို ခေါင်းဆောင်သစ်ရွေးချယ်လိုက်ကြောင်း စစ်သွေးကြွများက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

အိုမာသေဆုံးကြောင်း ပါကစ္စန်အစိုးရက အတည်ပြုပြောဆိုချိန်တွင် စစ်သွေးကြွများအတွင်း သွေးထွက်သံယိုတိုက်ပွဲ များဖြစ်ပွားလာမည်ကို စိုးရိမ်ပူပန်စရာများဖြစ်လာသည့်အတွက် အစိုးရဘက်မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အကြောင်းပြချက်ဖြင့် ရွှေ့ဆိုင်းထားလိုက်ခြင်းဖြစ်သည်။

မူလာ အက်ခ်တာမိုဟာမက် မန်ဆာအား ပါကစ္စတန် ကွက်တာမြို့အခြေစိုက်နေထိုင်သော တာလီဘန်ထိပ်တန်း ကိုယ်စားလှယ်များ အစည်းအဝေးက ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်လိုက်ခြင်းဖြစ်သည်။

မူလာမန်ဆာသည် တာလီဘန်၏အမွေကို ဆက်ခံဦးဆောင်လိမ့်မည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့ညက ကျင်းပသော အစည်းအဝေး၌ တာလီဘန်တပ်မှူးတစ်ဦးက ပြောဆိုလိုက်သည်။ ထိုအတောအတွင်း ဆာရက်ဟက်ကွာနီသည် မန်ဆာ၏လက်ထောက်ဖြစ်လာဖွယ်ရှိကြောင်း တာလီဘန်ထိပ်တန်း တာဝန်ရှိသူများက ပြောသည်။

(ရိုက်တာ)

# တောင်ကိုရီးယားတွင် အပူလှိုင်းကျရောက်မှုကြောင့် လေးဦးသေဆုံး

**ဆိုးလ် ဇူလိုင် ၃၁**

လွန်ခဲ့သောသုံးရက်က တောင်ကိုရီးယား၌ အပူလှိုင်းကျရောက်မှုကြောင့် လေးဦးအသက်ဆုံးရှုံးခဲ့ရပြီး နိုင်ငံတစ်ဝန်း အပူလှိုင်းကျရောက်မှု ဒဏ်ကိုခံစားခဲ့ရကြောင်း ရောဂါထိန်းချုပ်ရေး အေဂျင်စီက ဇူလိုင် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

ဇူလိုင် ၃၀ ရက်က အပူလှိုင်းကျရောက်မှုကြောင့် နှစ်ဦးသေဆုံးခဲ့ရကြောင်း ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောကြားခဲ့သည်။

အသက် ၇၀ နှစ်အရွယ် လူကြီးတစ်ဦးနှင့် အသက် ၇၉ နှစ်အရွယ် အမျိုးသမီးကြီး တစ်ဦးတို့သည် လယ်ထဲ၌အလုပ်လုပ်နေစဉ် အပူလှိုင်းကျရောက်မှုကြောင့် အသက်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။

ဇူလိုင် ၂၈ ရက်နေ့က အသက် ၃၄ နှစ်အရွယ် လူလတ်ပိုင်းတစ်ဦး ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ အလုပ်လုပ်နေစဉ် အပူလှိုင်းကျရောက်ပြီး သေဆုံးခဲ့သည်။

ဇူလိုင် ၂၉ ရက်က အသက် ၈၀ ကျော် အမျိုးသမီးတစ်ဦး လယ်ကွင်းထဲတွင် အလုပ်လုပ်နေစဉ် အပူလှိုင်းကျရောက်မှုကြောင့် သေဆုံးခဲ့သည်။

အပူလှိုင်းကျရောက်မှုကြောင့် သေဆုံးသူဦးရေမှာ ၂၀၁၁ ခုနှစ်တွင် ခြောက်ဦး၊ ၂၀၁၂ ခုနှစ်တွင် ၁၅ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၁၄ ဦးနှင့် ယခုနှစ် ဇူလိုင် ၃၀ ရက်နေ့အထိ လေးဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အပူလှိုင်း ကျရောက်မှုကြောင့် ရောဂါဝေဒနာခံစားနေရသူပေါင်းမှာ ဇူလိုင် ၄ ရက်အထိ ၄၄၆ ဦးမြင့်တက်လာခဲ့သည်။

အပူလွန်ကဲမှုသည် ယခုအချိန်ထိ တောင်ကိုရီးယား နိုင်ငံတစ်ဝန်း၌ ဆက်လက်ဖြစ်ပေါ် နေပြီး ၃၀ ဒီဂရီဆဲလ်စီးရပ်စ်မှ ၃၆ ဒီဂရီဆဲလ်စီးရပ်စ်ရှိကြောင်း ကိုရီးယား မိုး/ဇလဌာနမှ သိရသည်။

(ဆင်ဟွာ)

# နီပေါမြေပြိုမှု ၂၆ ဦး သေဆုံးပြီး၊ ၄၂ ဦး ပျောက်ဆုံး

**ခတ္တမန္ဒူ ဩဂုတ် ၁**

ဗုဒ္ဓဟူးနေ့ညက နီပေါအနောက်ပိုင်း၌ မြေပြိုမှုများဖြစ်ပေါ်ပြီး လူပေါင်း ၂၆ ဦးထက်မနည်းသေဆုံးကာ ၄၂ ဦး ပျောက်ဆုံးနေကြောင်း သက်ဆိုင်ရာက ပြောသည်။

ကက်စ်ကီခရိုင်ရှိ လမ်လီကျေးရွာ ဖွံ့ဖြိုးရေးကော်မတီနှင့် ဘဟာဒူရာတာမဂီအဖွဲ့အစည်းများမှ သေဆုံးသူဦးရေ ၂၀ ၏ ရုပ်အလောင်းများကို ဖော်ထုတ်ခဲ့ကြောင်း ကယ်ဆယ်ရေး ဆောင်ရွက်သူများက ပြောသည်။




လမ်လီကျေးရွာသည် ပေါ့ခ်ဟာရာအနောက်ဘက် ကီလိုမီတာ ၃၀ အကွာတွင်တည်ရှိပြီး နီပေါနိုင်ငံ၏ ကျော်ကြားသော ခရီးသွားနေရာ တစ်ခုလည်းဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ပြည်တွင်းပြည်ပခရီးသွားများ ထောင်နှင့်ချီ၍ လာရောက်လည်ပတ်လေ့ရှိသော နေရာလည်းဖြစ်သည်။

အဆိုပါကျေးရွာသည် နီပေါအနောက်ပိုင်းရှိ အန်နာပါနာတောင်ခြေစခန်းသို့သွားရာ ဝင်ပေါက်နေရာလည်းဖြစ်သည်။ သို့သော်လည်း မြေပြိုမှုအတွင်း ထိခိုက်ဒဏ်ရာရသူများတွင် နိုင်ငံခြားသားများ ပါဝင်ခြင်းမရှိပေ။

"ကျွန်တော်တို့ သေဆုံးသူရုပ်အလောင်း ၁၅ ဦးကို ကယ်ဆယ်ပြီးပါပြီ။ ကျန်တဲ့ ၂၈ ဦးကတော့ ပျောက်ဆုံးနေဆဲပါ။ အိမ် ၁၄ လုံးလည်း မြေပြိုတဲ့အထဲ ပါသွားပါတယ်"ဟု ခရိုင်အုပ်ချုပ်ရေးမှူးက ဆင်ဟွာသတင်းဌာနသို့ ပြောသည်။

(ဆင်ဟွာ)

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဇူလိုင် ၃၁

မြန်မာနိုင်ငံတစ်ဝန်း၌ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၀၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၂. ၇၀' |
| ၃။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၀. ၄' |
| ၄။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၈. ၆၀' |
| ၅။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၃. ၂၀' |
| ၆။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၈၀' |
| ၇။ | ရာဇဗြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁၃. ၂၀' |
| ၈။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၆၅' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၂၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၇၀' |
| ၁၁။ | ကိုးပင်ရေလှောင်တမံ | ၉၇၆၄ | ၀. ၇၀' |
| ၁၂။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၂၀' |
| ၁၃။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၄. ၈၀' |
| ၁၄။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၄၀' |
| ၁၅။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၀၀' |
| ၁၆။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၇၀' |
| ၁၇။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၅၀' |
| ၁၈။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၈၀' |
| ၁၉။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၂. ၂၀' |
| ၂၀။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၈၀' |
| ၂၁။ | ဝလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၈၀' |
| ၂၂။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၁. ၀၀' |
| ၂၃။ | တောင်နဝင်းရေလှောင်တမံ | ၂၁၁၉၆ | ၁. ၆၄' |
| ၂၄။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၄၀' |
| ၂၅။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၃. ၁၀' |
| ၂၆။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၂၀' |
| ၂၇။ | ခဝါရေလှောင်တမံ | ၁၂၅၅၀ | ၁. ၀၀' |
| ၂၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၇. ၇၀' |
| ၂၉။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၃၅. ၈၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၇. ၅၀' |
| ၃၁။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၃၂. ၀၀' |
| ၃၂။ | မဒေးရေလှောင်တမံ | ၅၃၉၀၀ | ၃. ၅၀' |
| ၃၃။ | တောင်ခင်ရန်း ရေလှောင်တမံ | ၁၁၇၂၆ | ၃. ၈၀' |
| ၃၄။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၂. ၉၀' |
| ၃၅။ | ဝန်ချောင်းရေလှောင်တမံ | ၁၆၆၇ | ၂. ၈၀' |
| ၃၆။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၄. ၀၀' |
| ၃၇။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၂. ၂၀' |
| ၃၈။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၁. ၄၀' |
| ၃၉။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၁. ၀၅' |
| ၄၀။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၁. ၉၅' |
| ၄၁။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၄. ၀၀' |
| ၄၂။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၂. ၇၀' |
| ၄၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၅. ၇၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၂ | ၁. ၄၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၅၅ | ၀. ၉၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၃၅၃၃ | ၂၆. ၄၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၁၀၀ | ၂၈. ၄၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၀၉၇၁၁ | ၁၀. ၁၁' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၀၆၇၄ | ၁၀. ၈၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၆ | ၆. ၆၂' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၃၉၄၇ | ၁၀. ၂၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၃၁၈ | ၆. ၈၆' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၆၆၅၂ | ၂၂. ၁၉' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၈၉၀၀ | ၅. ၅၀' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၈၅၄ | ၉. ၅၀' |
| ၁၄။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၃၇၃၆၃ | ၃၇. ၉၀' |
| ၁၅။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၆၇၂၈၃ | ၁၆. ၁၀' |
| ၁၆။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၂၉၂၅၂ | ၂၅. ၀၀' |
| ၁၇။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၆၄၈၀ | ၁၂. ၈၀' |
| ၁၈။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၀၅၀၀ | ၄. ၅၀' |
| ၁၉။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၈၀၁၄၀ | ၉၁. ၆၂' |
| ၂၀။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁၇၁၀၀၀ | ၀. ၉၀' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၇၈၈၉၇ | ၆၀. ၆၀' |

(သတင်းစဉ်)


ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

D-2၊ ရွှေအင်ကြင်းရိပ်မွန်ကွန်ဒို၊ သုဝဏ္ဏလမ်းဆုံ၊သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်။
Email - Johnnwinn1981 @gmail.com၊ ph;09 254093026,09 31225547

၁။General Manager ကျား(၁)ဦး
- ဘွဲ့ရပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၇)နှစ်ရှိရမည်။ ဆက်ဆံရေးကောင်းမွန်သူ၊ နယ်ခရီးသွားနိုင်ရမည်။

၂။ Project Supervisor ကျား(၂)ဦး
- ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိသူ၊ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။

၃။ Engineer ကျား(၂)ဦး
- BE(EP) လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိသူ၊ နယ်ခရီးသွားနိုင်သူ ဖြစ်ရမည်။

၄။Engineer ကျား(၂)ဦး
- AGTI (EP/EC) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိသူ၊ နယ်ခရီးသွားနိုင်သူ ဖြစ်ရမည်။

၅။ Senior Accountant မ(၁)ဦး
- LCCI (level 3)/ACCA (I,II)၊လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။

၆။Office Staff ကျား၊မ (၅)ဦး
- ဘွဲ့ရ၊လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။

၇။DTP မ(၁)ဦး
- ဘွဲ့ရ၊လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် CV Form၊ မှတ်ပုံတင်မိတ္တူ၊သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ လိုင်စင် ဓာတ်ပုံ (၂)ပုံနှင့်အတူ အထက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။



**Evercare Pharma Company Limited**

(1) **Sales and Marketing Manager (National) ကျား/မ (၁)ဦး**
အသက် ၃၀-၄၀ နှစ်
ဘွဲ့ရ၊ အတွေ့အကြုံ ၅-၇ နှစ်
နယ်ခရီးသွားနိုင်ရမည်။
Previous Promotional field related to surgeons (or) Anaesthetics, are preferred
လစာ=၅သိန်း ၅သောင်း-၁၀သိန်း(သို့မဟုတ်)ညှိနှိုင်းလစာ

(2) **Medical Representative မ (၅)ဦး**
အသက် ၂၀-၂၅နှစ်
ဘွဲ့ရ၊ အတွေ့အကြုံ ၁-၃ နှစ် (B.Pharm prefer**)
လစာ ၂သိန်း-၃သိန်း(သို့)ညှိနှိုင်းလစာ

(3) **Senior office Staff မ (၂)ဦး**
အသက် ၂၀-၂၅ နှစ်
LCCI Level 1-2, အတွေ့အကြုံ ၁-၂နှစ်
Microsoft office, Myanmar typing, ရုပ်ရည်သန့်ပြန့်ရမည်၊ ရန်ကုန်မြို့တွင်း သွားနိုင်ရမည်
လစာ ၁သိန်း ၅သောင်း++
Office hour:9:00am to 6:00pm (Mon-Fri), 9:00am to12 noon (Sat)
No.55 (Ground floor), 52nd street, Botahtaung Tsp, Yangon.
Ph:01-296716, 01-9010691.



ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁) နှင့် (၅)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇၇

ဦးလွင်ကိုဝင်း နှင့် ဒေါ်ထိုက်ထိုက်အောင်
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ ရာဇာဓိရာဇ်(၄)လမ်း၊ အမှတ် ၁၀၉၃နေ ဒေါ်ထိုက်ထိုက်အောင် (ယခင်လိပ်စာ) (ယခုလိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ်၌ ဦးလွင်ကိုဝင်းက ငွေကျပ်သိန်း ၇၀၀၀၀၀၀ိ/- (ငွေကျပ်သိန်းခုနစ်ဆယ်တိတိ)နှင့် နစ်နာကြေးငွေကျပ် ၁၀၀၀၀၀၀ိ/-(ငွေကျပ်ဆယ်သိန်းတိတိ) စုစုပေါင်း ငွေကျပ်သိန်း ၈၀၀၀၀၀၀ိ/-(ကျပ်သိန်းရှစ်ဆယ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၁ ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်ဇော်သန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

# လှိုင်သာယာ စက်မှုဇုန်(၃)တွင် မီးလောင်မှုဖြစ်ပွား မီးသတ်တပ်ဖွဲ့ဝင် ၄၀၀ ကျော်ဖြင့် ငြိမ်းသတ်ခဲ့ရ

**ရန်ကုန် ဇူလိုင် ၃၁**

ဇူလိုင် ၃၁ ရက် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်က လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန်(၃) ဖန်ချက်ဝန် ဦးရွှေအိုးလမ်း အကွက်အမှတ် (၇၅) ရှိ ပိုင်ရှင် Mr.Son ၏ YES စက္ကူသေတ္တာပုံးစက်ရုံအတွင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်သည့်နေရာမှ အရန်မီးသတ်တပ်ဖွဲ့မှူးတစ်ဦး၏ သတင်းပေးပို့မှုကို နံနက် ၃ နာရီ ၃၅ မိနစ်ခန့်တွင် ရရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

စက်ရုံမီးဖြစ်သည့်အတွက် မီးသတင်းရသည်နှင့် နီးစပ်ရာမြို့နယ်မှ မီးသတ်ယာဉ်များက အမြန်ဆုံးသွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ မီးလောင်အားကောင်းသောလောင်စာများလောင်ကျွမ်းခြင်းဖြစ်သဖြင့် မီးအားပိုမိုများပြားလာသည့်အတွက် အဆင့်(၂)အဖြစ် မီးငြိမ်းသတ်မှု အင်အားမလုံလောက်သဖြင့် အဆင့်(၃)အဖြစ် မီးသတ်ယာဉ် စုစုပေါင်း အစီး ၄၀ ကျော်ဖြင့် ငြိမ်းသတ်ပေးခဲ့ရကြောင်း သိရသည်။

ထို့အပြင် အပေါ့စား မီးသတ်စက်ငယ် ၁၇ လုံးဖြင့် ရေအားကို ရယူ၍ မီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။



စက်ရုံအတွင်း မီးငြိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

မီးလောင်မှုတွင် သန္တေနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင် အင်အား ၄၀၀ ကျော်၊ ကြက်ခြေနီအင်အား ၇၀ ကျော်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ပေးမှုကြောင့် လောင် အားကောင်းခဲ့သော မီးမှာ နံနက် ၅ နာရီခန့်တွင် မီးညွန့်ကျိုးသွားပြီး နံနက် ၆ နာရီ မိနစ် ၃၀ တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးငြိမ်းသတ်နိုင်ရေးအတွက် စုစုပေါင်း ရေဂါလန် ၂၇၀၀၀၀ ကျော် အသုံးပြုခဲ့ရကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ မီးလောင်ရခြင်းအကြောင်းရင်းမှာ အာရ်စီနှစ်ထပ်အဆောက်အအုံ၏ အပေါ်ထပ်တွင် လုံခြုံရေးအတွက် တပ်ဆင်ထားသော CCTV အခန်းမှ ဝါယာကြိုးများ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အလျားပေ ၁၀၀၊ အနံ ပေ ၃၀၀ ရှိ အာရ်စီကွန်ကရစ်အဆောက်အအုံတစ်လုံး၊ စက္ကူလိပ် အလိပ် ၅၀၊ စက္ကူဖြတ်စက်တစ်လုံး၊ စက်ရုံအတွင်းမှ မော်တော်ယာဉ်ငါးစီးနှင့် ဆက်စပ်ပစ္စည်းများ ပျက်ဆီးဆုံးရှုံးခဲ့ကြောင်းနှင့် စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်း ၂၃၀ ကျော် ရှိကြောင်းလည်း တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မီးလောင်မှုနှင့် ပတ်သက်၍ စက်ရုံမန်နေဂျာ ဦးမောင်မောင်အောင်(၅၁ နှစ်)အား လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မီးငြိမ်းသတ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။




မီးလောင်မှုဖြစ်ပွားသော စက်ရုံအဝင်ဝ။

**သတင်း - တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ - ဝင်းထွဋ်၊ သန်းထိုက်(လှိုင်သာယာ)**

# အနာကြီးရောဂါဖြစ်ပွားနှုန်း ကျဆင်းလျက်ရှိ လုံးဝကင်းစင်ရန် ပန်းတိုင်ထားဆောင်ရွက်နေ

**ရန်ကုန် ဇူလိုင် ၃၁**

မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်မှစတင်၍ အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက် ပန်းတိုင်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ထောက်ခံမှုဖြင့် ရရှိခဲ့ပြီးဖြစ်ကာ ရောဂါလုံးဝကင်းစင်အောင် ကျန်းမာရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အနာကြီးရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်လင်းက ပြောသည်။

ရန်ကုန်မြို့ အမျိုးသားကျန်းမာရေးပြတိုက်တွင် ဇူလိုင် ၂၉ ရက်က ကျင်းပသည့် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းအကြောင်း ဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"၂၀၀၃ ခုနှစ် မတိုင်ခင်က အနာကြီးရောဂါဖြစ်ပွားနှုန်း အရမ်းများခဲ့တယ်။ WHO အပါအဝင် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းတွေက ဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ထောက်ပံ့မှုတွေနဲ့ ကျေးရွာတွေအထိလိုက်ပြီး စာရင်းကောက်ယူမှုတွေ၊ ဟောပြောမှုတွေ၊ ကုသပေးမှုတွေကို နာဂတောင်တန်း၊ တနင်္သာရီတိုင်း၊ မြိတ်ကျွန်းစုတွေဘက်ကို သွားပြီး Special Program တွေလုပ်ခဲ့တယ်။ ဒါကြောင့် လူနာတဖြည်းဖြည်းကျဆင်းလာတယ်။ ၂၀၀၃ မှာ WHO က ချမှတ်ထားတဲ့ တစ်သောင်းမှာတစ်ယောက်အောက် ဖြစ်ပွားမှုကျဆင်းကြောင်း ကြေညာနိုင်ခဲ့ပြီး အနာကြီးရောဂါကင်းဝေးရေးပန်းတိုင်ကို မြန်မာနိုင်ငံက ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၀၃ ကနေ ၂၀၁၄ ခုနှစ်အထိ ဖြစ်ပွားမှုနှုန်း လုံးဝပပျောက်ရေးအထိတော့ ဖြစ်မသွားသေးဘဲ ဖြစ်ပွားနှုန်းက တန်းနေသေးတယ်"ဟု ဒေါက်တာကျော်ကျော်လင်းက ပြောသည်။

မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းက အနာကြီးရောဂါ ဖြစ်ပွားမှုများပြားခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ WHO ၏ စာရင်းအရ ကမ္ဘာ့အနာကြီးရောဂါဖြစ်ပွားမှု အများပြားဆုံး ၁၇ နိုင်ငံထဲတွင် ပါဝင်နေကြောင်း သိရသည်။ ရောဂါ၏ နောက်ဆက်တွဲပြဿနာများအဖြစ် မျက်စိ၊ လက်၊ ခြေများတွင် ကိုယ်အင်္ဂါချို့ယွင်းပျက်စီးမှုများ ကြုံတွေ့ရသည်။ MDT ဆေးဝါးဖြင့်ကုသ၍ ပျောက်ကင်းသွားသောလူနာများအနက် အချို့သည် ကိုယ်လက်အင်္ဂါ မသန်စွမ်းဖြစ်ပြီး လူမှုရေး၊ စီးပွားရေးဒုက္ခများကို ကြုံတွေ့ခံစားရကြောင်း သိရသည်။ ထို့ကြောင့် အနာကြီးရောဂါလူနာများ ကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန အနာကြီးရောဂါ တိုက်ဖျက်ရေးစီမံကိန်းက ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄ ခုနှစ် စာရင်းများအရ အနာကြီးရောဂါ ဖြစ်ပွားမှုအများဆုံးဒေသသည် မန္တလေးတိုင်းဒေသကြီးဖြစ်ပြီး လူဦးရေ ၅၀၀ ကျော်ရှိကြောင်း၊ ဒုတိယအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး လူဦးရေ ၄၀၀ ကျော်ရှိကြောင်း သိရသည်။ ပဲခူးတိုင်းဒေသကြီးတွင် လူဦးရေ ၄၀၀ နီးပါး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးမှာ ၃၀၀ နီးပါး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄၀၀ ကျော်၊ ရှမ်းပြည်နယ်တွင် ၃၀၀ အောက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နှစ်တွေနဲ့ယှဉ်ကြည့်ရင် ဖြစ်ပွားနှုန်းတဖြည်းဖြည်းကျလာတယ်။ ဒါပေမယ့် ပန်းတိုင်ဖြစ်တဲ့ အနာကြီးရောဂါ ကင်းဝေးရေးကိုတော့ ကြိုးစားနေဆဲပဲ။ အခြေခံကျန်းမာရေးဝန်ထမ်းတွေရဲ့ စွမ်းဆောင်မှုမြှင့်တင်ပေးဖို့နဲ့ ကျေးလက်ဒေသအစွန်အဖျားအထိ အသိပညာပေးဖို့လိုအပ်တယ်"ဟု ဒုတိယညွှန်ကြားရေးမှူး(အနာကြီး)(ငြိမ်း)ဒေါက်တာတင်ရွှေက ပြောသည်။

**မြတ်စန္ဒီသင်းဇော်**


## CLAIMS DAY NOTICE
## M.V VANY RICKMERS VOY: NO(036)

Consignees of cargo carried by M.V VANY RICKMERS VOY:NO(036) are here by notified that the vessel will arrive on about 3-8-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၅၊ အကွက်အမှတ် ၃၆၊ ပြည်တော်သာ (၂)လမ်း၊ ဦးပိုင်အမှတ်(၁၇၁/၁၇၂)၊ မြေယာအမှတ်(၃၂၁/၃၂၂)၊ ဧရိယာ (၈၀'×၆၀')ရှိ မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဝင်းအောင် ၉/မမန(နိုင်)၀၃၀၂၀၇ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမျိုးချစ် ၁၂/မဂဒ(နိုင်)၀၂၁၅၅၆ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်စန်းငြေး LL.B** (စဉ်-၄၃၂၆၂)
**ဒေါ်အိအိထွေး LL.B,PGDE,D.I.L** (စဉ်-၄၂၇၂၆)

**အထက်တန်းရှေ့နေများ**
**အမှတ် ၂၄၀၊ ပြည်တော်သာ (၅)လမ်း၊ ရပ်ကွက်ကြီး (၅)၊ ပြင်ဦးလွင်မြို့**

## ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးလေးနိုင်-ဒေါ်သန်းစိန်တို့၏သားကြီး
**မောင်ဇင်ဝေနိုင်**
နှင့်
ရန်ကုန်မြို့နေ
ဒေါက်တာကြည်စိုး(ညွှန်ချုပ်-ငြိမ်း) (DSA 14)-
ဗိုလ်ကြီးဒေါ်စုစု(ငြိမ်း) တို့၏သမီးကြီး
**ဒေါက်တာစောသန္တာတင်**

တို့သည် ၂၉-၇-၂၀၁၅ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ရှေ့မှောက်တွင် ခေါ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇင်ဝေနိုင်-ဒေါက်တာစောသန္တာတင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက(၆)၊ စတုတ္ထတန်းမှ မောင်ငြိမ်းမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော် ဖြစ်ပါကြောင်း။

**ဦးအောင်ကျော် ၉/ပမန(နိုင်)၀၀၆၄၃၂**

## အသုံးမလိုတော့သော လေအေးပေးစက်များ ဝယ်ယူလိုပါသည်။

09 253582510

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်နယ်မြေ၊ အရှေ့နှစ်ထောင်တန် ၅လမ်း၊ အကွက်အမှတ် ၁၁၁၊ လှည်းစုအကွက်၊ ဦးပိုင်အမှတ် ၁၃၃၊ ပေ(၄၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေအား ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အရှေ့နှစ်ထောင်တန်(၄)လမ်းနေ ဦးကျော်ဇေယျ(ဘ) ဦးမောင်မောင်ရွှေ ၁၄/ပသန(နိုင်)၀၄၇၇၂၅နှင့် ဒေါ်မာလာရွှေ(ဘ)ဦးမောင်မောင်ရွှေ ၁၄/ပသန(နိုင်)၀၄၄၃၀၁ တို့မှ ၂၈-၁-၂၀၁၅ ရက်တွင် မေတ္တာစေတနာဖြင့် ဒေါ်သိင်္ဂီသို့ အပိုင်ပေးခဲ့သည့်မြေအား ဒေါ်သိင်္ဂီမှ မြေပေးမိန့်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပုသိမ်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## အမည်ပြောင်း

တောင်ငူမြို့၊ အမှတ်(၁) ထီးနီကုန်းလမ်းမတော်နေ (ဘ)ဦးအောင်ပိုင်(ကွယ်လွန်)၏ သမီး ၂၂/၈၉၆၊ မင်းကြီးညို၊ ကျောင်းလမ်းနေ ဒေါ်ခင်စမ်းရီ ၇/တငန (နိုင်) ၀၄၆၅၁၄ အား ဒေါ်ခင်မြတ်မြတ်စန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဒေါ်ခင်မြတ်မြတ်စန်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်အမှတ် ၄၄၊ ရွှေစင် ၂ လမ်း၊ မြေကွက်အမှတ် ၃၅၅၊ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၀၅၇ဧကရှိ မြေကွက်သည် မြို့မြေစာရင်းတွင် ဦးသိန်းအမည်ပေါက်လျက်ရှိပြီး ဦးသိန်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရောင်းချရန် အခွင့်အရေးရှိသူ ဒေါ်ခင်စန်းမြင့်ထံမှ ဦးကျော်ဆန်းဦး ၉/ကပတ(နိုင်)၁၅၉၆၀၁က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်ဝက်ကိုပေးချေခဲ့ပြီး ဒေါ်ခင်စန်းမြင့်၏ သားသမီးများမှလည်း ကန့်ကွက်ရန်မရှိ လက်မှတ်ရေးထိုး၍ စာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ အထက်ပါကဲ့သို့ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်လျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဆန်းဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင် LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)**
**ရုံးခန်း-အခန်းအမှတ် ၀၀၅-ဘီ၊ တိုက်အမှတ် ၉/၁၁၊ ၃၆လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၉၃၀၆**

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ အုန်းပင်တော အမက၊ တတိယတန်းမှ မောင်ထွေးမောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ဖြစ်ပါကြောင်း။

**ဦးစိုးနိုင်**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်းမှ မအေးဝင်းမိုး၊ နဝမတန်းမှ မအေးဝင်းစိုး၊ ပဥ္စမတန်းမှ မောင်ကျော်ဝင်းမိုးတို့၏ မိခင်အမည်မှန်မှာ ဒေါ်မိုးမိုးခိုင်နှင့် ဦးဝင်းဗိုလ် ဖြစ်ပါကြောင်း။

**ဦးဝင်းဗိုလ် ၉/မထလ(နိုင်)၀၄၆၃၆၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/5989 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# မန်းချောင်းနှင့် မုန်းချောင်းရေကြီးမှုကြောင့် မင်းဘူးခရိုင်အတွင်းမြို့နယ်များသို့ ရေဝင်

**မင်းဘူး ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များနှင့် ကျေးရွာများတွင် မန်းချောင်းရေနှင့် မုန်းချောင်းရေကြီးမှုများဖြစ်ပွားလျက်ရှိသည်။ မင်းဘူးမြို့နယ် စကုမြို့တွင် မန်းချောင်းမှ စီးဆင်းလာသောရေများကြောင့် အမှတ် (၁) ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်များတွင် နေအိမ်အချို့ မန်းချောင်းရေဝင်ရောက်မှုများကြောင့် ရေဘေးကင်းလွတ်ရာ နေရာများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပြီး မင်းဘူး-စလင်းကားလမ်းပေါ်ရှိ စကုမန်းချောင်းတံတားသည် ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီအထိ ပျက်စီးမှုမရှိဘဲ အများပြည်သူများ သွားလာလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ မုန်းချောင်းရေကြီးမှုကြောင့် မုန်းချောင်းကမ်းပါးအနီးရှိကျေးရွာများသို့ မုန်းချောင်းရေဝင်ရောက်မှုများရှိနေပြီး ရေဘေးကင်းလွတ်ရာသို့ ရွှေ့ပြောင်းလျက်ရှိပြီး သီးနှံစိုက်ခင်းများပျက်စီးခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန်များ သေကျေပျက်စီးမှုမရှိသေးကြောင်း၊ အဆောက်အအုံနှင့် နေအိမ်များ ပျက်စီးမှုမရှိသေးကြောင်း သရက်အုပ်ကျေးရွာနေ ဦးခင်မောင်လွင်၏ ပြောပြချက်အရ သိရသည်။

ပွင့်ဖြူ- စလင်းသွားကားလမ်းမှ မုန်းချောင်းတံတားသည် ဇူလိုင် ၃၀ ရက် ညနေ ၆ နာရီအထိ ပျက်စီးမှုမရှိဘဲ သွားလာလျက်ရှိပြီး ပွင့်ဖြူမြို့နယ် သာစည်ကျေးရွာနေပြည်သူများသည် ကြီးအုံကြီးဝ ရေလှောင်တမံ ကျိုးကျပျက်စီးမည်ဟု မဟုတ်မမှန်သတင်းများကြောင့် ရေဘေးကင်းလွတ်ရာ မြကျိုင်းတောင်သို့ ပြောင်းရွှေ့လျက်ရှိသည်။



ကြီးအုံကြီးဝ ရေလှောင်တမံရေပိုလွှဲမှ ရေများထုတ်လွှတ်ထားမှုကို တွေ့ရစဉ်။




ရပ်ကွက်များအတွင်း ရေဝင်ရောက်နေမှုကို တွေ့ရစဉ်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကြီးအုံကြီးဝ ရေလှောင်တမံသည် လက်ရှိရေအမှတ် ၃၅၈ ဒသမ ၈ ပေထိမြင့်တက်နေပြီး စိုးရိမ်ရေမှတ်သို့ မရောက်ရှိသေးကြောင်း၊ ရေပိုလွှဲပေါက် ကိုးခုမှ ရေများထုတ်လွှတ်ထားမှုကြောင့် မုန်းချောင်းရေ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ သနပ်ဝချောင်းမှရေများလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုန်းချောင်းအတွင်းဝင်ရောက်၍ ရေတက်လာရခြင်းဖြစ်ကြောင်း၊ ကြီးအုံကြီးဝ ရေလှောင်တမံကျိုးကျမှုသည် စိုးရိမ်ဖွယ်ရာမရှိပါကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေ၏ ပြောပြချက်အရ သိရသည်။ ပွင့်ဖြူမြို့နယ်တွင် အဓိကနေရာ ကျေးရွာများတွင် မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ရေကင်း ၁၉ ခုချထားပြီး စိုးရိမ်ဖွယ်ရာဖြစ်လာပါက ကယ်ဆယ်ရေးအစီအစဉ်များ အသင့်ဆောင်ရွက်ထားပါကြောင်း ဆက်လက်ပြောပြချက်အရ သိရသည်။

စေတုတ္တရာမြို့တွင် အမှတ်(၁)၊ ဇေယျရပ်၊ ဝဏ္ဏရပ်၊ သီဟရပ်ကွက်များတွင် ဇူလိုင် ၃၀ ရက်က မုန်းချောင်းရေဝင်ရောက်ခဲ့ပြီး လူနေအိမ် ၁၃၈ လုံး၊ လူဦးရေ ၇၂၅ ဦး ရေဘေးကင်းရာ မြို့မဘုန်းတော်ကြီး ကျောင်းနှင့် အထက(၁)သို့ပြောင်းရွှေ့နေရာချထားလျက်ရှိပါသည်။

မင်းဘူးမြို့နယ်တွင် အမှတ် (၃) ရပ်ကွက်အပိုင် ဧရာဝတီမြစ်တွင်း မြေနုကျွန်းပေါ်နေထိုင်သော တဲအိမ် ၁၆ လုံးမှ လူဦးရေ ၄၈ ဦးကို မြို့နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးကင်းလွတ်ရာသို့ ခေါ်ယူကယ်ဆယ်နေရာချထားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

---

# ရေကြီးမှုကြောင့်ပျက်စီးသွားခဲ့သော ကံကြီး-ဇော်ချောင်းရထားလမ်းပိုင်း တံတားအမှတ်(၂၈၁)ကို ဘေလီတံတားထိုးပြီး မကြာမီပြန်ဖွင့်မည်

နေပြည်တော် ဇူလိုင် ၃၁

**ဇူလိုင် ၁၇ ရက်က မိုးသည်းထန်ပြီး ရေကြီးမှုကြောင့် အများအပြားပျက်စီးသွားခဲ့သော ကံကြီး-ဇော်ချောင်း ရထားလမ်းပိုင်းမှ တံတားအမှတ်(၂၈၁)ကို ယခုအခါ ယာယီဘေလီတံတားအစားထိုး ဆောင်ရွက်လျက်ရှိရာ ပြီးစီးတော့မည်ဖြစ်၍ မကြာမီပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။**

ရထားလမ်းပျက်စီးမှုနှင့်ပတ်သက်၍ "ဇူလိုင် ၁၇ ရက်ကစပြီး ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် ကံကြီး-ဇော်ချောင်း ရထားလမ်းပိုင်းမှစပြီး ကိုးထောင်ဘို့-ကောလင်း-ဘုံချောင်း-မဲဇာ-ဆည်ရွာစတဲ့ ရထားလမ်းပိုင်းတွေမှာ ရေကျော်နစ်မြုပ်ပျက်စီးပြီး ရထားခရီးသည်တွေ ပိတ်မိနေခဲ့ပါတယ်။ အကြီးဆုံးပျက်စီးခဲ့တာကတော့ ပေ ၁၀၀ ကျော်ရှည်တဲ့ ကံကြီး-ဇော်ချောင်းလမ်းပိုင်းရှိ တံတားအမှတ်(၂၈၁) ဖြစ်ပါတယ်။ အဲဒီတံတားမှာ တံတားရဲ့ ဝဲ/ယာ တစ်လျှောက် တာပေါင်တွေ ရေတိုက်စားပြတ်ထွက်သွားပါတယ်။ အခုတော့ ရထားဝန်ထမ်းတွေ အမြန်ဆုံး ပြုပြင်နေတဲ့အတွက်ကြောင့် ဩဂုတ် ၃ ရက်လောက်ဆို ပြန်လည်ဖွင့်လှစ်ပေးနိုင်တော့မှာ ဖြစ်ပါတယ်"ဟု ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ သတင်းပြန်ကြားရေးတာဝန်ခံညွှန်ကြားရေးမှူး ဦးသောင်းလွင်က ပြောသည်။

အဆိုပါတံတားအမှတ်(၂၈၁)၏ မန္တလေးဘက်ခြမ်းတွင် အလျားပေ ၈၀၊ တာပေါင်အမြင့် ပေ ၂၀ ခန့် ပြတ်ထွက်သွားပြီး မြစ်ကြီးနားဘက်အခြမ်းတွင် အလျားပေ ၁၂၀၊ တာပေါင်အမြင့် ပေ ၂၀ ခန့် ပြတ်ထွက်သွားခဲ့ကြောင်း၊ ယင်းပျက်စီးမှုများအတွက် ယာယီတံတားထိုးရန် လိုအပ်၍ ဘေလီသံပေါင်များအား လုပ်ငန်းခွင်နှင့် အနီးဆုံးနေရာသို့ရောက်ရှိရန် သယ်ယူထားခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ ကျွန်တော်တို့ဆီက ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ) ဦးတင်စိုးဦးစီးကာ အင်ဂျင်နီယာ ၁၀ ဦး စုစုပေါင်း ရထားဝန်ထမ်း ၁၄၈ ဦးတို့နဲ့ စုပေါင်းပြီး ဘီလီတံတားထိုးရမယ့် နေရာတွေကို နေ့ရော၊ ညပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာ့မီးရထားမှ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်မှုကြောင့် ဇူလိုင် ၂၇ ရက်က ဆည်ရွာ-မဲဇာရထားလမ်းပိုင်းနှင့် မဲဇာ-ဘုံချောင်း ရထားလမ်းပိုင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ဇူလိုင် ၂၈ ရက်က မော်လူး-နန့်စီးအောင်လမ်းပိုင်းနှင့် ပင်ဝဲ-မော်လူး ဘူတာကြားရထားလမ်းပိုင်းများကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မမ**





## ဥသျှစ်ပင်မြို့အဝင်တံတားကြီး မြေထိန်းနံရံပြိုကျ

**ပန်းတောင်း ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့အဝင် လဲရွာ-ဥသျှစ်ပင်မြို့ ဆက်သွယ်သော မြို့အဝင်တံတားကြီးသည် မိုးအဆက်မပြတ်ရွာသွန်း၍ ချောင်းရေတိုက်စားမှုကြောင့် ဇူလိုင် ၂၅ ရက် ညပိုင်းတွင် မြေထိန်းနံရံပြိုကျခဲ့သည်။ အဆိုပါ မြေထိန်းနံရံအား ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပန်းတောင်း-တောင်ကုတ်ကားလမ်းမကြီးကောင်းမွန်လာပြီဖြစ်၍ ရခိုင်ပြည်နယ်နှင့် ဆက်သွယ်သွားလာနေသော ပန်းတောင်း-ပြည်-ရန်ကုန်-မန္တလေးအစရှိသော ကုန်တင်ကားနှင့် ခရီးသည်တင်ကားကြီးများမှ ယာဉ်မောင်းများနှင့် ခရီးသွားပြည်သူများ အလွန်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

## ဇီးကုန်းမြို့တွင် နှစ် ၂၀ အတွင်း စံချိန်တင်မိုးရွာသွန်းပြီး လယ်မြေဧက ၁၅၀၀ ခန့် ရေကြီးနစ်မြုပ်ခဲ့

**ဇီးကုန်း ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့တွင် ဇူလိုင် ၂၆ ရက်မှစ၍ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၈ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ မိုးရေချိန် ၄ ဒသမ ၁၆ လက်မ အထိရှိခဲ့ပြီး စံချိန်တင်သော မိုးရွာသွန်းမှုတစ်ရပ်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမှ သိရသည်။

အဆိုပါမိုးရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ လယ်မြေဧက ၁၅၀၀ ခန့်မှာ ရေကြီးနစ်မြုပ်ခဲ့ပြီး မင်းဘူးချောင်းရေစီးဝင်မှုကြောင့် အမှတ်(၃) ရပ်ကွက်အတွင်းရှိ လူနေရပ်ကွက်များသို့ ရေများဝင်ရောက်ကာ ရန်ကုန်-ပြည်ကားလမ်းပေါ်ရှိ စမ်းရွာချောင်းတံတားမှာလည်း တံတားအောက်ခြေနီးပါးသို့ ရေများရောက်ရှိကြောင်း သိရသည်။

ရန်ကုန်-ပြည်ကားလမ်းပေါ်ရှိ အချို့နေရာများတွင် ရေကျော်မှုကြောင့် မော်တော်ယာဉ်များ ဂရုပြုမောင်းနှင်ကြပါရန် သက်ဆိုင်ရာက သတိပေးထားကြောင်းနှင့် အေးမြသာယာမြို့သစ်၊ အေးမြရွှေပြည်မြို့သစ်နှင့် တောင်တွင်းစုရပ်ကွက်တို့မှ ရေနစ်မြုပ်အိမ်ထောင်စုများကို အလှူရှင်များလှူဒါန်းသော ထမင်းထုပ်နှင့် ရေသန့်ဘူးများ ဝေငှကူညီပေးလျက်ရှိကြောင်း ကြက်ခြေနီတပ်ဖွဲ့မှ ကိုမင်းမင်းက ပြောကြားသည်။

ဆက်လက်၍ဝက်စပိုးကျေးရွာအုပ်စု ညောင်ဇင်ကျေးရွာ၏ အရှေ့ဘက်နှင့် ရွာ၏အနောက်ဘက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်ကွင်းများ ရေဝင်ရောက်ပြီး စပါးစိုက်ပျိုးရန်ခက်ခဲနေကြောင်း စပါးစိုက်တောင်သူ ဦးဝင်းထွန်းက ပြောကြားသည်။

**သိန်းတိုး(ဇီးကုန်း)**

## မြန်မာသံရုံးကူညီမှုကြောင့် မြန်မာပန်းရန်အလုပ်သမားများ လုပ်အားခငွေအချို့ရရှိ

**ဗန်ကောက် ဇူလိုင် ၃၁**

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်အနီးတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများဖြစ်ကြသည့် ပန်းရန်အလုပ်သမားများမှာ ထိုင်းလုပ်ငန်းရှင်မှ လုပ်အားခထုတ်မပေးသဖြင့် တောင်းခံကြရာထိုင်းနိုင်ငံသားမန်နေဂျာဖြစ်သူက ထိုင်းရဲခေါ်၍ ထပ်မံခြိမ်းခြောက်ခဲ့သည့်အတွက် မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီအဖွဲ့ဝင်ဖြစ်သော MAT အဖွဲ့က ဇူလိုင် ၂၇ ရက်က ဝင်ရောက်ညှိနှိုင်းပေးခဲ့ခြင်းကြောင့် အလုပ်သမားများမှာ လုပ်အားခအချို့ရရှိခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောပြချက်အရ သိရသည်။

ဖြစ်စဉ်မှာ ဗန်ကောက်မြို့တောင်ဘက် ကီလိုမီတာ ၇၀ခန့် အကွာတွင်ရှိသော ဖစ်ပူလီကွန်ပျူတာအပိုပစ္စည်းထုတ်လုပ်သည့် အလုပ်ရုံနံဘေး ပန်းရန်ဆိုက်၌အလုပ်လုပ်ကိုင်နေကြသည့် ကမ္ဘောဒီးယား အလုပ်သမားသုံးဦးနှင့် မြန်မာအလုပ်သမား ၄၆ ဦး တို့မှာ လုပ်ငန်းရှင်ထံမှ တစ်ဦးလျှင် ဘတ်ငွေ တစ်သောင်းကျော်စီလုပ်အားခရရန် ကျန်ရှိနေသဖြင့် ဇူလိုင် ၂၇ရက် နံနက်ပိုင်းက လုပ်အားခတောင်းခံကြရာ လုပ်ငန်းခွင်မန်နေဂျာဖြစ်သူ ထိုင်းနိုင်ငံသူအမျိုးသမီးက ထိုင်းရဲကားကိုခေါ်၍ ဖမ်းဆီးပြန်ပို့မည်ဟု ခြိမ်းခြောက်ခဲ့သဖြင့် မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီက ဝင်ရောက်ကူညီဖြေရှင်းပေးခဲ့ခြင်းဖြစ်သည်။

မြန်မာအလုပ်သမား ပအိုဝ်းအမျိုးသား ကိုခွန်မောင်ဦးက "ကျွန်တော်တို့က ထမင်းစားစရာမရှိလို့ လုပ်အားခထုတ်ပေးပါ။ ဘာနဲ့စားပြီး အလုပ်ဆင်းမလဲပေါ့။ အဲဒါစာရေးမက ထိုင်းရဲကိုခေါ်တယ်။ ပြီးတော့ ရွာသူကြီးကိုခေါ်တယ်။ ကျွန်တော်တို့ကလည်း MAT အဖွဲ့ ဖုန်းနံပါတ်ရှိနေတော့ MAT အဖွဲ့နဲ့ဖုန်းပေးပြောတာ၊ မန်နေဂျာအမျိုးသမီး၊ ထိုင်းရဲတွေပါ မျက်နှာတွေပြောင်းသွားတယ်။ အဲဒီတော့မှ တစ်ဦးကို ဘတ်ငွေ ၃၀၀၀ စီ ထုတ်ပေးပါတယ်။ အခုလိုကူညီပေးတဲ့အတွက် MAT အဖွဲ့ကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

အဆိုပါအလုပ်သမားများ၏ လုပ်အားခလစာကျန်ငွေများကို ထိုင်းလုပ်ငန်းရှင်က ဩဂုတ်လ ၈ ရက်နေ့တွင်အပြီးသတ်အားလုံးရှင်းပေးတော့မည်ဖြစ်ပြီး တစ်ရက်လုပ်ခ တစ်ရက်ရှင်းရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း(SP)**

## ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်

**သရက် ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သရက်-အောင်လံ ပဲထောင်ဆိပ်တွင် ဇူလိုင် ၂၉ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီး အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင် အရာရှိတို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မုန်တိုင်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသဖြင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ပူးပေါင်း ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

သရက်မြို့မှ အောင်လံမြို့သို့ ထွက်ခွာမည့် စက်လှေမောင်းနှင်သူများအား မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရန်၊ ရှောင်ရန်များ စက်ကြံ့ခိုင် မှု ရှိ/မရှိ စစ်ဆေးခြင်း ခံနိုင်ဝန်အားနိုင်သလောက်သာ ခရီးသည်နှင့် ကုန်ပစ္စည်းတင်ဆောင်ရန်နှင့် ခရီးသည်များအနေဖြင့် သတိရှိစွာလိုက်ပါကြရန် ခရိုင်မီးသတ်ဦးစီးအရာရှိနှင့် ခရိုင် ပြန်/ဆက်ဦးစီးမှူးတို့က သတိပေးပြောကြားပေးခဲ့သည်။

ထို့နောက် မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် မြို့ပေါ်ရပ်ကွက်များရှိ ရေမြောင်းများ ရေစီးရေလာပိတ်ဆို့နိုင်သည့် နေရာများအား သွားရောက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက လမ်းများပေါ်သို့ မိုးကြီး၍ ရေမြောင်းများပိတ်ဆို့ပြီး ရေမလျှံစေရန် မြောင်းများရှင်းလင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပင်လောင်း ဇူလိုင် ၃၁**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ကလောမြို့နယ်(တွဲ) ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်သစ်တောဦးစီးဌာနနှင့် ပညာရေးမိသားစုတို့ကပူးပေါင်း၍ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်ကျောင်းဝင်း၌ ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲသို့ နယ်မြေခံတပ်နယ်မှူးများနှင့် အရာရှိ/ အရာခံစစ်သည်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ယူကလစ်၊ ခါတော်မီ၊ ထင်းရှူး ၊ ပင်စိမ်း၊ ထောပတ်နှင့် ချယ်ရီပင်များ စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေဘဝဲ(၃)ဇက်ရေယာဉ် အချိန်မီပြေးဆွဲနိုင်ရေးပြင်ဆင်နေမှုကို စစ်ဆေးဆောင်ရွက်

**မုဒုံ ဇူလိုင် ၃၁**

မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှထွန်းသည် ဇူလိုင် ၂၈ ရက်က မုတ္တမမြို့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (သံလွင်သင်္ဘောကျင်း)သို့ သွားရောက်ပြီး ရေဘဝဲ(၃)ဇက်ရေယာဉ် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘေးအန္တရာယ်များ အချိန်မရွေးဖြစ်ပေါ်လာနိုင်သည့်အတွက် ချောင်းဆုံမြို့နယ် ကလွီကျေးရွာသို့ စက်တပ်လှေငယ်များနှင့် ပြေးဆွဲရသည့်အတွက် အန္တရာယ်ကြီးမားကြောင်း၊ ယင်းခရီးစဉ်အတွက် ဇက်ရေယာဉ် အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း သင်္ဘောကျင်းမှ တာဝန်ရှိသူများအား ပြောကြားခဲ့သည်။

ထို့နောက် မုတ္တမမြို့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (သံလွင်သင်္ဘောကျင်း)က တာဝန်ရှိသူက ရေဘဝဲ(၃)ကို ပြင်ဆင်စစ်ဆေးပြီးပါက ချောင်းဆုံမြို့နယ် ကလွီလိုင်းသို့ ဩဂုတ်လ ဒုတိယပတ်တွင် ပြေးဆွဲနိုင်တော့မည်ဖြစ်ကြောင်း၊ နတ်မှော်ကျေးရွာသို့လည်း ရေဘဝဲ(၁) ပြေးဆွဲနေကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးက ခရီးစဉ်အားလုံး လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် ဇက်များကို အချိန်မီ ပြင်ဆင်ထားကြရန်၊ သဘာဝဘေးအန္တရာယ်ကြုံလာပါက အချိန်နှင့်တစ်ပြေးညီ စုပေါင်းဆောင်ရွက်ပေးကြရန် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(သံလွင်သင်္ဘောကျင်း)မှ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**(၁၀၈)**



## မဲဇာမြစ်ကူးတံတားကြီး ဗန်းမောက်ဒေသခံများကို အကျိုးပြုနေဆဲ

**ဗန်းမောက် ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကွဲကောကြီးရွာတွင်ရှိသည့် မဲဇာမြစ်ကူးကားလမ်း သံကူကွန်ကရစ်တံတားကြီးသည် ဒေသခံများကို အကျိုးပြုလျက်ရှိနေကြောင်း သိရသည်။

"တံတားကြီးကအစိုးရက လွန်ခဲ့တဲ့နှစ်ပေါင်း လေးဆယ်လောက်က ဆောက်ထားတဲ့ တံတားကြီးပါ။ ဒီတံတားကြီးက ဒေသခံတွေကို ကောင်းကျိုးတွေ အကျိုးပြုနေပါတယ်။ ဘာကြောင့်လဲဆိုတော့ နွေ၊ မိုး၊ ဆောင်း ၁၂ လရာသီကာလမှာ အခက်အခဲမရှိ၊ ဒီနေရာကနေ မဲဇာကြီးကို ဖြတ်သန်းသွားလာနေကြပါတယ်။ ဒီတံတားကြီး ဆောက်လုပ်ထားတာမြင်တော့ မဲဇာမြစ်ရေဘယ်လောက်ကြီးကြီး ရေမကျော်ဘူး"ဟု ကွဲကောကြီးရွာ ဦးဝင်းရွှေက ပြောကြားခဲ့သည်။

အဆိုပါ ကွဲကောကြီးရွာရှိ မဲဇာမြစ်ကူး သံကူကွန်ကရစ်တံတားကြီးဖြစ်ပြီး အလျား ပေ ၃၀၀၊ အနံမှာ ၂၄ ပေအကျယ်ရှိသည်။ ထို တံတားသည် အင်းတော်-ဗန်းမောက်သွားသည့် ကားလမ်းမကြီးမှာ တည်ရှိကာ ဗန်းမောက်မြို့နှင့် ငါးမိုင်အကွာအဝေးသာရှိသော တံတားလည်းဖြစ်သလို ခိုင်ခန့်ပြီး ပြည်သူကို အကျိုးပြုနေသည့် တံတားကြီးကြောင့် မဲဇာမြစ်ရေပင်ကြီးသော်လည်း ကွဲကောကြီးတံတားကြောင့် ဗန်းမောက်ဒေသခံများမှာ အဆင်ပြေလျက်ရှိနေကြကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# ဗဟိုဘဏ်ငွေလဲနှုန်း လျော့ချ၊ ပြည်ပပို့ကုန်ရငွေပြင်ပဈေးကွက်ငွေလဲနှုန်းနှင့် နှုန်းတူလာ

**ရန်ကုန် ဇူလိုင် ၃၁**

နိုင်ငံခြားငွေလဲလှယ်နှုန်းထားများ ဗဟိုဘဏ်နှင့် ပြင်ပဈေးကွက်တို့တွင် ဇွန်လနှင့် ဇူလိုင်လအတွင်း ကွာခြားမှုမြင့်ခဲ့သည်။ သို့သော် ဗဟိုဘဏ်၏ ငွေလဲနှုန်းထားများ နှုန်းရှင်အပြင် ဇူလိုင် ၁၃ တွင် မေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၂၀၀သို့ မြင့်တက်ပြောင်းလဲခဲ့သည်။ ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိ ငွေကျပ် ၁၂၄၀ နှုန်းထိ အမြင့်ဆုံးဖြစ်ရာမှ ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ၁၂၃၈ ငွေကျပ်နှုန်းသို့ ပြန်လည်လျှော့ချ သတ်မှတ်လာခဲ့သည်။

နိုင်ငံခြားသုံး ငွေလဲလှယ်နှုန်း ပြင်ပဈေးကွက်၏ ဇူလိုင် ၂၉ ရက်တွင်ပြည်ပပို့ ပို့ကုန်ရငွေ L/C ငွေလဲနှုန်းမှာ ဗဟိုဘဏ်၏ငွေလဲနှုန်းအတိုင်း ၁၂၃၈ ကျပ်သာရှိပြီး အမေရိကန်ဒေါ်လာလဲလှယ်နှုန်းမှာ ၁၂၄၁ ကျပ်သာရှိရာ ဗဟိုဘဏ်ငွေလဲ နှုန်းထက်တစ်ဒေါ်လာလျှင် သုံးကျပ်သာကွာခြားမှု ရှိသည်ဟု နေ့စဉ်စားအုန်းဆီဈေးနှုန်း စာရင်းများ ဖော်ပြမှုမှသိရသည်။

ဇူလိုင်လကုန်ပိုင်း ပြည်ပငွေကြေးလဲလှယ်နှုန်းများ လျော့ကျတည်ငြိမ်လာသည့်အတွက် ဈေးနှုန်းမြင့်တက်လာသော ကုန်စည်အချို့ ဈေးနှုန်းလျှော့ချလာမှု ရှိလာသည်။ ပြည်ပစားအုန်းဆီ Fob တစ်တန်ဈေးနှုန်းမှာ ဇူလိုင်၂၈နှင့် ၂၉ တို့တွင် ၆၂၅ ဒေါ်လာ နှုန်းဆိုပ်ကမ်းရောက်အရင်း ဈေးတစ်ပိဿာ ၁၄၅၇ ကျပ်ရှိပြီး ဆီထုတ်ယူခွင့် စာအရွက်တစ်ပိဿာရောင်းဈေး ငွေကျပ် ၁၄၅၀၊ ရန်ကုန်ဆီ ဈေးကွက်အလှယ်လက်ကားတစ်ပိဿာရောင်းဈေး ငွေကျပ် ၁၄၆၀ နှုန်းသာရှိသည်။

ပြည်ပမှ တင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဈေးကွက်တွင် ကြိုတင်ရောင်းချမှုများ ရှိနေဆဲဖြစ်သည်။ ဇူလိုင်လအထိ တစ်ပိဿာလျှင် ငွေကျပ် ၁၂၉၀နှုန်းဖြင့် ကြိုတင်ရောင်းထားသော စားအုန်းဆီကြိုရောင်းစာရင်းများ ဇူလိုင်လ ကုန်တွင် စာရင်းရှင်းလင်းချိန်တွင် ဈေးနှုန်းများကျသည့်အတွက် ကြိုတင်ရောင်းချသူများ အရှုံးသက်သာမှု ရရှိသည်ဟု စားအုန်းဆီဈေးကွက်မှ သိရသည်။ ၂၀၁၅ တစ်နှစ်လုံးအတွက် ယခုရက်ပိုင်းကြိုတင်ရောင်းဈေးမှာ တစ်ပိဿာငွေကျပ် ၁၄၄၀ ဖြစ်ပြီး ဆီတစ်ပီပါလျှင် ဆီတန်ဖိုး၏ ၆ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၀၀၀၀ နှုန်းကြိုတင်ပေးထားရသည်ဟု သိရသည်။

ပြည်ပမှ တင်သွင်းလာသော အိန္ဒိယငရုတ်ရှည်၊ စကဗီယက်နမ်ငရုတ်ရှည် ဈေးနှုန်းများသည်လည်း နိုင်ငံခြားငွေဈေးနှုန်းကျဆင်းတည်ငြိမ်မှုကြောင့် ဈေးနှုန်းအမြင့်မှစတင်ဈေးကျလာသည်။ ပြည်တွင်းတွင် ပြည်ပငရုတ်များ အအေးခန်းသွင်း၍ အိတ်ရေ အများအပြားသိုလှောင်မှုနှင့် ပြည်ပမှ ဆက်လက်တင်သွင်းမှုရှိနေကြသည်။ အိန္ဒိယငရုတ်ရှည် တစ်ပိဿာ ငွေကျပ် ၃၉၅၀ ထိ ဈေးမြင့်ခေါ်သော်လည်း ဈေးကွက်တွင် ငွေကျပ် ၃၉၀၀ ထိသာအရောင်းအဝယ်ဖြစ်ခဲ့ရာမှ ဇူလိုင် ၂၉ ရက်တွင် ငွေကျပ် ၃၈၅၀ နှုန်းနှင့်ပင် အရောင်းအဝယ် အေးလာသည်။ အအေးခန်းလှောင် ပြည်ပငရုတ်ရှည်များမှာ ငွေကျပ် ၃၈၀၀ နှင့်ဈေးလျှော့ရောင်းလာကြသည်။ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင်တွင်ရှိစဉ် အအေးခန်းလှောင်သိမ်းဆည်းရာမှ ဈေးနှုန်းမြင့်ချိန် ဈေးကွက်တင်ရောင်းချရာ လတ်တလော တင်သွင်းသော ငရုတ်ထက် လူကြိုက်နည်း၍ ဈေးအနည်းငယ်ခွာရောင်းချရခြင်းဖြစ်သည်ဟု ဘုရင့်နောင်ပွဲရုံဝင်းရှိနယ်သို့ ငရုတ်ဝယ်ပို့နေရသူ ကိုဇော်ကပြောသည်။

ဘာရာဇီးတွင် ကြံရိတ်သိမ်းမှုမြင့်မားလာ၍ သကြားကြိုပွိုင့်ရောင်းဈေး ယခုရက်ပိုင်းတွင် အလေးချိန် တစ်ပေါင်လျှင် ၀ ဒသမ ၁၁၄ ဒေါ်လာနှုန်းသာရှိရာ ၂၀၀၉ ဇန်နဝါရီ ၁၄ ရက်မှစ၍ ယနေ့အထိ ခြောက်နှစ်တာကာလတွင် အနိမ့်ဆုံးဈေးနှုန်းဖြစ်လာသည်ဟု ကမ္ဘာ့သကြားဈေးနှုန်း သတင်းတွင် ဖတ်ရှုရသည်။ သို့သော် ပြည်တွင်းသကြားဈေးကွက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၂၂၀ နှုန်းအထိ ဇွန်လ လယ်တွင် ယခုနှစ် အတွင်းအမြင့် ဆုံးဖြစ်ခဲ့သည်။ ယခုရက်ပိုင်းတွင်မူ တစ်ပိဿာငွေကျပ် ၁၁၀၀မှ၁၁၄၀အတွင်းသာရှိသည်။ ယခုရက် ငွေလဲလှယ်နှုန်းကျဆင်း တည်ငြိမ်မှုကြောင့် ဈေးကွက်တွင် သကြားအရောင်းအဝယ်အေးပြီး ဈေးနှုန်းကျဆင်းရန်အလားအလာရှိသည်ဟု သကြားရောင်းချသူတစ်ဦးက ပြောသည်။

သကြားဈေးနှုန်းကျဆင်းရန်ရှိခြင်း၊ အရောင်းအဝယ်အေးခြင်းဖြစ်ပေါ်သော်လည်း ထန်းလျက်ထွက်ရှိရာဒေသတွင် မိုးရွာသွန်းမှုရှိလာခြင်းတို့ကို အကြောင်းပြု၍ ဘုရင့်နောင်ဈေးကွက်တွင် နှစ်ရက်အတွင်း ညောင်ဦး ဆေးခတ် ထန်းလျက် တစ်ပိဿာငွေကျပ် ၁၀၀ နှုန်းဝန်းကျင် ဈေးမြင့်တက်လာသည်။ ဇူလိုင် ၂၇ ရက်တွင် ငွေကျပ် ၁၁၀၀ နှုန်း၊ ဇူလိုင် ၂၈ ရက်တွင် ငွေကျပ် ၁၁၅၀ နှုန်း၊ ဇူလိုင် ၂၉ ရက် တွင် ငွေကျပ် ၁၂၅၀ နှုန်းအထိ ဈေးနှုန်းများ မြင့်တက်လာသည်။ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ထန်းလျက်ပွဲရုံများအနက် အများစုတွင် ပွဲခယူရောင်းဝယ်ခြင်းထက် ပစ္စည်းကြိုတင်ဈေးပြတ်သိုလှောင်ထားကြပြီး ဈေးတင်ရောင်းချမှုများလာသည်။

ထန်းလျက်ဈေးနှုန်း ရုတ်တရက် အပြောင်းအလဲဖြစ်မှုသည် ထန်းတက်လုပ်သားများ အကျိုးခံစားရမှုနည်းပြီး ပွဲရုံအမည်ခံ လှောင်လက်များသာ နှစ်စဉ်အကျိုးအမြတ်ရရှိမှုများသည်။ ၂၀၁၄ သင်္ကြန်မတိုင်မီ ပွဲရုံဖွင့်ရက်နောက်ဆုံးနေ့တွင် တစ်ရက်တည်း ထန်းလျက်ဈေးနှုန်း သုံးမျိုးပြောင်းလဲကာ တစ်ပိဿာ ငွေကျပ် ၃၀၀ နီးပါးဈေးကျသဖြင့် နယ်ပို့ အဝယ်တော်များနှင့် နယ် ကုန်သည်များ ဆုံးရှုံးမှုများခဲ့ရသည်ဟု အဝယ်တော် ကိုထွန်းက ပြောသည်။

ရှမ်းအာလူးအသစ်များ ဈေးကွက်သို့ စတင်ဝင်ရောက်သော ဇူလိုင်လအတွင်း လလယ်ပိုင်းတွင် အာလူးအဝယ်တော်မှ အဝယ်ရခက်သော ကြက်သွန်နီဝယ်၍ရမည်ဟု ပွဲရုံ အချို့တွင် ပြောဆိုရောင်းချနေခဲ့သည်။ ဇူလိုင် ၁၈ ရက် အောင်ပန်းအာလူးသစ် တစ်ပိဿာလျှင်ငွေကျပ် ၃၂၀-၅၂၀-၆၂၀-၆၄၀ နှုန်းသာရှိခဲ့သည်။ သို့သော် ဇူလိုင်လ ကုန်ပိုင်းတွင် အာလူးအဝယ်ခက်ပြီး နှုန်းများမြင့်လာသည်။ ဇူလိုင် ၂၉ ရက်တွင် တစ်ပိဿာငွေကျပ် ၄၅၀-၆၇၀-၈၅၀-၉၀၀ နှုန်းအထိ ဈေးမြင့်တက်လာသည်။ အာလူးအိတ်များအတွင်းရှိ အပုပ်များ၊ ရေစိုများရွေးချယ် သန့်စင်မှုကို ပွဲရုံများမှ ဝယ်ယူပြီးနောက် ပြန်လည်ပြုလုပ်ပြီးမှသာ နယ်သို့တင်ပို့ရသည်ဟု အဝယ်တော် ကိုစိုးက ပြောသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း ဈေးအနည်းငယ်ကျဆင်း တည်ငြိမ်လာမှုကြောင့် ပြည်ပနှင့်ဆက်စပ်ကုန်စည်အချို့ ဈေးကျလာချိန် မိုးရွာသွန်းမှုနှင့်ရေကြီး၊ ရေလျှံမှုကို အကြောင်းပြု၍ ရန်ကုန်ဈေးကွက်တွင် ကုန်စည်အချို့ဈေးနှုန်းများ မြင့်တက်လာမှုရှိလာသည်။ ကုန်စည်အချို့ ရန်ကုန်ပွဲရုံများတွင် ကြိုတင်လှောင်ထားပြီး သဘာဝဘေးအန္တရာယ်ဆိုးရွားစွာ ကြုံတွေ့ရခြင်းမရှိသေးသော စားဖိုဆောင် ကုန်စည်အချို့ ထွက်ရှိရာဒေသများ၏ မိုးရွာသွန်းမှုပေါ်မူတည်၍ ရန်ကုန်ဈေးကွက်တွင် ဈေးနှုန်းများမြင့်တင် ရောင်းချလာမှုသည် အကျိုးအမြတ်ရရှိအောင် ကြိုတင်ဆောင်ရွက်ချက်မျိုးဖြစ်နေသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းအတွင်း နေ့စဉ်စားဖိုဆောင် ကုန်စည်များဝယ်ယူ၍ နယ်သို့တင်ပို့နေသော ကုန်သည်အချို့မှ ယခုရက်ပိုင်းဈေးနှုန်းမြင့်တက်လာသော ကုန်စည်အချို့အပေါ် ဝေဖန်ပြောကြားနေကြသည်ဟု သိရသည်။ **ခင်ဆိုင်**

# ကောလင်းဘူတာမှ ကန့်ဘလူဘူတာသို့ RTC ကားများ ပြေးဆွဲပေးလျက်ရှိ



**ကောလင်း ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဇူလိုင် ၁၆ ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးနစ်မြုပ်ပြီး ရေတိုက်စားမှုကြောင့် ကောလင်း-ကန့်ဘလူ လမ်းပိုင်း၊ ကန်ကြီး နှင့် ဇော်ချောင်းကြား သံတံတားရေတိုက်စားပျက်စီးသွားသည်။

ကောလင်း-ကန့်ဘလူလမ်းပိုင်း ရထားများ မပြေးဆွဲနိုင်ခြင်းကြောင့် ဒေသများမှ ခရီးသွား ပြည်သူများကို ဇူလိုင် ၂၉ ရက်မှစ၍ ကောလင်း-မြစ်ကြီးနားလမ်းပိုင်းမှ အစုန်၊ အဆန် ရထားများ ပြန်လည်ပြေးဆွဲလျက်ရှိသည်။

ကောလင်းဘူတာနှင့် ကန့်ဘလူဘူတာသို့ သွားလာမှု အဆင်ပြေအောင် RTC မော်တော်ယာဉ် ငါးစီးကို စီစဉ်ပေးလျက်ရှိပြီး ခရီးသည်တစ်ဦးကို ကားခငွေကျပ် ၁၀၀၀ ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**



# နိုင်ငံသားကတ်ပြားနှင့် အိမ်ထောင်စုဇယားများပေးအပ်

**အင်းတော် ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကျောင်းကုန်းကျေးရွာတွင် ဇူလိုင် ၁၅ ရက်မှ ၂၂ ရက်အထိ မိုးကြီးရေလျှံ၍ ရေမျောပါသွားသော အိမ်ထောင်စုလေးစုကို ဇူလိုင် ၂၇ ရက်က အိမ်ထောင်စုဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်မှပေးအပ်ခဲ့သည်ဟု သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# မကွေးတိုင်းဒေသကြီး သတင်းစာဆရာအသင်းညီလာခံ ကျင်းပ

**မကွေး ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး သတင်းစာဆရာအသင်းညီလာခံကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ဗဟို) MJA မှ ဦးဆောင်၍ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက မကွေးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ထို့နောက်တိုင်းဒေသကြီးအတွင်းရှိ သတင်းထောက်များက အလုပ်အမှုဆောင် ၁၉ ဦးနှင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်၊ စည်းရုံးရေးမှူး၊ ညီလာခံ ကိုယ်စားလှယ်နှင့်ပြန်ကြားရေးမှူးများကို ရွေးချယ်တင်မြှောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သတင်းစာဆရာအသင်းအလုပ်အမှုဆောင် ၁၉ ဦးက ကတိသစ္စာ ကျိန်ဆိုကြပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။ **တင်ထွန်းဦး(မင်းဘူး)**

# ပြည်ပခိုးထုတ်ကျောက်စိမ်းများ ဖမ်းဆီးရမိ

**မူဆယ် ဇူလိုင် ၃၁**

မြန်မာ့ကျောက်မျက်ရတနာများ ပြည်ပသို့တရားမဝင် ခိုးထုတ်မှုများအား ရှေ့လျားလှုပ်ရှားအဖွဲ့ (မူဆယ်)မှ စီမံချက်ဖြင့်ရှောင်တခင်ရှာဖွေ စစ်ဆေးခြင်းများ ပြုလုပ် လျက်ရှိရာ ဇူလိုင် ၂၂ ရက်က ညနေ ၄ နာရီက အေးရှားဝေါလ်တိုးဂိတ် (မူဆယ် ) အနီး ပြည်ထောင်စုလမ်းမပေါ်တွင် မန္တလေးဘက်မှ ဝင်လာသော VIGO ယာဉ် (4J----) ပေါ်မှ အိတ် ၁၅အိတ်ဖြင့် ကျောက်စိမ်းတုံးများခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၈၅၀၀၀၀ကိုလည်းကောင်း၊ ယာဉ်အမှတ် 2I/--- ISUZU D-MAX ပေါ်မှ အိတ် ၁၁ အိတ်ဖြင့်သယ်ယူလာသောကျောက်စိမ်းတုံးခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇၄၇၂၀၀၀ ကိုလည်းကောင်း၊ ဇူလိုင် ၂၃ရက် ညနေ ၄ နာရီခွဲက အဆိုပါလမ်းမတွင် CC/--- Mark II ယာဉ်ပေါ်မှ တင်ဆောင်လာသော ကျောက်စိမ်းတုံး နှစ်အိတ်မှခန့်မှန်း တန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀ ကိုလည်းကောင်း ဇူလိုင် ၂၀ ရက်မှ ၂၅ရက်ထိ နိုင်ငံတော်ပိုင်အဖြစ် ကျောက်စိမ်းတုံးများ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၉၉၂၂၀၀၀ ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး (မူဆယ်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**မင်းလှ ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် မင်းလှမြို့ မြို့မဈေးရှေ့တွင် ဇူလိုင် ၂၉ ရက်က မင်းလှမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဇော်ဦး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ဈေးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# အမျိုးသမီးတစ်ဦးဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံး

**အုတ်တွင်း ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းတွင် ဇူလိုင် ၂၆ ရက် ညနေက ဆိုင်ကယ်စီးရင်း ထီးဖွင့်ဆောင်းသည့် အမျိုးသမီးတစ်ဦး ဆိုင်ကယ်နောက်မှ ပြုတ်ကျကာ ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကားလမ်းအတိုင်း တောင်မှမြောက်သို့ နန်းဝင်း ကျွဲပွဲမြို့နေသူ မောင်းနှင်ပြီး နောက်တွင် အစ်မဖြစ်သူ မထားထားတို့ စီးနင်းလိုက်ပါလာသော ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက် မိုးရွာသွန်းလာသည့်အတွက် မထားထားက ထီးဖွင့်ဆောင်းရာမှ အရှိန်လွန်ပြီး ကားလမ်းပေါ်ပြုတ်ကျကာ ဦးခေါင်းတွင် ဒဏ်ရာရရှိသွား၍ အုတ်တွင်းမြို့နယ်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ကျွဲပွဲနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ပြည်ပစျေးကွက်တွင် မြန်မာ့ကဏန်းများ ဝယ်လိုအားကောင်းနေ

**ဖျာပုံ ဇူလိုင် ၃၁**

မြန်မာ့ကဏန်းများကို ပြည်တွင်းရှိစားသောက်ဆိုင်ကြီးများနှင့် ဟိုတယ်များတွင်သာမက အရှေ့တောင်အာရှစျေးကွက်တွင်ပါ နှစ်ခြိုက်စွာ စားနေကြသူများရှိလာသဖြင့် စျေးကွက်တွင်ကျယ်နေပြီး ရောင်းနိုင်သည်ထက် ဝယ်လိုအားက ပိုကောင်းလျက်ရှိကြောင်း သိရသည်။

မြန်မာ့ကဏန်းများကို ယခင်က တရုတ်နှင့် ထိုင်းနိုင်ငံစျေးကွက်များသို့ အဓိကထားတင်ပို့ခဲ့သော်လည်း ယခုအခါ စျေးကွက်ပိုကျယ်ပြန့်လာပြီး ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် ဥရောပနိုင်ငံများကပါ ဝယ်ယူရန် ကမ်းလှမ်းလာကြောင်း သိရသည်။

ကဏန်းစျေးကွက် ကျယ်ပြန့်လာပြီး ကမ္ဘာ့ကဏန်းစျေးကွက်တွင် ကဏန်းစျေးနှုန်းများ မြင့်တက်နေသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံများကပါ ကဏန်းမွေးမြူရေးကို လုပ်ကိုင်လာကြသော်လည်း မြန်မာ့ကဏန်းများမှာ အကောင်ကြီးပြီး အရသာပိုကောင်းသဖြင့် မြန်မာ့ကဏန်းက စျေးကောင်းရနေဆဲဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာနှင့် ငပုတောမြို့နယ်များသည် ကဏန်းအများဆုံးထွက်သော မြို့နယ်များဖြစ်သည်။ ယခုရက်ပိုင်းအတွင်း ကဏန်းဒိုင်များမှ ဝယ်စျေးမှာ ခြောက်ကောင်လျှင် တစ်ကီလိုရှိ ကဏန်းအမ တစ်ကီလိုစျေး ခြောက်ထောင်ကျပ်၊ ခြောက်ကောင်အောက် တစ်ကီလိုလျှင် ၃၅၀၀ ကျပ်၊ ကဏန်းအထီးလေးကောင်တစ်ကီလိုလျှင် ကျပ်ခြောက်ထောင်၊ ကဏန်းအထီးခြောက်ကောင်တစ်ကီလိုလျှင် ကျပ်ငါးထောင်နှင့် အထီးအမ ကိုးကောင်တစ်ကီလိုလျှင် ငွေကျပ် ၃၀၀၀ အထိ ရှိကြောင်းနှင့် စျေးကွက်လိုအပ်ချက်အရ စျေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း ဖျာပုံမြို့မှ ကဏန်းလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ယခုရက်ပိုင်းတွင် မြန်မာ့ကဏန်းများကို ပြည်ပနိုင်ငံများက ဝယ်ယူရန် ကမ်းလှမ်းနေကြသော်လည်း ကဏန်းမွေးမြူထုတ်လုပ်မှုများ သိသာစွာ ကျဆင်းလျက်ရှိနေကြောင်း မြန်မာနိုင်ငံကဏန်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ကဏန်းများကို သဘာဝအလျောက်ပေါက်ပွားသည့်အတိုင်း ဖမ်းယူနိုင်သကဲ့သို့ မွေးမြူခြင်းဖြင့်လည်း ရရှိနိုင်သည်။ မြန်မာနိုင်ငံတွင် ကဏန်းများကို ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်နှင့် ရခိုင်ပြည်နယ်များမှ ရာသီမရွေးရရှိသည်။



ကမ္ဘာတွင် ကဏန်းစားသူများလာခြင်းကြောင့် ကဏန်းစျေးကွက်မှာ ယခုထက်ပို၍ ကျယ်ပြန့်လာနိုင်ပြီး အနာဂတ်တွင် လိုအပ်ချက်ပို၍ရှိလာကာ စျေးလည်းပိုမြင့်လာနိုင်ကြောင်း လုပ်ငန်းကျွမ်းကျင်သူများက သုံးသပ်ထားသည်။ **အောင်ဝင်း(ဖျာပုံ)**

# မိတ္ထီလာမြို့ရှောင်လမ်း အမြန်ဆုံးပြီးစီးအောင် ဖောက်လုပ်လျက်ရှိ



**မိတ္ထီလာ ဇူလိုင် ၃၁**

မိတ္ထီလာမြို့အတွင်း ယာဉ်ကြောရှုပ်ထွေးမှု သက်သာပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လမ်းပန်းဆက်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် အရှည် ၁၄ မိုင် ၄ ဖာလုံရှိ မိတ္ထီလာမြို့ရှောင်လမ်းကို အမြန်ဆုံးပြီးစီးအောင် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

"မြို့ရှောင်လမ်းကို အမြန်ဆုံးပြီးစီးအောင် ဖောက်လုပ်နေကြပါတယ်။ အောက်တိုဘာလကုန်ပိုင်းမှာ ပြီးစီးအောင်ဖောက်လုပ်ဖို့တော့ ပြောထားပါတယ်။ လက်ရှိတော့ မြေသားလမ်းလုပ်ငန်းတွေနဲ့ ရေမြောင်း ပြွန်လုံးတပ်ဆင်တာတွေ ဆောင်ရွက်နေပါတယ်"ဟု တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။ မိတ္ထီလာမြို့ရှောင်လမ်းတွင် သပြေဝလမ်းဆုံမှ မိတ္ထီလာ-သာစည်ကားလမ်းမ( ပျဉ်သာကျေးရွာအနီး)အထိ လမ်းပိုင်း ၉ မိုင် ၂ ဖာလုံကို သော်တာဝင်းကုမ္ပဏီကတာဝန်ယူဖောက်လုပ်နေပြီး ပျဉ်သာကျေးရွာအနီးမှ ကန်တောင်ကျေးရွာတောင်ဘက် မြာရေဝေကျေးရွာ လမ်းဆုံအနီးအထိ လမ်းပိုင်း ၅ မိုင် ၂ ဖာလုံကို ယုဇနကုမ္ပဏီကတာဝန်ယူဖောက်လုပ်လျက်ရှိသည်။

မိတ္ထီလာမြို့ရှောင်လမ်းသည် စုစုပေါင်းလမ်းသားအကျယ် ပေ ၁၂၀ခန့်ရှိသော်လည်း လက်ရှိတွင် ၂၄ ပေ အကျယ်အထိကိုသာ ယုဇနကုမ္ပဏီက ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ သော်တာဝင်းကုမ္ပဏီက ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# မိုးသည်းထန်သဖြင့် ကျေးရွာချင်းဆက်လမ်းမကြီးပျက်စီး

**ဗန်းမောက် ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးဗန်းမောက်မြို့နယ်အတွင်း မိုးများနေ့စဉ်ရွာသွန်းနေသောကြောင့် ကွဲကောကြီး ကျေးရွာ၊ ခေါင်းကိုက်ကျေးရွာနှင့် ကိုင်းကြီးကျေးရွာကြား ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းမကြီးတွင် ရေတင်ကာ ရွှံ့အိုင်များဖြစ်လာပြီး ချို့ယွင်းပျက်စီးလာကြောင်း သိရသည်။

ကွဲကောကြီးကျေးရွာနှင့် ခေါင်းကိုက်ရွာကြားလမ်းမကြီးသည်မြို့နယ်အတွင်းအဓိကကျသော လမ်းမကြီးတစ်ခုဖြစ်ကာ နေ့စဉ်မိုးရွာနေသဖြင့် လမ်း မှာတစ်ရက်ထက်တစ်ရက် ပို၍ပျက် လာကြောင်း၊ ခေါင်းကိုက်ရွာနှင့် ကိုင်းကြီးရွာအဝင်များတွင် အဆိုးဆုံးဖြစ်ကြောင်း၊ ဇူလိုင် ၂၉ ရက်တွင် မိုးဆက်ရွာပြီးနောက် ပို၍ပျက်လာပြီး ကားများသွားမရတော့ကြောင်း သိရသည်။ **သန်းမောင်လေး**



# တောင်ငူပင်မဓာတ်အားခွဲရုံတည်ဆောက်ရေးကြောင့် ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများဆန်းစစ်

**တောင်ငူ ဇူလိုင် ၃၁**

တောင်ငူမြို့နယ် စပါးကွယ် ကျေးရွာ၌ တည်ဆောက်မည့် ၅၀၀ ကေဗွီ တောင်ငူပင်မဓာတ်အားခွဲရုံကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်ချေနှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်ချေများအကြောင်း ဆွေးနွေးပွဲကို တောင်ငူမြို့ ဘုရင့်နောင်ခန်းမ၌ ဇူလိုင် ၂၉ ရက်က ပြုလုပ်ခဲ့ပြီး ထိခိုက်နိုင်ချေများနှင့်ပတ်သက်၍ ဆန်းစစ်သဘောထားရယူခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ(၂) ဦးသန်းရွှေက စီမံကိန်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ အင်ဂျင်နီယာမှူး(မြို့ပြ)ဦးသီဟန်ထွန်းက ဓာတ်အားခွဲရုံမြေနေရာရရှိရေး ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် E-Guard Enviromental Service Co.,Ltd မှ Consultant ဒေါ်မြတ်မွန်ဆွေက စီမံကိန်းဆိုင်ရာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက လိုအပ်သည်များကို အကြံပြုခဲ့သည်။ တောင်ငူပင်မဓာတ်အားခွဲရုံကို ၈၉ ဒသမ ၇၃ ဧကအကျယ်မြေပေါ်တွင် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**



# ထားဝယ်ခရိုင်အတွင်း ကျေးရွာ ၂၀ ၌ မြစိမ်းရောင်စီမံကိန်း တိုးချဲ့မည်

**ထားဝယ် ဇူလိုင် ၃၁**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ထားဝယ်ခရိုင်အတွင်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၂၀ ၌ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်မြို့နယ်၊ သရက်ချောင်းမြို့နယ်၊ လောင်းလုံးမြို့နယ်နှင့် ရေဖြူမြို့နယ်များမှ ကျေးရွာ ငါးရွာ စီတွင် စီမံကိန်းကို ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်ချေးငွေ ကျပ်သိန်း ၃၀၀ စီတည်ထောင်ပေးကာ ရန်ပုံငွေစုစုပေါင်း ကျပ်သိန်း ၆၀၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို Pilot Project အနေဖြင့် ထားဝယ်မြို့နယ်တွင် နှစ်ရွာ၊ သရက်ချောင်းမြို့နယ်တွင် တစ်ရွာ၊ လောင်းလုံးမြို့နယ်တွင် ၁၀ ရွာနှင့် ရေဖြူမြို့နယ်တွင် ၁၁ ရွာ စုစုပေါင်း ၂၄ ရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီး အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၇၂၀၀ ဖြင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုးတက်စေရန်ဆောင်ရွက်ပေးနိုင်ခဲ့ရာ အသင်းဝင်မိသားစု ၂၁၇၈ စုအနေဖြင့် အကျိုးကျေးဇူးများ ခံစားနေရပြီဖြစ်ပြီး ရန်ပုံငွေပမာဏမှာလည်း ကျပ် ၇၈၄ ဒသမ ၃ သန်းအထိ တိုးပွားလျက်ရှိကြောင်း သိရသည်။

ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းစတင်မည့် ကျေးရွာ ၂၀ အပါအဝင် စီမံကိန်းဆောင်ရွက်နေသည့် ကျေးရွာ ၄၄ ရွာအထိ ရှိလာမည်ဖြစ်ပြီး အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စုစုပေါင်း ကျပ် ၁၃၈၄ ဒသမ ၃ သန်းအထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ပီအက်စ်ဂျီတို့ ပြင်သစ်စူပါဖလားကို ကာကွယ်နိုင်ပါ့မလား




မိုးမြင့်လင်းလတ်

၂၀၁၅ ခုနှစ် ပြင်သစ်စူပါဖလား ဘောလုံးပြိုင်ပွဲကို ပြင်သစ်လီဂူး-၁ ထိပ်တန်းကလပ်တွေဖြစ်တဲ့ ပီအက်စ်ဂျီနဲ့ လိုင်ယွန်တို့ ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့၌ ဩဂုတ် ၂ရက်မှာ ယှဉ်ပြိုင်ကစားကြပါလိမ့်မယ်။ ဒီပြိုင်ပွဲမှာတော့ ဖလားရအောင်ကြိုးစားမယ့် ပီအက်စ်ဂျီကို လိုင်ယွန်တို့ ဘယ်လိုထိန်းချုပ် ဟန့်တားသွားနိုင်မလဲဆိုတာ စိတ်ဝင်စားစရာဖြစ်နေသလို ဒီနှစ် ဘောလုံးသမား အပြောင်းအရွှေ့ကာလမှာ ငွေကုန်ကြေးကျများစွာ ဖြည့်ဆည်းဆောင်ရွက်ထားတဲ့ ပီအက်စ်ဂျီတိုက်စစ်မှူးတွေရဲ့ ပြိုင်ပွဲဝင်စွမ်းဆောင်ရည် ဘယ်လောက်အထိ မြင့်မားတယ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဒီနှစ်မှာ ဘောလုံးသမား အသစ်ခေါ်ယူမှုကို ငွေကုန်ကျခံပြီး ဖြည့်ဆည်းနေတဲ့ ပီအက်စ်ဂျီအသင်းဟာ ၂၀၁၅ ကလပ်အသင်းများ နိုင်ငံတကာ ချန်ပီယံများပြိုင်ပွဲမှာ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးကို ပွဲချိန်အတွင်း တစ်ဂိုးစီသရေပွဲကစားနိုင်ခဲ့ပြီးမှ ပယ်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရရှိထားပါတယ်။

ပီအက်စ်ဂျီတိုက်စစ်မှာ အော်စတင်၊ အီဘရာမိုဗစ်၊ လူကပ်မော်ရာ၊ ကွင်းလယ်မှာ ဗာရက်တီ၊ စတမ်ဘူလီ နဲ့ မာထွီဒီတို့ ရှိနေတာမို့ စွမ်းဆောင်ရည်ကောင်းမွန်တဲ့ စုဖွဲ့မှုရှိနေသလို ခံစစ်မှာလည်း ဗန်ဒါဝီလ်၊ အော်ရီယာ၊ ဒေးဗစ်လုဇ်၊ မက်ဇ်ဝဲလ်တို့ရှိနေတာမို့ ခိုင်မာတောင့်တင်းတဲ့ ခံစစ်မှူးတွေဖြစ်တာကြောင့် လိုင်ယွန်တို့ လွယ်ကူမယ့်ပွဲတော့ မဟုတ်ပါဘူး။

ပီအက်စ်ဂျီဟာ ပြီးခဲ့တဲ့ ၂၀၁၃- ၂၀၁၄ ဘောလုံးရာသီမှာ ကစားသမားသစ်လေးဦးအတွက် ယူရို ၁၃၅ ဒသမ ၉ သန်းအထိ အသုံးပြုခဲ့ပြီး နာပိုလီတိုက်စစ်မှူး ကာဗာနီ တစ်ဦးတည်းကိုပဲ ပြောင်းရွှေ့ကြေး ယူရိုသန်း ၆၀ အထိ ပေးချေဝယ်ယူခဲ့တဲ့ အစဉ်အလာရှိနေပါတယ်။ အခုလည်း မန်ယူကွင်းလယ်ကစားသမား ဒီမာရီယာကို ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းနဲ့ ခေါ်ယူဖို့ သဘောတူညီမှုတွေ ရရှိခဲ့ပြီလို့ သတင်းတွေထွက်ပေါ်နေပါတယ်။ အခုဆိုရင် စပါးအသင်းကွင်းလယ်ကစားသမား စတမ်ဘူလီကိုလည်း အပြီးသတ်ခေါ်ယူမှု ပြုလုပ်ထားပြီဖြစ်လို့ ရာသီအကြိုပွဲစဉ်တွေမှာ ထည့်သုံးဖို့စီစဉ်နေပါတယ်။

ပီအက်စ်ဂျီဟာ ပြင်သစ်လီဂူး-၁ မှာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ဗိုလ်စွဲခဲ့တဲ့အသင်းဖြစ်ပြီး ဒုတိယနေရာက လိုင်ယွန်ကို ရှစ်မှတ်အထိ ဖြတ်ခဲ့ကာ အောင်ပွဲခံခဲ့တာဖြစ်ပါတယ်။ ပီအက်စ်ဂျီရဲ့ ပြင်သစ်စူပါဖလား ရယူနိုင်ခဲ့တဲ့မှတ်တမ်းကို ကြည့်ရင် စုစုပေါင်း ၈ ကြိမ်ကစားခဲ့ပြီး ၄ ကြိမ်ဗိုလ်စွဲကာ၊ ၄ ကြိမ် ဒုတိယရရှိခဲ့ပါတယ်။ လက်ရှိချန်ပီယံကလည်း ပီအက်စ်ဂျီတို့ပဲဖြစ်ပါတယ်။

ပီအက်စ်ဂျီရဲ့နောက်ဆုံးကစားခဲ့တဲ့ လေးပွဲရလဒ်ကိုကြည့်ရင် သုံးပွဲနိုင်၊ တစ်ပွဲရှုံးထားပါတယ်။ လက်ရှိအချိန်မှာ ရလဒ်ကောင်းတွေရရှိနေတဲ့ ပီအက်စ်ဂျီကို လိုင်ယွန်တို့ အနိုင်ယူပြီး အောင်ပွဲခံဖို့ဆိုတာ မလွယ်ပါဘူး။ ဒါပေမယ့် ပြင်သစ်စူပါဖလားပွဲသမိုင်းမှာ အောင်မြင်မှုအရှိဆုံးအသင်းက လိုင်ယွန်တို့ဖြစ်ပြီး ၈ ကြိမ်ဗိုလ်စွဲကာ နှစ်ကြိမ်ဒုတိယ ရရှိထားပါတယ်။

လိုင်ယွန်တို့ရဲ့ လက်ရှိခြေစွမ်းကို ကြည့်ရင် အမ်မရိတ်ဖိတ်ခေါ်ဖလား ပြိုင်ပွဲမှာ အာဆင်နယ်ကို ခြောက်ဂိုးပြတ်ရှုံးထားသလို ခြေစမ်းပွဲအဖြစ် အေစီမီလန်နဲ့ ဇူလိုင် ၁၉ ရက်က ကစားခဲ့တဲ့ပွဲမှာတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိထားပါတယ်။ ဒါပေမယ့် ဇူလိုင် ၂၆ ရက်က ဗီလာရီးရဲနဲ့ ကစားတဲ့ပွဲမှာတော့ နှစ်ဂိုးပြတ်ရှုံးထားခဲ့တာမို့ လိုင်ယွန်ရဲ့ ခြေစွမ်းကလည်း ယုံကြည်လို့တော့မရတဲ့ အနေအထားဖြစ်နေပါတယ်။

ပီအက်စ်ဂျီနဲ့ လိုင်ယွန်တို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ရလဒ်တွေကိုကြည့်ရင် နှစ်ပွဲသရေဖြစ်ခဲ့ပြီး ပီအက်စ်ဂျီက နှစ်ဂိုးနဲ့ နိုင်ပွဲတစ်ပွဲရရှိထားပါတယ်။ ဒါ့ကြောင့် လက်ရှိအချိန်မှာ ဒီနှစ်သင်းရဲ့ ဆုံတွေ့မှုက ဘယ်လောက်အထိပြင်းထန်မလဲဆိုတာ စိတ်ဝင်စားစရာဖြစ်ပါတယ်။ ကစားသမားတစ်ဦးချင်းရော အသင်းလိုက်အားထုတ်မှုအပိုင်းမှာပါ သာလွန်နေတဲ့ ပီအက်စ်ဂျီကို လိုင်ယွန်တို့ အနိုင်ယူဖို့ဆိုတာ အခွင့်အရေးနည်းပါးလွန်းပါတယ်။

ဒါကြောင့် ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ပြင်သစ်စူပါဖလားကို ပီအက်စ်ဂျီတို့က ဂူအင်ဂမ့်အသင်းကို နှစ်ဂိုးပြတ်သွင်းပြီး ဆွတ်ခူးနိုင်ခဲ့သလို အခုပွဲမှာလည်း ပြိုင်ဘက်လိုင်ယွန်ကို ဂိုးတွေဘယ်လောက်သွင်းပြီး ဖလားဆွတ်ခူးသွားမလဲဆိုတာ အကဲခတ်ရဦးမှာ ဖြစ်ပါတယ်။ ။

# အာဆင်နယ်ဂိုးသမား ရိုးမားသို့ရောက်

ကောင်းမြတ်သူ
စုစည်းသည်




ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်အား ခေါ်ယူလိုက်ပြီးနောက် အာဆင်နယ်ဟာ ပြီးခဲ့တဲ့ရာသီက အသင်းနဲ့ခြေစွမ်းပြကစားခဲ့တဲ့ဂိုးသမား ဗိုချက်စီဇီနီကို စီးရီးအေကလပ် ရိုးမားသို့ အငှားချထားလိုက်ပါတယ်။

ပိုလန်ဂိုးသမား စီဇီနီဟာ ပြီးခဲ့တဲ့ရာသီက အာဆင်နယ်အသင်းနဲ့အတူ ၁၇ ပွဲသာ ကစားနိုင်ခဲ့ပါတယ်။ ပီတာဆက်ချ်ပြောင်းလာပြီးတဲ့နောက် အာဆင်နယ်က ရိုးမားကို ကာလရှည်စာချုပ်နဲ့အငှားချထားလိုက်တာ ဖြစ်ပါတယ်။ သူ့အနေနဲ့ ရိုးမားအသင်းနဲ့အတူ စီးရီးအေဖလားဆွတ်ခူးနိုင်ဖို့မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ကျွန်တော့်အနေနဲ့ ရိုးမားအသင်းမှာ ပွဲတွေအများကြီးကစားပြီး ဖလားတွေဆွတ်ခူးနိုင်ဖို့မျှော်လင့်ထားတယ်လို့ စီဇီနီကဆိုပါတယ်။

သို့ပေမယ့် အာဆင်နယ်နည်းပြဝင်းဂါးကတော့ အသက် ၂၀ အရွယ်သာရှိသေးတဲ့ လီဂီယာဝါဆောဟာ အာဆင်နယ်အသင်းရဲ့ အနာဂတ် ဖြစ်လာလိမ့်မယ်လို့ ဆိုပါတယ်။ စီဇီနီဟာ အငှားချထားတယ်ဆိုပေမယ့် ရိုးမားအသင်းနဲ့အတူ အမြဲတမ်းကစားသမားလည်း ဖြစ်သွားနိုင်ပါတယ်။


Getty Images

# ဘိုလော့နာကို ပြောင်းရဖွယ်ရှိနေတဲ့ ဘာလော့တယ်လီ

ပြီးခဲ့တဲ့ ရာသီက အေစီမီလန်မှ ပေါင် ၁၆ သန်းနဲ့ ပြောင်းရွှေ့လာတဲ့ တိုက်စစ်မှူး ဘာလော့တယ်လီဟာ လီဗာပူးမှ ထွက်ခွာရဖွယ်ရှိနေပါတယ်။ သူ့ကို စီးရီးအေကလပ် ဘိုလော့နာက ခေါ်ယူဖို့စိတ်ဝင်စားနေတယ်လို့ဆိုပါတယ်။ ဘိုလော့နာက တိုက်စစ်မှူး ဘာလော့တယ်လီကို စာချုပ်ဖို့ စိတ်ဝင်စားနေတယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ဘာလော့တယ်လီဟာ ပြီးခဲ့တဲ့ရာသီက လီဗာပူးမှာ ခြေစွမ်းပြကစားနိုင်ခြင်းမရှိတဲ့အတွက် နည်းပြရော်ဂျာကလည်း အလိုမရှိဖြစ်နေပါတယ်။ ပြီးတော့ သူနဲ့အပြိုင် အက်စ်တွန်ဗီလာတိုက်စစ်မှူး ဘင်တီကီကို ခေါ်ယူလိုက်တဲ့ အတွက်ကြောင့်လည်း ဘာလော့တယ်လီဟာ ဘိုလော့နာကို ပြောင်းဖို့သေချာနေပါတယ်။ လာမယ့်ရာသီ လီဗာပူးတိုက်စစ်အတွက် ရော်ဂျာက ဘင်တီကီအပြင် နာမည်ကြီးကစားသမားတွေဖြစ်တဲ့ ဖာမီနိုနဲ့ ဒန်နီအင်းတို့ကိုလည်း ခေါ်ယူထားပြီဖြစ်ပါတယ်။ လီဗာပူးကတော့ ဘာလော့တယ်လီကို ပေါင် ၇ သန်းနဲ့ ရောင်းချလိမ့်မယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။



© Ian Hodgson

# အိုင်းယက်စ်တိုက်စစ်မှူးကို အာဆင်နယ်ခေါ်ယူ

အရည်အချင်းပြည့်ဝတဲ့ ဆယ်ကျော်သက်အရွယ် အိုင်းယက်စ်တိုက်စစ်မှူး ဒွန်ရေးလ်မေလန်ကို မြောက်လန်ဒန်ကလပ် အာဆင်နယ်က ခေါ်ယူလိုက်ပါတယ်။ အသက် ၁၆ နှစ်အရွယ်သာရှိသေးတဲ့ တိုက်စစ်မှူး မေလန်ဟာ မြောက်လန်ဒန်ကလပ် အာဆင်နယ်သို့ ပြောင်းရွှေ့လိမ့်မယ်လို့ အိုင်းယက်စ်ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။ ဒွန်ရေးလ်မေလန်ဟာ လင်းလက်တောက်ပလာမယ့် ကြယ်တစ်ပွင့်ပါပဲ။ သူဟာ ဘောလုံးစွမ်းရည်အလွန်ကောင်းတဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်လို့ ဒတ်ချ်ကလပ် အိုင်းယက်စ်လူငယ်အသင်းမှ ဝင်းဂျွန်းကဆိုပါတယ်။ ဒွန်ရေးလ်မေလန်ဟာ အိုင်းယက်စ်လူငယ်အသင်းမှာ ခြေစွမ်းပြကစားနေသူဖြစ်ပါတယ်။ အာဆင်နယ်နည်းပြဝင်းဂါးအနေနဲ့ အိုင်းယက်စ်လူငယ်တိုက်စစ်မှူးကို ခေါ်ယူခဲ့ပေမယ့် အသင်းကြီးမှာတော့ ထည့်သွင်းကစားမှာမဟုတ်ပါဘူး။ အသင်းကြီးအတွက် လူငယ်ကစားသမားတွေကို ခေါ်ယူမွေးထားတဲ့အနေအထားပါ။ သို့ပေမယ့် အနာဂတ်အာဆင်နယ်အသင်းရဲ့ အဓိကတိုက်စစ်မှူးအဖြစ် ရောက်ရှိလာနိုင်ပါတယ်။



# ကလေးမြို့နယ်၌ မကြုံစဖူး မြစ်ရေကြီးရေလျှံမှုဖြစ်ပွား

**ကလေး ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းမှစ၍ မြစ်သာမြစ်ရေလျှံကာ ကလေးမြို့ပေါ်ရှိ အနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့တွင် မကြုံစဖူး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်းနှင့် ရေဘေးသင့်ပြည်သူများအား ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော့်ဘဝမှာ ဒီတစ်ခေါက် ဒီလိုရေကြီးတာမျိုး တစ်ခါမှမကြုံဖူးဘူးဗျာ။ သဖန်းအိုင်၊ ကျီကုန်း၊ ဖောင်ကူး၊ ကြက်ဖနက်အုပ်စု သာစီကျေးရွာတွေကတော့ ရွာလုံးကျွတ်နစ်မြုပ်သွားတာပဲ။ သဖန်းအိုင်ကျေးရွာက ရေဘေးသင့်ပြည်သူတွေကို ဆည်တော်ဦးကျေးရွာ အထက်တန်းကျောင်းခွဲမှာ နေရာချပေးထားရတယ်။ အရေးပေါ်လိုအပ်တဲ့ မီး၊ စားဝတ်နေရေးကအစ အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ် "ဟု ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသူတစ်ဦးဖြစ်သည့် ကျောင်းတိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးဝင်းရွှေမြင့်က ပြောသည်။ သစ်ချောက်ကျေးရွာတွင်လည်း ခန့်မှန်းအိမ်ခြေ ၆၀ ကျော်ကို ရေကင်းလွတ်သည့် ရုပ်ရှင်ရုံဟောင်းသို့ပြောင်းရွှေ့စေခဲ့ပြီး ချောင်းကျဉ်းကျေးရွာမှ ခန့်မှန်းအိမ်ခြေ ၃၀ ကျော်ကိုလည်း ရေကင်းလွတ်သည့် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများတွင် ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာ ၂၇ ရွာမှ အိမ်ထောင်စု ၉၀၀ ကျော်၊ အိမ်ခြေ ၁၃၃၅ လုံးနှင့် ပြည်သူ ၆၃၁၅ ဦးတို့ ရေဘေးကြုံတွေ့ခဲ့ရပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစခန်း၌ ပြောင်းရွှေ့ နေထိုင်စေခဲ့ရကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအား ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့ပေါ်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တပ်မတော်သားများက ဝိုင်းဝန်းကူညီ၍ နေရာချထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထမင်းထုပ်ဝေငှပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ရေဘေးသင့်ပြည်သူများအား ကမ္ဘောဇဘဏ်လီမိတက်က ဇူလိုင် ၂၉ ရက်တွင် ကျပ် ၇၂ သိန်းခွဲတန်ဖိုးရှိ ထမင်းဘူး ၆၀၀၀ နှင့် ဇူလိုင် ၃၀ ရက်တွင် ထမင်းဘူး ၆၀၀၀ ကို လှူဒါန်းထားသည်။ မိုးမြင့်အာကာ ဆောက်လုပ်ရေးကုမ္ပဏီနှင့် တောင်ဇလပ်ဆောက်လုပ်ရေးကုမ္ပဏီများကလည်း အမက (၃) ကျောင်းရှိ ကယ်ဆယ်ရေးစခန်းသို့ ဆန်အိတ် ၂၀ လှူဒါန်းထားကြောင်း သိရသည်။ ကလေးဝမြို့နယ်မှ မြို့မိမြို့ဖများကလည်း ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စုတစ်စုလျှင် ထမင်းထုပ်နှင့် သောက်ရေသန့်ဘူးများ ကူညီထောက်ပံ့ပေးလျက်ရှိသည်။

မြစ်သာမြစ်ရေမှာ ဆက်လက်တိုးနေဆဲဖြစ်ပြီး ရေဘေးသင့်ပြည်သူဦးရေမှာလည်း တိုးနေဆဲဖြစ်ကြောင်းနှင့် မြစ်ရေတိုးမှုကြောင့် ကလေးဝ-ကလေး ကားလမ်းပေါ်ရှိ တံတားများမှာလည်း ရေကျော်ကာ ယာဉ်များသွားလာမှုများ ပြတ်တောက်ပိတ်ဆို့လျက်ရှိကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

# ကျေးရွာအဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**လှိုင်းဘွဲ့ ဇူလိုင် ၃၁**

သဘာဝဘေးအန္တရာယ်များဖြစ်ပွားပါက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ကျေးရွာအဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် IOM အဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးဝင်းက အမှာစကားပြောကြားပြီး အိုင်အိုအမ်မှ စီမံကိန်းညှိနှိုင်းရေးမှူး ဦးတေဇာလင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် သဘာဝဘေးမကျရောက်မီ၊ ကျရောက်ဆဲ၊ ကျရောက်ပြီးအချိန်များတွင် မိမိတို့ကျေးရွာတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် သိရှိရမည့်အချက်များကို ပို့ချခဲ့ပြီး သင်တန်းသို့ ကျေးရွာအုပ်စု ၁၀ စုမှ သင်တန်းသား ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ယာဉ်စည်းကမ်းလိုက်နာရေး ပညာပေးဟောပြော

**ကျိုင်းတုံ ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာ အထက(ခွဲ) ကျောင်းခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် အမှတ်(၁၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုရုံး(ကျိုင်းတုံ)မှ ဒုတိယရဲမှူး အောင်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့ကို ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အမှတ်(၁၁၆)ယာဉ်ထိန်း ရဲတပ်ဖွဲ့စုရုံး (ကျိုင်းတုံ)မှ တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# စစ်ကိုင်းမြို့တည်နန်းတည် နှစ် ၇၀၀ ပြည့်အထိမ်းအမှတ် ကာယဗလနှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲကျင်းပ

**စစ်ကိုင်း ဇူလိုင် ၃၁**

စစ်ကိုင်းမြို့တည်နန်းတည် နှစ် ၇၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ကာယဗလမောင်ပြိုင်ပွဲ၊ ကာယအလှမယ်ပြိုင်ပွဲနှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲများ၏ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စစ်ကိုင်းမြို့တော်ခန်းမ၌ ဇူလိုင် ၂၇ ရက်က ကျင်းပခဲ့သည်။

ကာယဗလမောင်ပြိုင်ပွဲတွင် ပဏာမရွေးချယ်ထားသည့် ပြိုင်ပွဲဝင်ခြောက်ဦး ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို မောင်နန်းဝင်းအောင်၊ ဒုတိယဆုကို မောင်ဆန်းဝင်းထွန်းနှင့် တတိယဆုကို မောင်အောင်ဇော်မိုးတို့က ရရှိခဲ့သည်။ ကာယအလှမယ်ပြိုင်ပွဲတွင် ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို မမေသန်းထိုက်၊ ဒုတိယဆုကို မခိုင်မာထွန်းနှင့် တတိယဆုကို မယွန်းမေခိုင်တို့က ရရှိသည်။ လှယဉ်ကျေးမယ်ပြိုင်ပွဲတွင် ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ပထမဆုကို မနန်းယဉ်မေ၊ ဒုတိယဆုကို မအေးမြမြထွန်းနှင့် တတိယဆုကို မစန္ဒာဝင်းတို့က ရရှိခဲ့သည်။ ဆုရရှိသူများအား ပြိုင်ပွဲဖြစ်မြောက်ရေး အဓိကပံ့ပိုးကူညီသူ အလှူရှင် သီရိပျံချီဦးခင်မောင်မြင့်၊ စစ်ကိုင်းတိုင်း ဒေသကြီးသစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲများတွင် ဆုရရှိသူများအား စစ်ကိုင်းမြို့ရှိ ရွှေကုံ့ကော်ပိုးထည်တိုက်၊ ရွှေမြိုင်ပိုးထည်တိုက်နှင့် ယွန်းရွှေရည်အထည်စက်တို့ကလည်း ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ပြီး အလှူရှင် ဒေါ်ဝင်းဝင်းနု၊ ဇေယျာငွေစုငွေချေးအသင်း အတွင်းရေးမှူး ဒေါ်မာမာဆွေနှင့် ဒိုင်အဖွဲ့ဝင်များကလည်း ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# မိုးအဆက်မပြတ်ရွာပြီး စစ်တောင်းမြစ်ရေထောက်သဖြင့် နေရာအနှံ့အပြားရေဝင်နေ

**ရေတာရှည် ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း နေ့စဉ်ရက်ဆက်နေ့ရော ညပါအဆက်မပြတ်မိုးရွာသွန်းနေပြီး စစ်တောင်းမြစ်ရေခံနေသဖြင့် ရေကျဆင်းခြင်းမရှိဘဲ လယ်မြေများအပါအဝင် နေရာအများအပြား ရေနစ်မြုပ်နေကြောင်း သိရသည်။

"ဒီရက်ပိုင်းမှာ စစ်တောင်းမြစ်ရေကထောက်နေပြီ။ မြစ်ရေကထောက်နေတော့ ရေက တော်တော်နဲ့မလျော့ဘူးဖြစ်နေတယ်။ ကျွန်တော်တို့ ကျေးရွာအုပ်စုထဲက ကွင်းအမှတ် ၆၄၈(က)နဲ့ ၆၄၉(ခ)ကွင်းတွေမှာ တောင်သူ ၂၁၅ဦးရဲ့ လယ် ၈၇၆ ဧက လောက်လက်ရှိရေမြုပ်နေတယ်"ဟု အင်ဒိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်ပုကပြောသည်။ ဝါးရုံတောကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၆၅၅ တွင်လည်း တောင်သူ ၇၀ ခန့်၏ လယ်မြေ ၁၁၁ ဧက ရေနစ်မြုပ်လျက်ရှိကြောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက ပြောသည်။



ရေတာရှည်မြို့ မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းဝဲယာရှိ လယ်မြေများ၊ ရေတာရှည်မြို့တောင်ဘက် နန်ချွန်ကျေးရွာဝန်းကျင်နေရာများ၊ ဝါးရုံတောကျေးရွာအုပ်စု၊ ပီတူးကျေးရွာအုပ်စုနှင့် အင်ဒိုင်းကျေးရွာအုပ်စုများမှ လယ်မြေများတွင် ရက်ရှည်ရေဝင်နစ်မြုပ်နေသည်ကို တွေ့ရသည်။ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းကလည်း မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ချောင်းငယ်မြောင်းငယ်များမှ ရေများ ဆက်လက်ဝင်ရောက်ကာ ကျွန်းတောကုန်း-နွှေပင်ကျေးရွာလမ်းပေါ်မှ အရှည်ပေ ၁၅၀ ရှိ လိပ်ကြယ်တံတားပေါ်တွင် နှစ်ပေခန့် ရေကျော်နေသည်ကို တွေ့ရသည်။

ရေဝင်ရောက်သောကျေးရွာများမှ ဒေသခံပြည်သူများနှင့် ကျွဲနွားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်လျက်ရှိသည်။ ယခုရက်ပိုင်းအတွင်း စစ်တောင်းမြစ်ရေမှာလည်း နေ့စဉ်မြင့်တက်လျက်ရှိပြီး မြစ်ရေအချိန်မရွေးတက်လာနိုင်သည့်အတွက် စစ်တောင်းမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများအနေဖြင့် နေ့စဉ် မိုးလေဝသသတင်းများကို သတိပြုနားထောင်ကာ ကြိုတင်ပြင်ဆင်ထားသင့်ကြောင်းလည်း သိရသည်။ **ကိုလွင်(ဆွာ)**

# ဒေါ်လာဈေးနှုန်းများ အမြင့်ပိုင်းတွင်တည်ငြိမ်နေပြီးနောက် ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းများလည်း ဈေးမြင့်နေ

**ရန်ကုန် ဇူလိုင် ၃၁**

ဇွန်လဆန်းမှ ဇူလိုင်လဆန်းအထိ ဈေးနှုန်းမတည်ငြိမ်ဘဲ အတက်ကြမ်းခဲ့သော အမေရိကန်ဒေါ်လာဈေးနှုန်းသည် ဇူလိုင်လလယ်ပိုင်းမှ လကုန်ပိုင်းအထိတွင် ဆက်တက်ခြင်းမရှိဘဲ ဈေးအမြင့်တစ်နေရာတွင် တည်ငြိမ်လာပြီး သွင်းကုန်များဖြစ်သော ကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများနှင့် ဆက်စပ်ပစ္စည်းများမှာလည်း ဈေးအမြင့်တွင်ရှိနေကြောင်း သိရသည်။

ဇွန်လတစ်လလုံးနှင့် ဇူလိုင်လလယ်အထိ ရန်ကုန်မြို့ရှိ ပြင်ပဈေးကွက်တွင် ဒေါ်လာဈေးနှုန်းများ ဆက်တိုက်တက်ခဲ့ရာ ကျပ်တစ်ထောင်ကျော်ဝန်းကျင်မှ ကျပ် ၁၂၀၀ ကျော်အထိ ထိုးတက်ခဲ့သည်။ ထိုရက်များအတွင်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဟန်းဆက်များမှာလည်း ဒေါ်လာဈေးအပေါ်မူတည်၍ ဈေးနှုန်းမတည်မငြိမ်ဖြစ်ခဲ့သည်။

နေ့စဉ်ဈေးနှုန်း အပြောင်းအလဲရှိသလို ဈေးမှာလည်း အတက်ဘက်သို့သာ ရှိနေသဖြင့် ကွန်ပျူတာဈေးကွက်တွင် မဖြစ်မနေဝယ်ရန်ရှိသူအချို့သာ တစ်ဦးချင်း ဝယ်ယူကြပြီး အများအပြားဝယ်ယူလေ့ရှိသော သင်တန်းများ၊ ကုမ္ပဏီများ၊ ရုံးများမှ ဝယ်ယူမှုမရှိသဖြင့် အရောင်းအဝယ်အေးခဲ့သည်။ ယခုရက်များတွင်မူ ဒေါ်လာဈေးနှုန်းမှာ နေ့စဉ်ကျပ် ၁၂၃၀ ဝန်းကျင်တွင်သာ ရှိနေပြီး ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။

"အခုရက်တွေမှာတော့ အရောင်းအဝယ် နည်းနည်းပြန်ကောင်းလာတယ်။ ဒေါ်လာက အမြင့်မှာငြိမ်နေပြီး ဈေးပြန်ကျရင်တောင် သိပ်များများကျဖို့မရှိတော့ ကွန်ပျူတာတွေလည်း ဈေးသိပ်အများကြီး ကျစရာမရှိတော့ဘူးလို့တွက်ပြီး သင်တန်းတွေက ဝယ်နေကြတယ်။ အရင်နှစ်တွေဆိုရင်တော့ ဇွန်လဆန်းမှာကတည်းက ဝယ်ပြီးကြပြီ။ ဒီနှစ်တော့ အခုမှဈေးငြိမ်လာလို့ နည်းနည်းပြန်အဝယ်လိုက်လာတာ"ဟု ဆိပ်ကမ်းသာလမ်းမှ ကွန်ပျူတာအရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

မိုဘိုင်းဖုန်း ဟန်းဆက်များမှာမူ ကျပ် ၈ သိန်းအထက်ရှိ တန်ဖိုးမြင့်ဟန်းဆက်အချို့ ယခုရက်အတွင်း ဈေးအနည်းငယ် တက်သွားပြီး တန်ဖိုးသင့် ဟန်းဆက်များမှာမူ ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။ "နောက်ဆုံးပေါ် iPhone 6 တွေက ဈေးနည်းနည်းတက်တယ်။ ကျန်တဲ့ အလယ်အလတ်တန်းက လူသုံးများတဲ့ဖုန်းတွေကတော့ ဈေးငြိမ်နေတာကြာပါပြီ။ ဆမ်ဆောင်း Galaxy Edge တွေတောင် ဈေးငြိမ်နေတယ်"ဟု ပြောသည်။ ဇူလိုင် ၂၀ ရက်တွင် ကျပ် ၈၆၀၀၀၀ ခန့်ရှိခဲ့သည့် Iphone6+(16Gb) သည် ဇူလိုင် ၃၀ ရက်တွင် ကျပ် ၈၈၀၀၀၀ ကျော်အထိ ရှိလာပြီး Iphone6+ (128 Gb)သည် ကျပ် ၁၁၃၅၀၀၀ မှ ကျပ် ၁၁၄၅၀၀၀ ခန့်အထိ ရှိလာကြောင်း သိရသည်။ ဆမ်ဆောင်း၏ မော်ဒယ်မြင့်ဖုန်းများဖြစ်သော Galaxy S6 Edge မှာမူ ဈေးမပြောင်းဘဲ 64Gb က ကျပ် ၁၀၀၀၀၀၀ နှင့် 32Gb က ကျပ် ၈၆၉၀၀၀ ခန့် ရှိနေကြောင်း သိရသည်။

ကွန်ပျူတာ၊ မိုဘိုင်းဖုန်းဈေးကွက်သည် ဒေါ်လာဈေးအပေါ်မူတည်၍ အတက်အကျဖြစ်လေ့ရှိသော်လည်း ယခုရက်ပိုင်းအတွင်း ဒေါ်လာဈေးမှာ ဆက်၍တည်ငြိမ်နေဖွယ်ရှိသဖြင့် ကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများနှင့် ဆက်စပ်ပစ္စည်းများအနေဖြင့် ဆက်လက်ဈေးတက်နိုင်ဖွယ်မရှိသလို သိသိသာသာကျဖွယ်လည်းမရှိကြောင်း ရန်ကုန်မြို့ရှိ ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းဈေးကွက်မှ သိရသည်။

**သူရဖြိုး**

## နည်းပညာသတင်းတိုများ

### ကွန်ပျူတာပညာရေးလမ်းကြောင်းများ ဟောပြောပွဲကျင်းပမည်

တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ထားပြီးသူ လူငယ်များအတွက် ကွန်ပျူတာဆိုင်ရာ ပညာရပ်များကို လေ့လာသင်ယူရာတွင် အထောက်အကူဖြစ်စေရန်နှင့် နိုင်ငံတကာတွင် အလုပ်အကိုင်ရရှိနိုင်မှုအခြေအနေများကို သိရှိနိုင်စေရန်အတွက် ကွန်ပျူတာပညာရေးလမ်းကြောင်းများနှင့် နိုင်ငံတကာ အလုပ်အကိုင်အခွင့်အလမ်းများခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ဩဂုတ် ၈ ရက် စနေနေ့ နေ့လယ် ၂ နာရီမှ ၅ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park Conference Hall ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ဟောပြောပွဲသို့ မည်သူမဆို အခမဲ့တက်ရောက်ဆွေးနွေးနိုင်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် ကျောင်းသားမိဘများ တက်ရောက်သင့်ကြောင်း သိရသည်။ **သူရဖြိုး**

### မိုဘိုင်းဖုန်းနည်းပညာသစ်များ ဟောပြောပွဲကျင်းပမည်

ဖုန်းပြုပြင်နည်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသည့်လူငယ်များ အထောက်အကူဖြစ်စေရန်အတွက် မိုဘိုင်းဖုန်းနည်းပညာသစ်များခေါင်းစဉ်ဖြင့် ဟောပြောပွဲကို တာမွေမြို့နယ် သမိန်ဗရမ်းလမ်းရှိ မိုးထက်ယံမိုဘိုင်းဖုန်းသင်တန်းက ဩဂုတ် ၂ရက် တနင်္ဂနွေနေ့တွင် ပြုလုပ်မည်ဟု သိရသည်။

လူငယ်များအနေဖြင့် မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းများ မတက်ရောက်မီ သိရှိသင့်သည့်အချက်များ၊ သင်တန်းများမှ ရွေးချယ်တက်ရောက်သင့်သည့် သင်တန်းများအကြောင်းကို ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။ ဟောပြောပွဲကို နေ့လယ် ၁ နာရီမှ ၃ နာရီအထိ ပြုလုပ်မည်ဖြစ်ပြီး ဟောပြောပွဲ တက်ရောက်ရန်အတွက် ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ကြောင်းနှင့် မိုးထက်ယံ မိုဘိုင်းဖုန်းသင်တန်း ဖုန်း ၀၉၂၅၂၃၈၉၅၆၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

## အရှေ့ကင်မရာ ဖလက်ရှ်မီးပါသည့် ဆမ်ဆောင်းဟန်းဆက်မော်ဒယ်သစ်နှစ်မျိုး ပြည်တွင်းဈေးကွက်၌ စတင်ဝယ်ယူနိုင်

**ရန်ကုန် ဇူလိုင် ၃၁**




ဆမ်ဆောင်း၏ Galaxy J ဟန်းဆက်စီးရီးစ်မှ နောက်ဆုံးထွက်ဖုန်းနှစ်မျိုးဖြစ်ပြီး ရှေ့ကင်မရာတွင် ဖလက်ရှ်မီးပါသည့် Galaxy J5 နှင့် Galaxy J7 ဖုန်းမော်ဒယ်သစ်နှစ်မျိုးကို ပြည်တွင်းဈေးကွက်တွင် စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဖုန်းနှစ်မျိုးလုံးတွင် Android 5.1(Lollipop)ပါဝင်ပြီး ရွှေရောင်၊ အနက်ရောင်နှင့် အဖြူရောင်များ ရရှိနိုင်မည်ဖြစ်သည်။ အရွယ်အစားအနေဖြင့် J7 က ၅ဒသမ ၅ လက်မ မျက်နှာပြင်ရှိကာ J5 က ၅ လက်မ မျက်နှာပြင်ဖြစ်သည်။ ဖုန်းနှစ်မျိုးလုံးတွင် ၁၃ မဂ္ဂါပစ်ဇယ်နောက်ကင်မရာ၊ Ram 1.5 GB နှင့် မင်မိုရီ 16 GB ပါဝင်ပြီး မင်မိုရီကို 128GB အထိ ထပ်တိုးအသုံးပြုနိုင်သည်။ ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပြီး ကွန်ယက်ချိတ်ဆက်မှုအနေဖြင့် 3G နှင့် LTE ကွန်ယက်ချိတ်ဆက်မှုများအထိ ရရှိနိုင်သည်။

ကောင်းမွန်သော Selfie ပုံများ ရိုက်ကူးနိုင်ရန် ၅ မဂ္ဂါပစ်ဇယ်ရှိ ရှေ့ကင်မရာပါဝင်ကာ အရှေ့ကင်မရာတွင် ဖလက်ရှ်မီးပါသည့် ဆမ်ဆောင်း၏ ပထမဆုံး ဖုန်းမော်ဒယ်ဖြစ်ပြီး ဓာတ်ပုံရိုက်ပြီးလျှင် မျက်နှာနှင့် အသားအရေများကို ပြန်လည်ပြုပြင်အလှဆင်နိုင်မည့် Beautification Application ကို ထည့်သွင်းပေးထားသည်။ မြန်မာနိုင်ငံမှ အသုံးပြုသူများအနေဖြင့် သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန် J5 ကို ၁၈၉ ဒေါ်လာသတ်မှတ်ထားပြီး J7 ကို ၂၃၉ ဒေါ်လာသတ်မှတ်ထားကြောင်း သိရသည်။

**သွန်းဝသန်**


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ဆေးရုံကြီး တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် လိုအပ်သော ပစ္စည်းများအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(၂) အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူရန် ၃-၈-၂၀၁၅ရက်မှ ၁၆-၈-၂၀၁၅ရက်အထိ

(ခ) တင်ဒါတင်သွင်းရန် ၁၇-၈-၂၀၁၅ရက် ညနေ ၄နာရီ

(ဂ) တင်ဒါလျှောက်လွှာရယူရန်နေရာ ခုတင်(၅၀၀)ဆံ့ဆေးရုံကြီး တည်ဆောက်ရေးကော်မတီရုံး၊ မုံရွာပြည်သူ့ဆေးရုံကြီး၊ မုံရွာမြို့။

(၃) အသေးစိတ်အချက်အလက်များသိရှိလိုပါက ခုတင်(၅၀၀)ဆံ့ဆေးရုံကြီး တည်ဆောက်ရေးကော်မတီရုံး၊ မုံရွာမြို့ ဖုန်း-၀၉-၄၅၈၀၄၁၄၃၅၊ ၀၉-၂၁၃၂၄၂၇ တို့ထံသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၈၉၇၊ အကျယ်အဝန်း ပေ(၄၀×၆၀)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၈၉၇၊ ပေါ်ဦးလမ်းနှင့် ဗိုလ်လင်းယုန်လမ်းထောင့်၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဗိုလ်မှူးစိန်ဝင်း (MMO-၂၁၈၀၂၉) ၁၂/အစန(နိုင်)၂၁၈၀၂၉ အမည်ပေါက်ဖြင့် မှတ်သားထားရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်မျိုးမြင့် ၇/တငန (နိုင်)၂၀၀၈၂၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ထက်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်နိုင်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၆၆)**
**အမှတ် ၃၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၁၅၁၀၂၅**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၅၉၁၇၆ ဟွန်ဒါဝေ့(ဗ်) S 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းထိုက် ၁၀/မလမ(နိုင်)၁၂၂၈၇၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၆၇၇၄၁ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လေးမြင့်ဇော် ၈/တတက(နိုင်)၁၄၄၄၁၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး (မကွေး)**

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ချိုမာလွင် ၁၂/သကတ(နိုင်)၁၅၆၅၈၈ ထုတ်/သွင်းပါမစ် I.S.P IDV 8.15.16 7042(1-6-15) ID(N) 730889(13-7-15) စာရွက်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပါရန်။

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၉၃မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၇)ထပ်တိုက်မှ တိုက်အမှတ်-၉၃၊ မြေညီ(ခြေရင်းခန်း)၊ အကျယ် (၁၂ပေခွဲ × ၅၀ပေ) အကျယ်ရှိ တိုက်ခန်းကို ဒေါ်နန်းကြာ(၁၃/မဆတ(နိုင်)၀၀၈၉၀၈)က အဆင့်ဆင့်ဝယ်ယူ၍ လက်ရောက်ရရှိပိုင် ဆိုင်ခဲ့ကြပါသည်။ ထိုသို့ပိုင်ဆိုင်ခဲ့သူ ဒေါ်နန်းကြာက ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစား ခွင့်အရပ်ရပ်တို့အား ၎င်းတစ်ဦး တည်းသာလျှင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်း လှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက် သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်နိုင်
LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၈၅၅)
Ph-095061037

ဒေါ်ကေသီကျော်
LL.B, D.B.L, D.I.L, D.M.L
အထက်တန်းရှေ့နေ(စဉ်-၃၃၁၀၆)
Ph-095506143

အမှတ်-၁၆၂/၁၇၂(၃၆)လမ်း(အလယ်/မြေညီ)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းတွင်နေထိုင်သူ ဦးမြဝင်း ၁၂/ပဇတ(နိုင်)၀၂၂၈၇၂နှင့် ဒေါ်ဌေးကြည် ၁၂/ပဇတ(နိုင်)၀၂၂၈၆၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်ဦးမြဝင်းနှင့် မိခင်ဒေါ်ဌေးကြည်တို့၏သားငယ် မောင်ရန်နိုင်(ခ)မောင်ဝေယံထက်မြတ် ၁၂/ပဇတ(နိုင်)၀၃၀၇၁၂သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခြင်း၊ မိဘများအား စိတ်သောကရောက်စေသောကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်နေပါ၍ ယခုအခါ မိဘများမှ ခွင့်မလွှတ်နိုင်သောအဆင့်သို့ ရောက်ရှိနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စ၊ အခြားကိစ္စအဝဝကို မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**(ရုံး)ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၉၉၈၄၀ ဟွန်ဒါဝေ့(ဗ်) 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လေး ၁၀/သဖရ(နိုင်)၁၃၁၆၄၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

### အမည်ပြောင်း

ဦးစိုးထိုက်ကို-ဒေါ်အေးအေးလှိုင်တို့၏သား ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့၊ (၃)ရပ်ကွက်နေ မောင်ထက်ဦးဝေအား ယနေ့မှစ၍ မောင်စစ်ထူးလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စစ်ထူးလွင်**

### အကြောင်းကြားပေးပါရန်

ကျွန်တော်သက်ပိုင်ထွန်း ၇/တငန(နိုင်)၁၂၈၅၃၈ ၏ ပတ်စ်ပို့အမှတ် MO၆၉၂၃၈ မှာ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက ဖုန်း-၀၉-၂၅၂၂၀၇၃၀၆ ထံသို့ အကြောင်းကြားပေးပါရန်။ **မောင်သက်ပိုင်ထွန်း**

## ကံ့ကော်ရိပ် သင်ရိုးသစ်

ပထမတန်းမှ အဋ္ဌမတန်းအထိ ဘာသာစုံသင်ရိုးကုန် စာအုပ်များ

မြန်မာစာသင်ရိုးကုန်
ဒေါက်တာမော်နှင့်အဖွဲ့.
အင်္ဂလိပ်စာသင်ရိုးကုန်
ဦးတင်ထွန်း (B.A- English)
သင်္ချာသင်ရိုးကုန်
ဦးအောင်မျိုး (M.Sc-Maths.)
ဒေါ်မိမိလေး M.Sc.(Maths.), D.A.C(Credit)
သမိုင်းသင်ရိုးကုန်
ဒေါက်တာမော်နှင့်အဖွဲ့.
ပထဝီသင်ရိုးကုန်
မေမြင့် (ရန်ကုန်တက္ကသိုလ်)
သိပ္ပံသင်ရိုးကုန်
ဒေါက်တာဦး (ရန်ကုန်တက္ကသိုလ်)

မှန်/မှား၊ အမှန်ရွေး၊ ယှဉ်တွဲဖြေ၊ ကွက်လပ်ဖြည့်၊ မှတ်စုတို၊ မှတ်စုရှည် မေးခွန်းပုံစံသစ်အတိုင်း အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြီးပြည့်စုံအောင်စီစဉ်ထားပါသည်။

ပြည်လုံးကျွတ်ဖြန့်ချိရေး — ကေရီစာပေ၊ ရန်ကုန်မြို့။
ဖုန်း—၀၉ ၇၃၀၅၁၁၁၄၊ ၀၉ ၅၁ ၂၉၆၇၀၊ ၀၉ ၅၅၀၁၁၅၄
အမြို့မြို့အနယ်နယ်ရှိ ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

## ဘောဂဗေဒ

၂၀၀၂ခုနှစ် မှ ၂၀၁၅ခုနှစ်အထိ စစ်မေးခဲ့သော မေ့မှတ်ဖွယ်ရာ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ မေးခွန်းတို/ရှည် နှင့်

## ကံ့ကော်ရိပ် တက္ကသိုလ်ဝင်တန်း

## တွက်ချက်မှုများ

ဦးလှသိန်း (ဘောဂဗေဒ)စီးပွားရေးတက္ကသိုလ်

## OLD QUESTIONS

၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာမေးခွန်းဟောင်းများမှ (Essays & Letters) များကို စံပြဖြေဆိုပေးထားပါတယ်။

*ESSAYS & LETTERS FOR DISTINCTION STUDENTS*

U.T.T.

ကေရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း—၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁ ၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄
အမြို့မြို့အနယ်နယ်ရှိဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

## စိုးဇင်စာပေ၏စာအုပ်အမှတ် (၁၉)



ဒေါက်တာစိုးလှိုင်
မိန်းမသားတို့ဘဝမှာ မရှိမဖြစ်အရေးပါ အဲဒါဝမ္မတာ
ထွက်ပြီ
Tel:01 228297, 09 5049783, 09 450040767

A leading Indian company doing business with Myanmar for 20 years is looking for a Retired GM or senior for representation in Myanmar , from the Department of Electricity & Procurement (DP). Call 9420157325.

### ဖခင်အမည်မှန်

တောင်ဥက္ကလာပမြို့နယ်၊ OiAC ကိုယ်ပိုင်အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးဖြစ်သော မောင်မြို့ဇော်ဟိန်း ၏ ဖခင်အမည်မှန်မှာ ဦးမြတ်ရှိ(ခ)ဦးမျိုးအောင် ဖြစ်ပါကြောင်း။

ဦးမြတ်ရှိ(ခ)ဦးမျိုးအောင်
(၁၂/ဥကမ(နိုင်)၀၀၈၇၃၉)

## အောင်ကြီး Mobile

– အထူးအစီအစဉ်အဖြစ်တန်ဖိုးတစ်သိန်းကျော်အထက် Handset များအား တစ်လုံးဝယ်ယူခြင်းဖြင့် **တန်ဖိုးမနည်းသော** လက်ဆောင်ရယူပါ။
– လူကြီးမင်းတို့၏ Mobile Phone ချို့ယွင်းမှုများအားအကောင်းဆုံးဖြစ်အောင်ပြင်ဆင်ပေးပါသည်။
– 20, 47, 49, 68, 73, 91, 50, 444, 43 ကဒ်များအား ရောင်းချ / ဝယ်ယူ / လဲလှယ် / ပျောက်ပျက်လျှောက်ထားခြင်းများ အဆင်ပြေဆုံး ဖြစ်အောင် ဆောင်ရွက်ပေးပါသည်။ နံပါတ်အလှပေါ်လိုက်၍ ဈေးနှုန်းပိုပေးသည်။ လိုင်းကဒ် ရောင်းရင် အင်ကြင်းမှာ အရင်မေးမှ ဈေးမှန်သိမည်။
– နယ်ဆိုင်များအား Handset နှင့်ငွေဖြည့်ကဒ်များအား ကားဂိတ်အရောက်ပို့ပေးပါသည်။ နံပါတ်အလှများအား IG Sim Card (FACEBOOK PAGE) တွင်ကြည့်ရှုနိုင်ပါသည်။
– ဝယ်ဖို့အစီအစဉ်မရှိရင်တောင် တစ်ခေါက်လောက်တော့လာရောက်လေ့လာစေချင်ပါသည်။

ရန်ကုန်–အမှတ်(၄၅၄)၊ကုန်သည်လမ်း၊ဗိုလ်ကလေးဈေးလမ်းနှင့်၄၃လမ်းကြား။၀၉–၂၅၃၄၀၇၇၇၀၊ ၀၉–၃၀၀၄၀၀၀၀
မန္တလေး–ဆိုင်(၁)–၇၈လမ်း၊၃၅×၃၆လမ်းကြား။၀၉–၄၄၄၀၁၇၇၇၀။ ဆိုင်(၂)–၄၁လမ်း×၈၇လမ်းထောင့်။၀၉–၄၅၀၀၅၇၇၇၀





### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ အထက(၁)မှ ၂၀၁၄-၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် မအိမ့်မွန်ကျော် ၅/ကဘလ(နိုင်) ၂၀၆၆၁၀၏ဖခင်အမည်မှန် မှာ ဦးသိန်း ၅/ကဘလ(နိုင်)၀၄၂၈၈၀(ခ)ဦးစံသိန်း ဖြစ်ပါကြောင်း။

ဦးသိန်း(ခ)ဦးစံသိန်း

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/1523၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရမည်းသင်း)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၁၇၆၁၅ ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာလင်း ၁၀/ကထန(နိုင်)၁၁၆၆၀၁က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သထုံ)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၃၅၆၇ Honda Wave & 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသဇင်ဝင်း ၁၀/ကဇရ(နိုင်)၀၉၇၄၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၈၈၇၉၂ Yunde-110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးငြိမ်း ၁၃/လရန(နိုင်)၁၃၂၆၉၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/8688 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**


SUZUKI
Way of Life!
Just Arrived!
နီးစပ်ရာအရောင်းကိုယ်စားလှယ်များထံတွင် ကားစမ်းသပ်မောင်းနှင်ရန် စာရင်းပေးသွင်းကြပါစို့
The Brand New
ERTIGA
PRICE
17,900 US$++
အရောင်းကိုယ်စားလှယ်များ
လွင်နှင့်စွမ်း မော်တော်
ကန်တော်ကလေးလမ်းနှင့်ဗိုလ်မင်းခေါင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၁-၂၅၂၃၈၈၊ ၂၅၃၁၈၃၊ ၀၁-၃၇၁၇၆၂၊ ၃၉၃၀၇၀၊ ၀၉ ၇၉၅၁၅၉၉၅၇
အောင် မော်တော်
အမှတ် -၃၃၊ ပြည်လမ်း၊ ၇ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၆၆၇၉၁၆၊ ၆၅၅၈၁၃၊ ၀၁-၇၀၉၄၄၈၊ ၆၅၆၂၀၀
မျိုး မော်တာ
အမှတ် - ၁၉၂/၂၄၈ (ခ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၄၀၀၁၂၃၊ ၄၀၀၃၉၉၊ ၀၁-၅၅၆၆၈၅၊ ၅၄၆၃၄၅
ရဲနဒီ မော်တော်
အမှတ်-(၅၀၊၅၁)၊ ဗိုလ်ချုပ်အောင်ဆန်း လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၂၀၁၆၁၉ (Hot Line)၊ ၀၁-၂၀၂၁၄၃၊ ၀၁-၂၉၆၆၀၅၊ ၀၁-၂၉၇၂၁၄
အေအိုင်ဂျီ မော်တော်
၆/၂ သိပ္ပံလမ်း၊ ၆၀ X ၆၁ လမ်းကြား၊ ချမ်းမြေသာစည်မြို့နယ်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၇၃၀၄၀၃၆၆ ၊ ၀၉ ၇၃၀၄၀၃၇၇
Granite Grey Metallic (ZTN)
Superior White (26U)
Ecru Beige Metallic (ZPY)


Gold Roast COFFEE MIX
DRINK & WIN LUCKY DRAW
BELTA ကား (၂) စီးအပါအဝင်
ငွေကျပ် ၅၀၀ မှစတင်၍ ငွေကျပ် ၁၀ သိန်းအထိ
ဆုမဲပေါင်းများစွာက သင့်ကိုစောင့်ကြိုနေပါတယ်။
www.facebook.com/GoldRoastMyanmar
ပရိုမိုးရှင်းကာလ - July 2015 to October 2015
(ဆုမဲများကို ၃၀.၁၁.၂၀၁၅ ထိ နောက်ဆုံးထား၍ ထုတ်ယူနိုင်ပါသည်)
BELTA ကားများ ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး
Gold Roast COFFEE MIX
50 sachets
(၁၀) သိန်းဆု ကံထူးရှင်
ကိုဂျေးမောင်
ရန်ကုန်မုန့်ဆိုင်၊ လားရှိုးမြို့
(ကွဲပြားမှုရှိနိုင်သည်။)


C B BANK
Golden
ဝင်းလဲ့ချယ်ရီ
နှလုံးသားရဲ့ဆုပန်ကလျာ
MYANMAR MUSIC NETWORK
တေးရေး - နှလုံးသား ရဲ့ကိုယ်ပိုင်မြန်မာသံစဉ်တေးသစ်များ
ဂီတမှူး - အာကာယ်ဒမီ မီရာမိုရ်၊ သျှန်ထွက်း (မြန်မာ)၊ ဧဏယျာမင်း
Mixing & Mastering : Min Sat Paing / Studio : PRO
www.facebook.com/MyanmarMusicNetwork - www.myanmarmusicnetwork.com
SU PAN KALYAR
1.8.2015
ထွက်ပြီ။
Pro music
Photo Naing Naing(N2), Design Min Min Han
COMPACT DISC DIGITAL AUDIO

## အိတ်ဖွင့်စျေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါသိုလှောင်ရုံ (၁၈)လုံးနှင့် အခန်း (၁)ခန်းတို့အား စျေးပြိုင်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်း (၆)လတစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

**(က) ရန်ကုန်တိုင်းဒေသကြီး၊ ရုံးချုပ်မှ သိုလှောင်ရုံ (၃)လုံး**

Lot(1) (၁)သိုရုံ-၁၅/၁၆(၂)လုံးတွဲ (၁)လုံး၊ (၁၂၀'×၆၀'×၂၀')(သွပ်၊ သွပ်၊ ကွန်) နာဂသိုလှောင်ရုံအုပ်စု (၁)၊ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်

Lot(2) (၂)သိုရုံ-၁၇/၁၈(၂)လုံးတွဲ (၁)လုံး၊ (၁၂၀'×၆၀'×၂၀')(သွပ်၊ သွပ်၊ ကွန်) နာဂသိုလှောင်ရုံအုပ်စု (၁)၊ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်။

Lot(3) (၃)သိုရုံ-၁၉/၂၀(၂)လုံးတွဲ (၁)လုံး၊ (၁၂၀'×၆၀'×၂၀')(သွပ်၊ သွပ်၊ ကွန်) နာဂသိုလှောင်ရုံအုပ်စု (၁)၊ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်

**(ခ) ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ (၁)လုံး**

Lot(4) (၁)သိုရုံ-၉(၈၀'×၃၄'×၁၄')(အင်္ဂတေ၊ သွပ်/အုတ်၊ကွန်) ဒေါပုံမြို့နယ်၊ စတီးဝင်း

**(ဂ) မွန်ပြည်နယ်မှ သိုလှောင်ရုံ (၁)လုံး**

Lot(5) (၁)က-၂(၈၀'×၄၀'×၁၂')(သွပ်၊ပျဉ်၊အင်္ဂတေ)မုဒုံမြို့၊မြို့မ (၃)ရပ်ကွက်

**(ဃ) ဧရာဝတီတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၁၃)လုံးနှင့် အခန်း (၁)ခန်း**

Lot(6) (၁)မြဲ-၁ (၁၄၄'×၅၁'×၁၃')(သွပ်၊ ပျဉ်၊ ပျဉ်) ဧရာဝတီဝင်း၊ ညောင်တုန်းမြို့။

Lot(7) (၂)ထုပ်ပိုးပစ္စည်းသိုလှောင်ရုံ (၈၀'×၆၀'×၁၆')(သွပ်၊ သွပ်၊ ကွန်) မြို့နယ်ရုံးဝင်း၊ မအူပင်မြို့။

Lot(8) (၃)စက်ပစ္စည်းသိုလှောင်ရုံ (၈၀'×၂၅'×၂၀')(သွပ်၊ သွပ်၊ ကွန်) မြို့နယ်ရုံးဝင်း၊ မအူပင်မြို့။

Lot(9) (၄)မြဲ-၂ (၅၀'×၃၀'×၁၄')(သွပ်၊ ပျဉ်၊ ပျဉ်) လပွတ္တာမြို့၊ (၅)ရပ်ကွက်။

Lot(10) (၅)မြဲ-၂၈(၁၀၀'×၄၀'×၁၅')(သွပ်၊ အုတ်၊ ကွန်) ပုသိမ်၊ ဆပ္ပလိုင်းကုန်း။

Lot(11) (၆)မြဲ-၁ (၈၀'×၄၀'×၁၂')(သွပ်၊ ထရံ၊ ထရံ) ကန်ကြီးထောင့်မြို့နယ်၊ ကျိုက်လတ်။

Lot(12) (၇)မြဲ-၂ (၈၀'×၄၀'×၁၂')(သွပ်၊ ထရံ၊ ထရံ) ကန်ကြီးထောင့်မြို့နယ်၊ ကျိုက်လတ်။

Lot(13) (၈)မြဲ-၂ (၁၄၄'×၅၀'×၁၄')(သွပ်၊ ပျဉ်၊ ပျဉ်) သာပေါင်းမြို့နယ်၊ တောင်ကလေး။

Lot(14) (၉)မြဲ-၃ (၁၄၄'×၅၀'×၁၄')(သွပ်၊ ပျဉ်၊ ပျဉ်) သာပေါင်းမြို့နယ်၊ တောင်ကလေး။

Lot(15) (၁၀)မြဲ-၄ (၇၂'×၅၀'×၁၄')(သွပ်၊ ပျဉ်၊ ပျဉ်) သာပေါင်းမြို့နယ်၊ တောင်ကလေး။

Lot(16) (၁၁)ပက်စဖီး-၂ (၁၄၂'×၄၄'×၁၄')(သွပ်၊ သစ်၊ သစ်) ကျုံပျော်မြို့နယ်၊ ပင်လုံရပ်ကွက်။

Lot(17) (၁၂)ပက်စဖီး-၃ (၁၄၂'×၄၄'×၁၄')(သွပ်၊ သစ်၊ သစ်) ကျုံပျော်မြို့နယ်၊ ပင်လုံရပ်ကွက်။

Lot(18) (၁၃)ပက်စဖီး-၄(၁၄၂'×၄၄'×၁၄')(သွပ်၊ သစ်၊ သစ်) ကျုံပျော်မြို့နယ်၊ ပင်လုံရပ်ကွက်။

Lot(19) (၁၄)ပဆ-၈၄၉၅၈/၁၂၊ (၂)ထပ်၊ (၂၀'×၆၀'×၂၀')(သွပ်၊ ကွန်၊ ကွန်)၊ ပဆ-၈၄၉၅၉/၁၂၊ ပဆ-၈၄၉၆၀/၁၂၊ (၃၀'×၃၀'×၁၀')(သွပ်၊ ကွန်၊ ကွန်)၊ မအူပင်မြို့၊ တေဇလမ်း၊ ၃ရပ်ကွက်။

(င) တင်ဒါပုံစံရောင်းချမည့်ရက် -၃-၈-၂၀၁၅ရက်မှ ၁၁-၈-၂၀၁၅ထိ
အချိန် -နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ

(စ) တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း -၁၃-၈-၂၀၁၅ရက် ၁၂း၀၀နာရီ

(ဆ)တင်ဒါပိတ်မည့် ရက်/အချိန် - ၁၃-၈-၂၀၁၅ရက် မွန်းလွဲ ၁၃း၀၀နာရီ

(ဇ) တင်ဒါပုံစံရောင်းချမည့်နေရာ - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ အမှတ်(၂၆၈/၃၁၄)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။
တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အမှတ်(၂၂၈/၂၄၀)ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊
တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့၊
ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

(ဈ) Deposit ပေးသွင်းရမည့်နေရာ - ပေးသွင်းရမည့်Depositငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကို ဌာန၏ငွေသွင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် ပေးသွင်းရမည် ဖြစ်ပါသည်။

(ည)စာရင်းပေးသွင်းရမည့်နေရာ - ရုံးအမှတ် (၅၂)၊ နေပြည်တော်

(ဋ) တင်ဒါတင်သွင်းရမည့်နေရာ -စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ (၁၈)လုံး၊ အခန်း (၁)ခန်းတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၂၂၂၄၈၊ ၀၁-၂၁၆၄၂၀၊ ၀၄၂-၂၄၅၂၃၊ ၀၅၇-၂၄၃၁၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၃၈၂၄)၊ ဧရိယာ ၀ဒသမ ၁၁၀၈ဧက ဦးမြင့်သိန်းအမည်ပေါက် နှစ်၃၀ အငှားဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၅၈/၂၀၁၅)ဖြင့် အမည်ပေါက် ဦးမြင့်သိန်းမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဒေါ်ယဉ်မေသန်း ၉/သစန(နိုင်)၀၉၃၀၁၂ (ဘ) ဦးကံညွန့် မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၁။ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ ရာဇဌာနီလမ်း၊ မြေကွက်အမှတ် (၁၀၂၂)အား ဒေါက်တာအေးကိုကို (ဘ) ဦးလှစိန် ၄/ကပလ(နိုင်)၀၀၉၁၈၃ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်အား လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါက်တာအေးကိုကိုမှ ၎င်းမြေကွက်၏ မြေပေးမိန့်မူရင်းပျောက်ဆုံးသွားပါ၍ မြေပေးမိန့်မိတ္တူမှန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မြေပိုင်ဆိုင်မှုအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဒေါက်တာအေးကိုကို အမည်ပေါက်မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာလျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်သော Transmission Line Maintenance များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၁-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## စျေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သဇင်ရုံလမ်း၊ နာဂလှိုဏ်ဂူ သိုလှောင်ရုံဝင်းရှိ သိုလှောင်ရုံများတွင်သိုလှောင်ထားသော လျှပ်စစ်ပစ္စည်း(၄)မျိုးနှင့်မော်တော်ယာဉ်ဌာနစု(စွယ်တော်)ရှိ စာရင်းဇယားပုံစံအဟောင်း(၂၅)မျိုးတို့အား စျေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **လျှပ်စစ်ပစ္စည်း(၄)မျိုး**

Lot(1) (၁)လျှပ်စစ်ပစ္စည်း(၂)မျိုး
Lot(2) (၂)လျှပ်စစ်ပစ္စည်း(၂)မျိုး
Lot(3) (၃)စာရင်းဇယားပုံစံအဟောင်း(၂၅)မျိုး

(ခ) **တင်ဒါရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ ရက်မှ၁၂-၈-၂၀၁၅ ရက်အထိ
- ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ

(ဂ) **တင်ဒါစည်းကမ်းရှင်းလင်းမည့်ရက်/အချိန်** - ၁၃-၈-၂၀၁၅ ရက်၊မွန်းတည့် ၁၂း၀၀နာရီ

(ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၈-၂၀၁၅ ရက်၊ ၁၃း၀၀နာရီ

(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန စီမံရေးရာဌာနခွဲ၊ အမှတ်(၂၆၈/၃၁၄)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(စ) **Deposit ပေးသွင်းရမည့်နေရာ** - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကို (P.O) Cheque ဖြင့်ဖော်ပြပါ မြန်မာနိုင်ငံသားများဘဏ်(နေပြည်တော်၊ရန်ကုန်)တို့တွင် ဝယ်ယူပေးသွင်းရမည်ဖြစ်ပါသည်။

(ဆ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် (၅၂)နေပြည်တော်

(ဇ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်၃၊ နေပြည်တော်

၂။ အဆိုပါပစ္စည်းများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီးအသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံ ဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ဖုန်း-၀၁-၂၂၂၂၄၈၊ ၀၁-၂၁၆၄၂၀၊၀၁-၂၉၂၅၄၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

### မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း မှ မလေးရှားနိုင်ငံတွင်ကျင်းပမည့်CAFEO-33သို့ တက်ရောက်ရန် ဖိတ်ခေါ်ခြင်း

၂၀၁၅ခုနှစ်၊နိုဝင်ဘာလ(၂၂)ရက်မှ(၂၆)ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ပီနန်မြို့တွင် ကျင်းပမည့် 33rd Conference of the ASEAN Federation of Engineering Organizations (CAFEO-33) ညီလာခံသို့ တက်ရောက်လိုသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ အသင်းဝင်များနှင့် CMC Company အသင်းဝင်များသည် ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ( ၃၀ )ရက်နေ့ နောက်ဆုံးထားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ တက္ကသိုလ်များ(လှိုင်နယ်မြေ)၊ လှိုင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း ၀၁-၅၁၉၆ရ၆ (လိုင်းခွဲ-၂၁၃)၊၀၁-၅၁၉၈၅၄သို့ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### သန်လျင်မြို့နယ်တရားရုံးတော်၌
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂ နှင့်ဆက်နွှယ်သည့်
### ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၄

ဒေါ်လဲ့လဲ့ဝင်း နှင့် ဒေါ်သန်းခင်
**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကျိုက်အင်းကျေးရွာနေ ဒေါ်သန်းခင် သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်လဲ့လဲ့ဝင်းက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၁၇ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ရှမ်းပြည်နယ်မှ(၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ(HDPE GI & PVC) များအား လုပ်ငန်းခွင်အရောက်မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၈-၂၀၁၅ ရက်

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၈၅၇၇ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP (ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.13/HPGE/15-16 [ RT HF SSB Transceiver (3)Sets, VHF Mobile Terminal (3)Sets, VHF Hand Set (25)Sets ဝယ်ယူခြင်း]

၂။ Tender No-13 ၏ တင်ဒါပိတ်ရက်မှာ ၁၈-၈-၂၀၁၅ ရက်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈**

## အိတ်ဖွင့်တင်ဒါ Open Tender လျှောက်လွှာခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အရှေ့ပိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ (လမ်းဦးစီးဌာန)၊ တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၃)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မိုင်းပြင်း-မက်မန်းလမ်း (မိုင် ၂၃/၀-၅၃/၀=၃၀ မိုင် အပိုင်း)၊ လမ်း/တံတားလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော ဘိလပ်မြေ၊ သံချောင်းလုံး ရွယ်စုံ ခွဲကျောက်ရွယ်စုံ၊ သံများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပုံစံအရောင်းပိတ်မည့်ရက်** - ၁၄-၈-၂၀၁၅ ရက် ၁၂း၀၀ နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၇-၈-၂၀၁၅ ရက် ၁၀း၀၀ နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ** - မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ မက်မန်းမြို့၊ မက်မန်းခရိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)

၂။ လျှောက်လွှာပုံစံများအား ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၃)၊ ကျိုင်းတုံမြို့တွင် ရောင်းချမည်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၃)၊ ကျိုင်းတုံမြို့ ဖုန်း-၀၈၄-၂၁၆၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**မက်မန်းမြို့**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့၏မြောက်ဘက်(၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၏ 33kV &0.4kV Lin and Substation in EPC/ Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၁၄-၈-၂၀၁၅ ရက်၊ ၁၂း၀၀နာရီ
**တင်ဒါအဆိုပြုလွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၇-၈-၂၀၁၅ ရက်၊ ၁၃း၀၀နာရီ

၃။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းအောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊နေပြည်တော်**
**ဖုန်း-၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၉၃၂၂၇၈၄၊**
**၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၀၇၀၂၉၉၁**

### လသာလမ်းမြေညီထပ်ငှားမည်

လသာအထက်လမ်း၊ နေ့ညမပြတ်စည်ကား၊ (၁၂ပေခွဲ×ပေ၆၀) မြေညီထပ်၊ ပြင်ဆင်ပြီးနံရံအခင်း ကြွေပြားကပ်၊ လူနေ+လုပ်ငန်းရ၊ တစ်လ-၂၈သိန်း နှစ်ချုပ်ငှားမည်။

**ဖုန်း-၀၉-၅၀၂၀၈၀၀၊၀၉-၅၁၄၁၆၆၇**

### AA/---(CNG Taxi)

နေ့မောင်း (တစ်လက်ကိုင်)
အလိုရှိသည်။
(သုဝဏ္ဏ) ၁၃၀၀၀ိ/-
**ဖုန်း-၀၉-၂၅၂၂၀၉၇၇၂၊**
**၀၁-၂၃၀၁၅၆၇၊ ၀၉-၇၃၁၉၆၅၃၀**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန်အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### သန်လျင်မြို့နယ်တရားရုံးတော်၌
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇ နှင့်ဆက်နွှယ်သည့်
### ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၅

ဦးမြင့်ထွေး(ခ)ဝမ်ကျိန်းချန်း နှင့် ဒေါ်ခိုင်မာဝင်း
**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာနေ ဒေါ်ခိုင်မာဝင်း သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးမြင့်ထွေး(ခ)ဝမ်ကျိန်းချန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၁၇ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## စံရာအောင်မြေပဲခွယ်ကုန်းမဟာစည်ရိပ်သာ
## အဌမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ပဓာနနာယကပဲခွယ်ကုန်းဆရာတော် ဘဒ္ဒန္တစန္ဒာဝရ (မဟာကမ္မဋ္ဌာနာစရိယ)အမှူးပြုသောသံဃာတော်အရှင်သူမြတ်တို့အား အဌမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကို ၁၃၇၇–ခုနှစ်၊ဝါခေါင်လဆန်း(၁)ရက်(၁၆.၈.၂၀၁၅)တနင်္ဂနွေနေ့ နေ့လည်(၂း၀၀)နာရီ အချိန်တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကြပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။

- ဝါဆိုသင်္ကန်းတစ်စုံလျှင် ၅၀၀၀ ကျပ်နှုန်းဖြင့်လှူဒါန်းနိုင်ပါသည်၊
- နေ့ (၁း၀၀) နာရီ အချိန်မှစ၍ ပဓာနနာယကပဲခွယ်ကုန်းဆရာတော်ထံ အလှူရှင်များကိုယ်တိုင် ဝါဆိုသင်္ကန်းဆက်ကပ်နိုင်ရန် စီစဉ်ထားပါမည်၊
- ဝါတွင်းဥပုသ်နေ့များတွင် နံနက် (၉း၀၀)နာရီ နှင့် နေ့(၂း၀၀)နာရီ အချိန်တို့၌ ပဓာနနာယကဆရာတော်မှတရားဒေသနာတော်များဟောကြားတော်မူပါမည်၊

အကျိုးတော်ဆောင်အဖွဲ့

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊သရက်တောကျောင်းတိုက်၊ မမွှာရုံ ကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်း ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

| | |
|---|---|
| ၁။ ပြတင်းတံခါးတစ်ပေါက် | ၁သိန်း |
| ၂။ အခန်းတံခါး | ၂သိန်း |
| ၃။ ရေချိုးခန်း | ၃သိန်း |
| ၄။ ကုဋီတစ်ခန်း | ၅သိန်း |
| ၅။ အဝင်တံခါးမကြီးတစ်စုံ | ၇သိန်း |
| ၆။ သံကူကွန်ကရစ် လှေကားတစ်စုံ | ၉သိန်း |
| ၇။ သံဃာနှစ်ပါးနေ တစ်ခန်း | ၁၀သိန်း |
| ၈။ ရေတိုင်ကီတစ်လုံး | ၁၂သိန်း |
| ၉။ သံဃာလေးပါးနေတစ်ခန်း | ၂၀သိန်း |
| ၁၀။ မုခ်ဦး | ၃၀သိန်း |
| ၁၁။ ဘုရားခန်း | ၅၀သိန်း |
| ၁၂။ စာသင်ခန်းမဆောင် | ၁၀၀သိန်း |
| ၁၃။ ဆွမ်းစားဆောင် | ၃၅၀သိန်း |
| ၁၄။ ကျောင်းဆောင်တစ်ထပ် | ၁၀၀၀သိန်း |
| ၁၅။ ကွန်ကရစ်တိုင်တစ်လုံး | ၃သိန်း |
| ၁၆။ စာချဆရာတော်များနေ တစ်ခန်း | ၂၅သိန်း |
| ၁၇။ စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀သိန်း |
| ၁၈။ သံဃာတစ်ပါးနေရန် တစ်နေရာ | ၅သိန်း |

အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
မမွှာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း - ၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆

ဦးတေဇိန္ဒ - ကမ္ဘောဇဘဏ်၊ ဗဟိုစည်လမ်းမတော်
(Account No.061-301-06100921001)
ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account no.021-31-501798-9) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပဲခူးခရိုင်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆၉

ဗိုလ်မှူးချုပ်စိုးဝင်းမောင်(ငြိမ်း) **နှင့်** ဦးအောင်သန်းထွန်း
(၎င်း၏အခွင့်ရကိုယ်စားလှယ်
တပ်ကြပ်ကြီးအောင်နိုင်ဝင်း)

**တရားလို** **တရားပြိုင်**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်း ၂၄၊ မြို့ရှောင်လမ်း၊ အမှတ် ၁၀၁၆နေ ဦးအောင်သန်းထွန်း (ဘ)ဦးကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုပိုင်မြေကွက်အတွင်း ကျူးကျော်ဝင်ရောက်ဆောက်လုပ်ထားသော အဆောက်အအုံအား ဖျက်သိမ်း၍ လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၁၀ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းအေးမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့**

## မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးသင်းလုံးကျွတ် မျက်နှာစုံညီအထူးအစည်းအဝေး ကျင်းပမည်

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)၏ သင်းလုံးကျွတ်မျက်နှာစုံညီအထူး အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၃ရက်မှစ၍ နေပြည်တော်ရှိ အမျိုးသား စာကြည့်တိုက်၌ ကျင်းပသွားမည်ဟုသိရသည်။ အဆိုပါအထူးအစည်းအဝေး၌ လက်ရှိတာဝန်ထမ်းဆောင်နေသော အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်နှင့်ဘဏ္ဍာရေးရှင်းတမ်းများကို ဆွေးနွေးအတည်ပြုကြမည်ဖြစ်သည်။ ထို့ပြင် ၂၀၁၅ ခုနှစ် မတ်လက ကျင်းပခဲ့သော မြန်မာနိုင်ငံသဘင်ပညာရှင်များ တွေ့ဆုံညှိနှိုင်းပွဲက ဆွေးနွေးအတည်ပြုရန် ကျန်ရှိသေးသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အမှုဆောင်သက်တမ်းကို ဆွေးနွေးသတ်မှတ်ရွေးချယ်အတည်ပြုကြမည်ဖြစ်သည်။အမှုဆောင်သက်တမ်းသတ်မှတ် အတည်ပြုချက်အတိုင်း အထူးအစည်းအဝေး၌ ပြီးမြောက်အောင် ဆောင်ရွက်မည်ဟုသိရသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံတစ်ဝန်းရှိသဘင်ပညာရှင်များအားလုံးသည် အဆိုပါအစည်းအဝေးကြီးသို့ တက်ရောက်ကြပါရန်နှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)နှင့်အနုပညာဦးစီးဌာန၊ စီမံရေးရာဌာနခွဲသို့ ဆက်သွယ်စာရင်းပေးပို့နိုင်ပါသည်။

## ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူပွဲ

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)က ရန်ကုန်မြို့ရှိ ပန်းတောင်းမြို့နယ်ဖွားသံဃာတော်အရှင်သူမြတ်များကို အမှူးထား၍ (တတိယအကြိမ်) စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၀၉း၀၀နာရီတွင် တေဇေက္ကီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဇေယျာခေမာလမ်း၊ (ကျိုက်ဝိုင်းဘုရားလမ်း၊ ရဲဘော်ဟောင်းမှတ်တိုင်)တွင် ကျင်းပမည်ဖြစ်ပါသည်။ မြို့နယ်သူမြို့နယ်သားအားလုံး ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)**

## မုံလယ်ဝါတွင်းတရားစခန်းဖွင့်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ စာအောင်သံဃာဂုဏ်ပြုပူဇော်ပွဲ

မိုးကုတ်-ဝိပဿနာပြန့်ပွားရေး၊ မုံလယ်တောရဓမ္မရိပ်သာ၊ အမှတ်(၁)တိုက်ခွဲ၊ (၁၀)မိုင်ကုန်း၊ ပဲခူးမြို့တွင် ဝါတွင်းပထမပတ်ခုနစ်ရက်စခန်းကို ကျေးဇူးတော်ရှင် အဂ္ဂမဟာရှင်မဟာကမ္မဋ္ဌာနာစရိယမုံလယ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်မှ ၁၄ ရက်)အထိ ၈-၈-၂၀၁၅ ရက်မှ ၁၄-၈-၂၀၁၅ရက် အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများသည် အိပ်ရာလိပ်၊ အခင်း၊ အဝတ်အစား အပြည့်အစုံ၊ မှတ်ပုံတင်မူရင်းနှင့် ယောဂီတဘက်တို့ ယူဆောင်လျက် ၇-၈-၂၀၁၅ရက် နံနက် ၇ နာရီထက်မစော၊ ညနေ ၄ နာရီထက် နောက်မကျဘဲ တရားစခန်းသို့ ရောက်ရှိရပါမည်။ ဒုလ္လဘရဟန်း၊ သာမဏေနှင့်ဒုလ္လဘသီလရှင်များ လက်မခံပါ။

တရားစခန်း၏ ဆဌမနေ့ဖြစ်သော ၁၃-၈-၂၀၁၅ ရက်တွင် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို ပူးတွဲကျင်းပမည်ဖြစ်ရာ ဓမ္မမိတ်ဆွေများအား ကြွရောက်ကြည်ညိုနိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အကြောင်းစုံသိရှိလိုပါက ဖုန်း-၀၉-၈၆၅၀၉၄၇၊ ၀၉-၄၂၅၀၁၅၉၁၅၊ ၀၉-၅၀၇၉၂၄၃၊ ၀၉-၂၅၂၄၀၃၂၁၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)

**နဝမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ အသင်းဝင်များနှင့် မြို့နယ်သူ/နယ်သားများအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။**

နေ့ရက် – ၁၆–၈–၂၀၁၅(တနင်္ဂနွေနေ့)
အချိန် – နံနက်–၈း၃၀နာရီတိတိ
နေရာ – ရခိုင်ပြည်နယ်မွေးရုံ၊ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊အာဇာနည်လမ်း၊ဗဟန်းမြို့နယ်

၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများ အမည်စာရင်း ၊အမှတ်စာရင်း မိတ္တူနှင့် တကွကို ၁၂–၈–၂၀၁၅(ဗုဒ္ဓဟူးနေ့)မတိုင်မီ အောက်ပါ အမှုဆောင်များ ထံသို့ ဆက်သွယ်စာရင်းပေးကြပါရန်။

ဦးအေးမောင် (၀၉–၂၅၃၉၅၈၆၅၄) ဦးလှစိန်ဦး (၀၉–၄၂၀၀၄၉၀၉၁)
ဦးရွှေမောင်သာ (၀၉–၅၁၆၁၁၇၇) ဦးစောသိန်း (၀၉–၄၂၀၀၁၀၃၄၀)

## ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့်နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ရေဦးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ရာ အသင်းသူ/အသင်းသားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**ကျင်းပမည့်ရက်** - ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်၊ ၉-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
